မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၈၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

(၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်

ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းများ ဆောင်ရွက်သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ (၆၅)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာပြီး အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့အမျှဝေပြီး နှစ်မိနစ် ငြိမ်သက်စွာနေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၈ နာရီ ၁၀ မိနစ်တွင် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ဂူဗိမာန်များ၌ လွှမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က လွှမ်းသူ့ပန်းခြင်းချ၍လည်းကောင်း၊ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား ဦးလှဖေက လွှမ်းသူ့ပန်းခွေချ၍လည်းကောင်း အလေးပြုပြီး ကန်တော့ကာ မေတ္တာပို့အမျှပေးဝေကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ ပြည်ကြီးမဂ်လာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး

သတင်းမှတ်စုနှင့် ဓာတ်ပုံ – မောင်မောင်စိုး(မြစ်ငယ်)

မန္တလေး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိနေသော ပြည်ကြီးမဂ်လာအဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းကြီး တည်ဆောက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

မန္တလေးစွယ်တော်မြတ်စေတီတော်ကြီး၏ အရှေ့မြောက်ဘက်တွင် ပြည်ကြီးမဂ်လာအဝေးပြေးကုန်တင်ယာဉ် ***စာမျက်နှာ ၁၀ ကော်လံ ၅*** ◆

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုနှင့် ကားစလစ်ရေးကွက်

သတင်းမှတ်စုနှင့် ဓာတ်ပုံ ကိုကြီးတင်

ရန်ကုန် ဇူလိုင် ၁၉

လွန်ခဲ့သည့် သုံးရက်လောက်က သတင်းစာထဲတွင် "CNG (န၊ ပ၊ ဗ၊ ဘ၊ လ၊ သ၊ အ) ကားများဝယ်လိုသည့် ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ" ဟု ကြော်ငြာတစ်ပုဒ်ကို ဖတ်လိုက်ရသည်။

ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံမှုစနစ်အရ ယနေ့လက်ရှိ "ပ" အက္ခရာများ လက်ခံလျက်ရှိနေကြောင်းကိုလည်း သိနေရသည်။

ယခု"န" အက္ခရာမှ"အ" အက္ခရာအထိ ယာဉ်ဟောင်းများဝယ်ယူလိုခြင်း၏အကြောင်းအပေါ် အများကြီးစဉ်းစားခန်းဖွင့်မိသည်။

အပ်နှံမှုစနစ်အရ မည်သည့်အက္ခရာများမည်မျှအထိ အပ်နှံပြီးပြီကို သိချင်လာမိသည်။ သက်ဆိုင်ရာဌာနသို့ ဆက်သွယ်၍ စုံစမ်းမိသည်။

အက္ခရာစဉ်အားဖြင့် ဇူလိုင် ၁၂ ရက်အထိ ကညနသို့ ယာဉ်အိုယာဉ်ဟောင်း အပ်ပြီးစာရင်းမှာ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ❒

ရုရှားကုမ္ပဏီတစ်ခုက အာကာသဟိုတယ်တည်ဆောက် ၂၀၁၆ ခုနှစ်၌ ခရီးသည်များ ပို့ဆောင်ပေးမည်

မော်စကို ဇူလိုင် ၁၉

လာမည့် ၂၀၁၆ ခုနှစ်၌ ဖွင့်လှစ်မည့် အာကာသဟိုတယ်စီမံကိန်းတစ်ခုကို ရုရှားအာကာသရေးရာကုမ္ပဏီတစ်ခုဖြစ်သည့် အော်ဘီတယ်တက်ကနိုလော်ဂျစ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဇူလိုင် ၁၉ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

ကမ္ဘာမြေ၏ မြင်ကွင်းကို လှမ်းမြှော်ကြည့်ရှုခံစားနိုင်ကြမည့် အဆိုပါ အာကာသဟိုတယ်ကို တစ်ကြိမ်လျှင် ***စာမျက်နှာ ၁၀ ကော်လံ ၂*** ●

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မိတ္ထီလာမြို့နယ်က မုန့်တိုင် အုတ်ကျောင်းတော်ကြီး စာ-၁၁



မန်ဟက်တန်မြို့နှစ်ဆရှိ ရေခဲတုံးကြီး ဂရင်းလန်းမြောက်ပိုင်းမှ ပဲ့ထွက်သွား စာ-၄

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၂၀ ရက်)

ကမ္ဘာမြေ၏ကျေးဇူး

ဤစကြဝဠာ အနန္တတွင် နေမင်းကို လှည့်ပတ်သွားလာနေကြကုန်သော ဂြိုဟ်ကြီးကိုးလုံးအနက် ကမ္ဘာဂြိုဟ်သည် ကျွန်ုပ်တို့ လူသားများနေထိုင်ရာ ဂြိုဟ်ကြီးပင်ဖြစ်၏။ သိပ္ပံလူသားတို့က အခြား အခြားသော ဂြိုဟ်တို့၌ လူတို့နေထိုင်နိုင်ရန် မည်သို့ပင်ရှာဖွေသမှု သုတေသနပြုနေကြသော်လည်း ဤကမ္ဘာမြေကဲ့သို့ နေချင့်စဖွယ်ကောင်းသောဂြိုဟ်ဟူ၍ ယနေ့အထိမတွေ့ကြသေးပေ။ ဤကမ္ဘာမြေသည်ပင် လူသားတို့အတွက် နေထိုင်ရန် အသင့်ဆုံး၊ အကျိုးကျေးဇူးအများဆုံး ဇမ္ဗူဒီပါလက်ယာတောင်ကျွန်းပင် ဖြစ်ပေသတည်း။

မိခင်ကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့လူသားများအတွက် နေစရာနေရာအဖုံဖုံ၊ စားစရာအဖွယ်ဖွယ်၊ ဝတ်စရာ အရောင်အစုံစုံ၊ သွားလာစရာ ယာဉ်အသွယ်သွယ်တို့ကို ပေးစွမ်းနိုင်သော ဂြိုဟ်ကြီးပင် ဖြစ်တော့၏။ ဤကမ္ဘာမြေတွင်တွေ့ရသော ပုပုရှည်ရှည် နေအိမ်တိုက်တာများ၊ ချိုဆိမ့်အီမွှေး စားမြိန်ကောင်းများ၊ ဝါ စိမ်း နီ ပြာ ရောင်စုံယှက်သန်း အသွင်ဆန်းသော အဝတ်အထည်များ၊ မြေလျှိုးမိုးပျံ တန်ခိုးချာန်ကဲ့သို့ အသုံးပြုသွားလာနိုင်သော ယာဉ်များ စသည်တို့သည် ဤကမ္ဘာမြေရှိ သစ်တော၊ တောင်တန်း၊ ပင်လယ်၊ လယ်ယာမြေတို့၏ အရင်းအမြစ်များမှ ပေးစွမ်းလျက်ရှိပေသည်။

မှန်ပေ၏။ လူသားတို့ နေထိုင်ရန် အသုံးပြုကြကုန်သော အုတ်၊ သဲ၊ ကျောက်၊ သစ်၊ သံ၊ သွပ်တို့ကို ဤကမ္ဘာမြေကြီး၏ အရင်းအမြစ်များမှပင်ရ၏။ စားဖွယ်အမျိုးမျိုးတို့သည်လည်း ဤကမ္ဘာမြေပေါ်ရှိ အပင်နှင့် တိရစ္ဆာန်တို့မှ ရ၏။ ဝတ်စရာအဝတ်အထည်များကိုလည်း ဤကမ္ဘာပေါ်တွင် ပေါက်ရောက်သောဝါ၊ ချည် စသည့်သစ်တောသစ်ပင်တို့မှရ၏။ ယာဉ်အမျိုးမျိုးတို့တွင် အသုံးပြုသော သံ၊ သတ္တု၊ ငွေ၊ ကြေး၊ ရေနံ၊ ဓာတ်ငွေ့ စသော တွင်းထွက်ပစ္စည်းအမျိုးမျိုးတို့ကိုလည်း ဤကမ္ဘာမြေမှပင် ရ၏။ ဤကမ္ဘာမြေပေါ်တွင် မြင်တွေ့ရသော အရာအားလုံးသည် ကမ္ဘာမြေတွင်ရှိသည့် အရင်းအမြစ်များမှပင် ပေးစွမ်းနေခြင်းဖြစ်၏။ ထို့ကြောင့် ကမ္ဘာမြေ၏ကျေးဇူးကား ကြီးမားလှပေသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့လူသားအားလုံးသည် ကမ္ဘာမြေကြီး အစဉ်ရှင်သန်ထွန်းကားပြီး မညစ်နွမ်း မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန်ကား တာဝန်ရှိပါသည်။ ဤကမ္ဘာမြေကြီးအတွက် တစ်ခုတည်းသော အားဆေးသည် သစ်တောသစ်ပင်များပင်ဖြစ်၏။ "ဥတုရာသီ တောကိုမှီ၏" ဟူသော ဆောင်ပုဒ်အရ ရာသီဥတုကောင်းမွန်ခြင်းသည် သစ်တောသစ်ပင်များအပေါ်တွင် တည်မှီလျက်ရှိပေသည်။ သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်နေပါမှ မိုးရွာနိုင်၏။ မိုးရွာသွန်းမှလည်း အပင်၊ တိရစ္ဆာန်နှင့် ဇီဝမျိုးစုံတို့ ရှင်သန်ဖြစ်ထွန်းကြသဖြင့် ဤကမ္ဘာမြေကြီးသည်လည်း ဂေဟစနစ် မပျက်ယွင်းဘဲ ဆက်လက်တည်မြဲနိုင်ပေလိမ့်မည်။

ထို့ကြောင့် လူသားတို့အနေဖြင့် ဤကမ္ဘာမြေကြီး အစဉ်ရှင်သန်နေစေရန်အတွက် "သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး" ဟူသောစကားအတိုင်း သစ်တောသစ်ပင်များကို နှစ်စဉ်နှစ်တိုင်း များများစိုက်ပျိုးသွားသင့်၏။ သစ်တောသစ်ပင်များ စိုက်ပျိုးသည်ဆိုရာတွင် မိမိတို့၏ အိမ်၊ ရုံး၊ ကျောင်းဝန်းကျင်များသာမကဘဲ သစ်တောကြိုးဝိုင်းများအထိ အစုအဖွဲ့အသင်းများအလိုက် စိုက်ပျိုးသွားသင့်၏။ သို့မှသာ သစ်တောသစ်ပင်တောအုပ်ကြီးများ ရှင်သန်ဖြစ်ထွန်းလျက် ရာသီဥတုလည်း ပိုမိုမျှတကောင်းမွန်လာမည် ဖြစ်ပေသည်။

သို့ဖြစ်၍ သစ်တောသစ်ပင်များ တစ်ဖက်ကစိုက်ပျိုးနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း သစ်တောသစ်ပင်များ အလွန်အကျွံခုတ်ယူခြင်း၊ တောမီးရှို့ခြင်း၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်နေခြင်း၊ ပတ်ဝန်းကျင်ဂေဟစနစ်ပျက်စီးအောင် ဓာတ်သတ္တုများ တူးဖော်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများသော စက်ရုံများ ပိုမိုများပြားလာခြင်းတို့မှ နည်းပါးအောင် ရှောင်ကြဉ်သင့်ပေသည်။ ကမ္ဘာမြေကြီးသည် လူသားတို့အတွက် များစွာအကျိုးပြုလျက်ရှိသဖြင့် အစဉ်ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

မန္တလေးမြို့နယ်၌ စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်

မန်စီ ဇူလိုင် ၁၉

ဗန်းမော်ခရိုင် မန်စီမြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂နာရီက မန်စီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းဌေးက စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ရာ မြို့နယ်ဌာနဆိုင်ရာများကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးလှဖေက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

အခွန်ကောက်ခံရေး ရှင်းလင်းဆွေးနွေး

ပုသိမ် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များအပေါ် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်စည်းကြပ်ကောက်ခံနိုင်ရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ လုပ်ငန်းရှင်များအား အခွန်အရပ်ရပ်ဆိုင်ရာရှင်းလင်းပွဲ အခမ်းအနားကို တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီခွဲကကျင်းပသည်။

အခမ်းအနားသို့ ချောင်းသာနှင့် ငွေဆောင်တို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးကရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

ဆီထွက်သီးနှံနှင့်အစေ့ထုတ်ပြောင်း ဈေးကောင်းနေ

ရေစကြို ဇူလိုင် ၁၉

ဖေထွဏ်းဇော်-ရေစကြို

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်းမိုးနည်းဒေသဖြစ်သော်လည်း နိုင်ငံတော်မှ ဆည်တမံငါးခု၊ လျှပ်စစ်မြစ်ရေတင်ခုနစ်ခုကို တည်ဆောက်ပေးထားသည့်အတွက် ကုန်းပိုင်းဒေသစိုက်ပျိုးရေးမှာ ယခင်ကထက် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ခြင်းနှင့်အတူ နှမ်း၊ မိုး၊ ဆောင်းရာသီ သီးနှံများ၊ သီးညှပ်သီးထပ်များ စိုက်ပျိုးအောင်မြင်လျက်ရှိသည်။ ထို့အတူ ကျေးရွာအုပ်စု ၄၀ခန့်သည် ချင်းတွင်းမြစ်ရိုးတစ်လျှောက်နှင့် ဧရာဝတီမြစ်အကြား ကျွန်းပိုင်းဒေသဖြစ်၍ ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်သော အခြေအနေကောင်းကြောင့် အပူပိုင်းဒေသတစ်ခွင် အိုအေစစ်အသွင် စိုက်ပျိုးရေးတွင် ဝင့်ကြွားနိုင်သော မြို့နယ်တစ်ခုဖြစ်သည်။

၂၀၁၁-၂၀၁၂ခုနှစ်စိုက်ပျိုးရာသီ၌ မိုးနှင့်ဆောင်းတွင် မိုးမြေပဲ၊ ဆောင်းမြေပဲ၊ မိုးနှမ်း၊ ဆောင်းနှမ်း၊ မိုးနေကြာ၊ ဆောင်းနေကြာ၊ ပန်းနှမ်း၊ အစေ့ထုတ်ပြောင်းတို့ကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးအောင်မြင်ခဲ့ကြောင်းသိရှိရသည်။

ယခုရက်ပိုင်းအတွင်း ဆီထွက်သီးနှံနှင့်အစေ့ထုတ်ပြောင်းတို့ ဈေးကောင်းနေကြောင်း ကြားနေရသဖြင့် ကမ်းနားတစ်လျှောက်ပွဲရုံများဆီ သွားရောက်စေ့ငုကြည့်ရာ ချင်းယားကျေးရွာမှ သီးနှံလာရောက်ရောင်းချနေသော မောင်ကြီးတိုက်စံဆိုသူက ပြောပြရာတွင် "နှမ်းဖြူတစ်တင်းကိုကျပ် ၂၇၅၀၀ဈေး၊ နှမ်းပြာတစ်တင်းကို ကျပ် ၂၆၀၀၀၊ မြေပဲဆံတစ်တင်းကျပ် ၃၅၀၀၀၊ အစေ့ထုတ်ပြောင်းတစ်တင်းကျပ် ၈၅၀၀ ဈေးနဲ့ရောင်းရပါတယ်။ ဆီဈေးတွေတက်လာလို့ ဆီထွက်သီးနှံဈေးလည်း တက်လာတာပါ။ အစေ့ထုတ်ပြောင်းက မနှစ်ကဒီလိုအချိန်မှာကျပ် ၄၅၀၀ဈေးပဲရှိခဲ့တာ ဒီနှစ်တော့ ကျပ် ၈၅၀၀ဈေးရောင်းရတော့ မြိုးမြိုးမြက်မြက်လေးပေါ့ဗျာ။ ကျွန်တော့်ရဲ့ အစေ့ထုတ်ပြောင်းခင်းက ဂရုမစိုက်နိုင်လို့ တစ်ဧကတင်း ၄၀မှ ၅၀ပဲ ထွက်တာ၊ ဂရုစိုက်တဲ့တောင်သူတွေက တင်း ၈၀လောက်ထွက်တော့ ဒီရက်ဈေးနဲ့ဆို အဆင်ပြေတာပေါ့ဗျာ၊ အခုလို သီးနှံဈေးနည်းနည်းကောင်းလာတော့ ထွက်သမျှသီးနှံလေးရောင်း၊ ရသမျှငွေက လာမယ့်စိုက်ပျိုးရာသီအတွက် အရင်းအနှီးကောင်းကောင်းရင်းနိုင်မှာမို့ စိတ်ချမ်းသာပြီး ဝမ်းသာနေရပါတယ်"ဟု ပြောပြခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ တိုးချဲ့ဖွင့်လှစ်

မန္တလေး ဇူလိုင် ၁၉

မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားဧည့်သည်များ နိုင်ငံခြားငွေများ လွတ်လပ်စွာ လဲလှယ်ရောင်းဝယ်နိုင်စေရန် နိုင်ငံခြားငွေ လဲလှယ်ရေးကောင်တာများကို မန္တလေးမြို့ရှိ ကမ္ဘောဇဘဏ်ခွဲ၊ သမဝါယမဘဏ်ခွဲ(၁၊ ၂၊ ၃)၊ မြဝတီဘဏ်ခွဲ၊ မြန်မာ့ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ခွဲ၊ ဧရာဝတီဘဏ်ခွဲ၊ ယူနိုက်တက်အမရဘဏ်ခွဲ၊ မြန်မာအရှေ့တိုင်းဘဏ်၊ အင်းဝဘဏ်၊ ပထမပုဂ္ဂလိကဘဏ်ခွဲနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ဖွင့်လှစ်ထားသည်။

နိုင်ငံခြားငွေများလဲလှယ်ရောင်းဝယ်ရာတွင် အဆင်ပြေလွယ်ကူစေရန် မန္တလေး မြို့၌ နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ရာ နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်လိုသူများအနေဖြင့် သတ်မှတ်နေရာများတွင်သာ လဲလှယ်ရောင်းဝယ်မှုပြုကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(သီဟကိုကို-မန္တလေး)**

နမ့်စန်၌ မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုး

နမ့်စန် ဇူလိုင် ၁၉

လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက အမှတ်(၅)ကျေးရွာအုပ်စု မြေနီကုန်း၌ကျင်းပရာ လွိုင်လင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းသိန်းသင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က တက်ရောက်လာကြသော ဒေသခံပြည်သူများအား ပျိုးပင်များပေးအပ်သည်။ ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသောပြည်သူများက ကျွန်း၊ ထင်းရှူး၊ ယူကလစ်နှင့်ခါတော်မှီ စုစုပေါင်းပျိုးပင် ၁၀၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်သစ်တော)**

ပညာသင်စရိတ်ထောက်ပံ့

ရေတာရှည် ဇူလိုင် ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွန်းက ဝန်ထမ်း သားသမီးများအတွက် ငွေကျပ် ၂၇၅၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ထွေ/အုပ်)**

ဝဲကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း မဉ္ဇူသက ကျောင်းဆောင်သစ်ဖွင့်

ဆားလင်းကြီး ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းကျေးရွာအုပ်စု ဝဲကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း မဉ္ဇူသက တစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးမှတာဝန်ရှိသူများနှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဝဲကြီးကျေးရွာမူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်မာမာအေးက ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်းဖြစ်ပြီး နိုင်ငံတော်ခွင့်ပြုငွေကျပ် သိန်း ၁၆၀နှင့် ပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ် ၁၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သက်ကြီးရွယ်အို လူနာဆောင်ဆောက်လုပ်ရေး အင်းစိန်ဆေးရုံ၌အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် အထွေထွေရောဂါကု ဆေးရုံကြီးတွင် သက်ကြီးရွယ်အို အထူးကုပြင်ပလူနာဌာန အဆောက်အအုံဆောက်လုပ်ရန်အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဆေးရုံကြီး စာသင်ဆောင်ခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ဆေးရုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်အလှူရှင်များက အလှူငွေများ ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ဥက္ကဋ္ဌ ဒေါ်သောင်းမြကလည်းကောင်း **(အပေါ်ပုံ)**၊ ကျန်အလှူရှင်များက လှူဒါန်းသော အလှူငွေနှင့် ဆေးရုံသုံးအထောက်အကူပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းနှင့် ပါမောက္ခ ဒေါက်တာဦးမြင့်ဟန်တို့ကလည်းကောင်း လက်ခံယူပြီးနောက် အင်းစိန်ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

တောင်သူလယ်သမားများအတွက် တွက်ခြေအကိုက်ဆုံးမျိုးများကိုရွေးချယ်ပြီး မျိုးစေ့ထုတ်စိုက်ပျိုး မြို့နယ်များအလိုက် ပညာပေးစိုက်ကွင်းများထူထောင်၍ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် ကိုးရွာသပြေကုန်းကျေးရွာအနီးရှိ ငလိုက်ဆည်ရေသောက် ကောက်ညှင်းမွှေးစပါး စိုက်ခင်းအား သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ပျိုးသက် ၁၆ ရက်တွင် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြစ်သော ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်၏ အားသာချက်များဖြစ်သည့် ကောက်ပင်များ ဆက်တိုက်ရှင်သန်မှု အားကောင်းခြင်း၊ ပင်ပွားများဖြစ်ထွန်းမှု ကောင်းမွန်ခြင်း၊ ကောက်ပင်သန်စွမ်း ကြံ့ခိုင်မှု အားကောင်းခြင်းများကို တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး နည်းပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး ကောက်စိုက်လုံမေများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထားသော သက်တမ်း ၆၆ ရက်သားရှိ ပုလဲသွယ်ဘာစမာတီစပ်မျိုးစပါး စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုများ၊ အောင်မြင်ဖြစ်ထွန်းနေသည့် သခွားမွှေး၊ ကြက်ဟင်းခါး၊ ငရုတ်၊ နိုကို၃၊ မုန်ညင်း၊ မုန်လာအမျိုးမျိုး၊ ဖရဲခင်း၊ တိုင်လွတ်ပဲ၊ ဟင်းနုနယ်၊ ဆလတ်နီ၊ ဆလတ်စိမ်း၊ ကန်စွန်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ဟင်းခင်းပဒေသာစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဘာစမာတီပုလဲသွယ် စပ်မျိုး စပါးမျိုးစေ့များအား တောင်သူများ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရန် သန့်စင်ခြင်းအဆင့်ဆင့်နှင့် အပင်ပေါက်နှုန်း ကောင်းမွန်မှုများ၊ စိုက်ပျိုးရာသီ အချိန်မီ တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးရန် ထုပ်ပိုးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီး KMA စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ၏ ဘာစမာတီပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းဧက ၁၀၀ ၌ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာ ငလိုက်ဆည်ရေသောက်ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ဧက ၄၄၀ စံပြစက်မှုလယ်ယာစိုက်ခင်းသို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက သိပ္ပံနည်းကျပေါင်စနစ်ဖြင့်ပျိုးထောင်ပြီး ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် အကောင်အထည်ဖော်စိုက်ပျိုးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းအတွင်း ပျိုးခင်းများဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးကာ ပညာရှင်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ၂၈၈ ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ကွင်းများအတွင်း ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြစ်သည့် ပေါင်စနစ်ဖြင့် ပျိုးထောင်ပြီး ချက်ချင်း နုတ်၊ ချက်ချင်းစိုက်စနစ်ကို တောင်သူလယ်သမားများအား အသားကျဖြစ်အောင် လေ့ကျင့်ပညာပေးခြင်းလုပ်ငန်းကို မြို့နယ်များအလိုက် ပညာပေးစိုက်ကွင်းများထူထောင်ပြီး တိုးတက်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ၎င်းစနစ်သည် မျိုးစေ့နှင့် ပျိုးပင်လုံလောက်မှုရှိစေသည့်အပြင် ပျိုးပင်ဘဝကတည်းက သန်စွမ်းသော ကောက်ပင်များကို စိုက်ခင်းတွင်လည်း ကြီးထွားနှုန်း အရှိန်အဟုန်မပျက်ရရှိစေပြီး စပါး အထွက်နှုန်းအား ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း။

ပျိုးသက် ၁၈ ရက်မှ ရက် ၂၀ ပတ်ဝန်းကျင်အတွင်း ပြောင်းရွှေ့စိုက်ပျိုးခြင်းအားဖြင့် အပင်ကြီးထွားမှုနှုန်းနှင့် ပင်ပွားများကို ဆက်တိုက်ရရှိစေသည့် အကျိုးကြောင့် စပါးအထွက်နှုန်းသိသိသာသာရရှိစေမည် ဖြစ်ကြောင်း၊ ဤသို့ သိပ္ပံနည်းကျ စိုက်နည်းစနစ်သည် ကျေးလက်နေ လယ်မဲ့၊ ယာမဲ့ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းရရှိစေနိုင်ပြီး တောင်သူများ၏ ဝင်ငွေနှင့် လူနေမှုဘဝတိုးတက်စေမည် ဖြစ်ကြောင်း။

ရွေးချယ်

ကောက်ညှင်းမွှေးစပါး၊ ဘာစမာတီစပါး၊ ပုလဲသွယ်စပါးကဲ့သို့ စပ်မျိုးများကို သုတေသနပြု ယှဉ်ပြိုင်စိုက်ပျိုးခြင်းအားဖြင့် မည်သည့်စပါးမျိုးက တစ်ဧကတွင် ဝင်ငွေတွက်ခြေအကိုက်ဆုံးဖြစ်သည်ကို မှတ်တမ်းထား ဆောင်ရွက်ရန်နှင့် တောင်သူလယ်သမားများအတွက် တွက်ခြေအကိုက်ဆုံးမျိုးများကို ရွေးချယ်ပြီး မျိုးစေ့ထုတ်စိုက်ပျိုး ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဆောင်ရွက်ပေး

တောင်သူပညာပေးစိုက်ကွင်းများတွင် ကောက်စိုက်လုံမေများနှင့် စိုက်ပျိုးရေးပညာရှင်များအား လုပ်ငန်းခွင်အတွင်း စိတ်ချမ်းသာပျော်ရွှင်မှုရရှိစေရေး၊ ဝတ်စုံများချီးမြှင့်ခြင်းနှင့်ထိုက်တန်သော ဂုဏ်ပြုမှုများရရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ယခုနှစ် မိုးစပါးရာသီတွင် စပါးရင့်မှည့်ချိန် မိုးလွတ်စေရေးနှင့်အောင် ရေလုံလောက်စွာရရှိရေးအတွက် ဆည်ရေသောက်မဟုတ်သော မိုးကောင်းသောက်လယ်များကို ထွန်တုံးပိတ်ရက် သတ်မှတ်၍ တိုက်တွန်းနှိုးဆော်ရမည်ဖြစ်ကြောင်း။

ဝင်ငွေရ သီးနှံစိုက်ခင်းများနှင့်ပတ်သက်၍ သခွားမွှေး၊ ဖရဲ၊ အစေ့ထုတ်ပြောင်း၊ မုန်ညင်းမုန်လာ၊ ဆလတ်၊ ဟင်းနုနယ်စသည့်သီးနှံအမယ်စုံများကို မြေလွတ်မကျန် စိုက်ပျိုးပြသပြီး တောင်သူများ ဝင်ငွေရသီးနှံများ စိုက်ပျိုးထူထောင်ပြသရမည်ဖြစ်ကြောင်း။

စိုက်ကွင်းမှထွက်ရှိသည့် သီးနှံများကို တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအား ဦးစားပေးကျွေးမွေး၍ ပိုလျှံသည်များကို ဈေးကွက်သို့ ရောင်းချပြီး တစ်ဧကဝင်ငွေရရှိနိုင်မှုကို တွက်ချက်မှတ်တမ်းပြုစုထားရှိရန် လိုအပ်ကြောင်း။

ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို မြေလွတ်မကျန် စိုက်ပျိုးခြင်းအားဖြင့် စားဖိုချောင်အသုံးစရိတ်ကို ကာကွယ်ပေးနိုင်သကဲ့သို့ တစ်ဦးချင်းဝင်ငွေတိုးတက်ရရှိစေခြင်း၊ စီးပွားဖြစ်စိုက်ခြင်းအားဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အကျိုးကျေးဇူးရရှိနိုင်၍ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် လယ်ယာကဏ္ဍ လုပ်ငန်းခွင်အတွင်း အလေ့အထကောင်းများရရှိအောင် ပညာပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ထွန်စက်များကို ဂိုဒေါင်ထဲတွင် မထားဘဲ စိုက်ပျိုးရာသီအချိန်မီ ထွန်တုံးပိတ် ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ရန်နှင့် စက်မှုလယ်ယာစနစ်ဖော်ထုတ်ပြီးသည့် အဆင့်မြင့်လယ်ယာမြေများတွင် စက်ယန္တရားများကို အလေ့အကျင့်ရရှိရန် သုံးစွဲဆောင်ရွက်ပညာပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကိုးရွာသပြေကုန်းကျေးရွာအနီးရှိ ငလိုက်ဆည်ရေသောက် သက်တမ်း (၆၆) ရက်သားရှိ ပုလဲသွယ်ဘာစမာတီ စပ်မျိုးစပါး စိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူး၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်သော စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၁၂)ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၉

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၈၅၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာသို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အခွန်ဆိုင်ရာ ပညာပေးဟောပြော

ရမည်းသင်း ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အထက(၁) အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရမည်းသင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်ကျော်ဆန်းက ပြည်တွင်းအခွန်များဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကြည်သိန်းနှင့် ဝန်ထမ်းများက အခွန်ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(၄၁၆)**

မြန်မာ့အလင်း ဘဝအမောပြေ

ခေါ်ချင်တယ်

အာကာဟိန်း-ရေးသားသည်

အမျိုးသားတစ်ဦးသည် မိတ်ဆွေတစ်ဦး၏ နေအိမ်သို့ ညနေစာ စားရန် ဖိတ်ခေါ်သဖြင့် ရောက်ရှိသွားလေသည်။ ထိုအခါ မိတ်ဆွေက ဇနီးဖြစ်သူအား ချစ်စနိုးအမည်များသာ ခေါ်နေသည်ကိုကြားသဖြင့် မေးလေသည်။

အမျိုးသား ။ ။ သူငယ်ချင်း… မင်းရဲ့ဇနီးကို ဘယ်လိုခေါ်နေတာလဲ။
မိတ်ဆွေ ။ ။ ‘အချစ်’လို့ ခေါ်တာလေ. . . ဘာဖြစ်လို့လဲ။
အမျိုးသား ။ ။ တခြားအမည် ပြောင်းမခေါ်ဘူးလား။
မိတ်ဆွေ ။ ။ သြော်. . . ’အသည်းလေး’ လို့လည်းခေါ်တယ်။
အမျိုးသား ။ ။ နောက်ထပ်ဘယ်လိုခေါ်လဲ။
မိတ်ဆွေ ။ ။ တစ်ခါတလေ ‘မိန်းမရေ’ လို့လည်း ခေါ်တာပေါ့။
အမျိုးသား ။ ။ အဲဒီလိုခေါ်တော့ မင်းမိန်းမကို မင်းတော်တော်လေး ချစ်တယ်ထင်တယ်။
မိတ်ဆွေ ။ ။ မဟုတ်ဘူး. . . ငါ့ မိန်းမရဲ့နာမည်ကို မေ့မေ့နေလို့။
အမျိုးသား ။ ။ ‘ဟေ’

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာ့အလင်း ကုန်ခြောက်ဈေးကွက် ၁၉-၇-၂၀၁၂

ကြက်သွန်နီ ဈေးငြိမ်၊ ငရုတ်၊ အာလူးဈေးတက်

သတင်းနှင့်ဓာတ်ပုံ - အဝယ်တော်ဖိုးထော်

ယမန်နှစ်အောက်တိုဘာလက မကွေးတိုင်းဒေသကြီးအတွင်း ရာသီဥတု ဖောက်ပြန်မှုကြောင့် ကြက်သွန်နီစိုက်ခင်းများ ထွက်အားကျဆင်းခဲ့ရသည်။

ဈေးမြင့်တက်

ထို့ကြောင့် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ခန့်အထိ ဈေးမြင့်တက်သွားခဲ့သည်။

မြန်မာနိုင်ငံထွက် ကြက်သွန်နီဝယ်လက်တို့မှာ ထိုင်း၊ မလေးရှား၊ စင်ကာပူတို့ဖြစ်သည်ဟု ဘုရင့်နောင်ကုန်စည် ဈေးကွက်မှသိရသည်။ အဓိက ဝယ်အားအကောင်းဆုံးမှာ ထိုင်းဖြစ်သည်ဟု ဆိုကြသည်။

ယခုအခါ ထိုင်းမှလည်း ဝယ်လိုအားလျော့လာသည့်အတွက် ပြည်တွင်းဈေးကွက်ကိုသာ အဓိကအားထားနေရကြောင်း သိရသည်။

“ဥနီ ကုန်ကားတွေကတော့ ပုံမှန်အတိုင်းဝင်နေပါတယ်။ မိုးတွင်းဆိုတော့ ဖြစ်နေကျအတိုင်းပါပဲ။ အရောင်းအဝယ်က ပုံမှန်အနေအထားပါပဲ။ ဈေးကလည်း ငြိမ်နေတယ်လို့ဆိုရမှာပေါ့”ဟု ဒိုင်ကြီးတစ်ဒိုင်က ပြောပြသည်။

ဘုရင့်နောင်ပွဲရုံကြီးများ၌ လက်ကားရောင်းချနေသည့်ဈေးနှုန်းမှာ ထူးရှယ်တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်၍ ကျပ် ၄၀၀ မှ ကျပ် ၆၀၀ အထိဈေးရှိနေပြီး ရပ်ကွက်ဈေးများ၌ လက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ကျပ် ၈၀၀ အထိ ဈေးရှိနေကြောင်း သိရသည်။

ကြည့်မြင်တိုင် ညဈေးမှ ငရုတ်၊ ကြက်သွန် ဈေးတန်း။

ငရုတ်သီးဈေးကွက်တွင်မူ ပြည်ပသို့အထွက်ရှိလာသည့်အတွက် ပြည်တွင်းဈေးအနည်းငယ်မြင့်တက်လာကြောင်း ကုန်စည်ဒိုင်များကတစ်ဆင့် သိရသည်။

ဇူလိုင်လဆန်းပိုင်းရက်များက စိမ်းစားငရုတ်ပွတစ်ပိဿာလျှင်ငွေကျပ် ၃၆၀၀ မှ ၄၀၀၀ အကြားရှိနေပြီး မိုးထောင်ငရုတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၂၀၀၀ ဈေးအထိရှိသည်။ ဝါးခယ်မငရုတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀ မှ ၁၉၀၀ အကြားဈေးရှိနေသည်။ ဇူလိုင် ဒုတိယပတ်အကျော်၌ စိမ်းစားငရုတ်ပွ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ နှုန်း၊ မိုးထောင်ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀ မှ ၂၅၀၀ ၊ ဝါးခယ်မငရုတ်မှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းအထိ မြင့်တက်လာခဲ့သည်။

ရှမ်းပြည်နယ် အောင်ပန်း၊ ဟဲဟိုး စသည်တို့မှ အာလူးများ ရန်ကုန် ကုန်စည်ဒိုင်ကြီးများအတွင်းသို့ နေ့စဉ်ပျမ်းမျှ ပိဿာချိန် ၈၀၀၀၀ ကျော်ဝင်လျက်ရှိနေကြောင်း လေ့လာတွေ့ရှိရသည်။

အဝင်များသော်လည်း အာလူးအလုံးသေးများမှာ ဈေးပုံမှန်သာရှိနေပြီး အာလူးအလုံးကြီးများ ဈေးမြင့်လာခဲ့သည်ဟု ဆိုကြသည်။

ဇူလိုင်လဆန်းပိုင်းရက်များက အာလူးအလုံးကြီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ရှိနေရာမှ ဒုတိယပတ်အကျော်၌ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ အထိ ဈေးရှိနေပြီး မြို့နယ်ရပ်ကွက်ဈေးများ၌ အလုံးသေးတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၊ အလုံးကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ရှိနေကြောင်း ဈေးကွက်သတင်းတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါသည်။

အမေရိကန်မှ ၂၁ ပေါင်ရှိ ပုစွန်တုပ်ကြီး

ကိတ်ကော့ဒ် ဇူလိုင် ၁၉

ကမ္ဘာ့စံချိန်တင်လောက်အောင် ကြီးမားသော ပုစွန်တုပ်ကြီးမဟုတ်သော်လည်း အလေးချိန် ၂၁ ပေါင်ရှိ ပုစွန်တုပ်ကြီးတစ်ကောင်ကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကိတ်ကော့ဒ် ကမ်းရိုးတန်းမှ ဖမ်းဆီးရမိခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။ **(အပေါ်ပုံ)**

" ဒီပုစွန်တုပ်ကြီးက ကျွန်မရဲ့လက်နှစ်ဖက်နဲ့ မ လိုက်တဲ့အခါမှာ လက်တွေထက် ရှည်လည်းရှည် ကြီးလည်းကြီးပါတယ်။ တကယ့်ကို ကြီးမားတဲ့ ပုစွန်တုပ်ကြီးပါပဲ "ဟု ကက်အင်အီလ်မားအမည်ရှိ စားသောက်ဆိုင်မန်နေဂျာ အီလိုက်ကိုစတာက ပြောကြားသည်။

လွန်ခဲ့သော ဖေဖော်ဝါရီလက အလေးချိန် ၂၇ ပေါင်ရှိ ရေမကျောက်ပုစွန်ကြီးကို မိန်းပြည်နယ် ကမ်းရိုးတန်းမှ ဖမ်းဆီးရမိခဲ့ရာ ၄င်းပြည်နယ်၏ ဖမ်းဆီးရမိသောကျောက်ပုစွန်များတွင် အကြီးမားဆုံးဖြစ်ခဲ့ကြောင်း မိန်းပြည်နယ်သဘာဝအရင်းအမြစ် ဦးစီးဌာနဆိုင်ရာ ပညာရေးညွှန်ကြားရေးမှူး အီလိန်းဂျုံးစ်က ရိုက်တာသို့ ပြောကြားသည်။

မိန်းပြည်နယ်ဥပဒေအရ ငါးလက်မထက်ပိုမိုရှည်သော ကျောက်ပုစွန်များကို မဖမ်းဆီးကြရန် ရေလုပ်သားများအား တားမြစ်ပိတ်ပင်ထားသည်။သုံးနှစ်အရွယ် ကလေးအရွယ်ခန့် ကြီးမားသော ကျောက်ပုစွန်များကို ဖမ်းမိပါက ပင်လယ်သမုဒ္ဒရာအတွင်းသို့ ပြန်လွှတ်ပေးရန် ဥပဒေအတွင်း ဖော်ပြထားသည်။

ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းဝင်လောက်အောင် ကြီးမားသည့် အလေးချိန် ၄၄ ပေါင်ရှိ ရေမကျောက်ပုစွန်ကြီးကို ၁၉၇၇ ခုနှစ်က အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ကိတ်ကော့ဒ် ကမ်းရိုးတန်းတွင် ဖမ်းဆီးရမိခဲ့သည်။ ယင်းကျောက်ပုစွန်ကြီးသည် သမိုင်းတွင် အကြီးမားဆုံး ကျောက်ပုစွန်ကြီးဖြစ်ခဲ့သည်။

ယခု ဖမ်းဆီးရမိထားသည့် အလေးချိန် ၂၁ ပေါင်ရှိ ရေမကျောက်ပုစွန်တုပ်ကြီးကို ဝယ်ယူသူမလာမချင်း ရက်အတော်ကြာအောင် ပြသထားမည်ဖြစ်ကြောင်း စားသောက်ဆိုင်မန်နေဂျာကိုစတာက ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားလေကြောင်းလိုင်းများအတွက် ခရီးသည်တင်လေယာဉ် အစင်း ၂၀ ဝယ်ယူပြည့်ဆည်းမည်

ဂျကာတာ ဇူလိုင် ၁၉

အင်ဒိုနီးရှားနိုင်ငံလေကြောင်းလိုင်းများတွင် ပျံသန်းပြေးဆွဲနိုင်ရန် အင်ဒိုနီးရှားနိုင်ငံ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော မာပါတီနူဆန်တာရာလေကြောင်း ကုမ္ပဏီမှ ထုတ်လုပ်သည့် ခရီးသည်တင်လေယာဉ်အစင်း ၂၀ ကို ဝယ်ယူဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ပြေးဆွဲပေးမည်

မာပါတီနူဆန်တာရာကုမ္ပဏီမှ ထုတ်လုပ်သည့် အင်န်-၂၁၂ အမျိုးအစား ခရီးသည်တင်လေယာဉ်များဖြင့် ယခုနှစ်ကုန်ပိုင်းမှစတင်ကာ လေကြောင်းခရီးစဉ်များအား ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းကုမ္ပဏီအကြီးအကဲ ရူဒီဆက်လိုပါနိုမိုက ပြောကြားသည်။

သို့သော် လေယာဉ်အစင်း ၂၀ အနက် ပထမအသုတ်အဖြစ် လေယာဉ်လေးစင်း သို့မဟုတ် ငါးစင်းကိုသာ ယခုနှစ်ကုန်ပိုင်း၌ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်ဟု ၄င်းက ပြောကြားသည်။ ၄င်းလေယာဉ်များတွင် ခရီးသည် ၂၈ ဦးသာ စီးနင်းနိုင်သည့် လေယာဉ်များလည်း ပါရှိသည်။

အင်ဒိုနီးရှားလေကြောင်းလိုင်းများသည် ပြည်တွင်းထုတ်လေယာဉ်များကို ဦးစားပေး အသုံးပြုလာစေရန်အတွက် ဒီဇိုင်းသစ်၊ အမျိုးအစားသစ် ခရီးသည်တင်လေယာဉ်များကို ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ယခုထုတ်လုပ်သည့် လေယာဉ်တစ်စင်းသည် အမေရိကန်ဒေါ်လာ ခုနစ်သန်းခန့် ကုန်ကျမည်ဖြစ်သည်။ **(အင်တာနက်)**

မန်ဟက်တန်မြို့နှစ်ဆရှိ ရေခဲတုံးကြီး ဂရင်းလန်းမြောက်ပိုင်းမှ ပဲ့ထွက်သွား

နာဆာ ဇူလိုင် ၁၉



ဂရင်းလန်းမြောက်ပိုင်းရှိ ပီတာမန်းရေခဲပြင်ကြီးမှ မန်ဟက်တန်မြို့နှစ်ဆရှိသော ရေခဲတုံးကြီး ပဲ့ထွက်သွားကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

နာဆာဂြိုဟ်တုမှ ရိုက်ကူးထားသော ဓာတ်ပုံများတွင် ပီတာမန်းရေခဲပြင်ကြီး **(ဝဲပုံ)**၏ အစွန်းတစ်ဖက်၌ ရေခဲလျှာကြီး ပဲ့ထွက်သွားကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ၂၀၁၀ ခုနှစ်ကလည်း ဤရေခဲပြင်ကြီးမှ စတုရန်းမိုင် ၁၀၀ ပတ်လည်ရှိ ရေခဲတုံးကြီး ပဲ့ထွက်ခဲ့ဖူးသည်။

ရေခဲပြင်များသည် သဘာဝအားဖြင့် ပဲ့ထွက်တတ်သည့်သဘောရှိသော်လည်း မကြာမီနှစ်များက ပီတာမန်းရေခဲပြင်ကြီးမှ ရေခဲတုံးကြီးများ ပဲ့ထွက်နေမှုမှာ ကျွမ်းကျင်ပညာရှင်အများအပြားကပင် အံ့သြမဆုံးဖြစ်နေကြသည်။

"အဲဒီဖြစ်စဉ်ဟာ ရေခဲတုံးပြိုကျတဲ့သဘောမျိုးမဟုတ်ဘဲ ပဲ့ပြတ်သွားတာတွေ့ရတယ်ဗျ၊ ထူးခြားတဲ့ဖြစ်စဉ်ဆိုတာကတော့ သေချာပြောနိုင်တယ်ဗျ" ဟု နာဆာမှ သိပ္ပံပညာရှင် အဲရစ်ရစ်နော့တ်၏ ပြောကြားချက်ကို ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။ "ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်း ၁၅၀ က အချက်အလက်တွေ ရှိပါတယ်။ ဒီတစ်ခါလောက်ကြီးတဲ့ ရေခဲတုံးကြီးပဲ့ထွက်မှုကိုတော့ မမြင်ဖူးသေးဘူး" ဟူ၍လည်း ဒီလာဝဲတက္ကသိုလ်မှ ကျွမ်းကျင်ပညာရှင် မြူယမ်ချောက ပြောကြားသည်။

ပဲ့ထွက်သွားသော ရေခဲတုံးများသည် မျောပါနေကြခြင်းဖြစ်ရာ ပင်လယ်ရေမြင့်တက်မှုကို ထိခိုက်ခြင်းမရှိဟုဆိုသည်။ ပီတာမန်းရေခဲပြင်မှ ပဲ့ထွက်သွားသော ရေခဲတုံးကြီးများသည် ကနေဒါနိုင်ငံ နယူးဖောင်းလန်းကမ်းရိုးတန်းဆီသို့ မကြာခဏ မျောပါဆိုက်ရောက်လေ့ရှိသည်။ **(အင်တာနက်)**

နယ်စပ်မှခိုးဝင်လာသော နိုင်ငံခြားသား ၂၆၀၀ ကျော် တရုတ်နိုင်ငံ၌ ယခုနှစ်ဝက်အတွင်း ဖမ်းဆီးနိုင်ခဲ့

နန်နင်း ဇူလိုင် ၁၉

တရုတ်နိုင်ငံ ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်ဘက်ပိုင်းရှိ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များသည် ယခုနှစ်ဝက်ကာလအတွင်း တရုတ်နိုင်ငံအတွင်းသို့ ခိုးဝင်လာကြသူ ဗီယက်နမ်လူမျိုး ၂၆၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရင်းမြစ်က ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးနိုင်ခဲ့သည့် တရားမဝင်ခိုးဝင်လာသူပေါင်းမှာ ယခုနှစ် ခြောက်လတာအတွင်း ၂၆၀၆ ဦးရှိကြောင်း၊ ယမန်နှစ် ခြောက်လအတွင်း ဖမ်းမိခဲ့သူအရေအတွက်ထက် ၃၂ ဒသမ ၆ ရာခိုင်နှုန်း တိုးပွားလာခဲ့သည်ကို တွေ့ရှိရကြောင်း ယင်းသတင်းရင်းမြစ်က ဆိုသည်။

များစွာသော တရားမဝင်ခိုးဝင်လာကြသူများမှာ အသက် ၁၈ နှစ်နှင့် ၄၅ နှစ်ကြားတွင်ရှိကြပြီး တရုတ်နိုင်ငံတွင်းသို့ အလုပ်အကိုင်များရှာဖွေရန် ခိုးဝင်ရောက်လာကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် စီးပွားရေးအင်အားတောင့်တင်းလာခဲ့သည်နှင့်အမျှ လုပ်အားလိုအပ်ချက်များလည်း ပေါ်ပေါက်လျက်ရှိသည်။ ကွမ်တုံပြည်နယ်နှင့် အခြားပြည်နယ်များကဲ့သို့ ပင်လယ်ကမ်းခြေနယ်မြေဒေသများသည် တရားမဝင် နိုင်ငံဖြတ်ကျော်ဝင်ရောက်မည့် သူများအတွက် ဦးတည်ရာဒေသများဖြစ်နေခဲ့သည်။

ခိုးဝင်သူအရေအတွက်၏ ၄၆ ရာခိုင်နှုန်းတို့သည် အဆိုပါ ဒေသများသို့ ဦးတည်ဝင်ရောက်ကြကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ကျန် ၅၄ ရာခိုင်နှုန်းသည် တရုတ်-ဗီယက်နမ်နယ်စပ်ကိုဖြတ်၍ နိုင်ငံ၏ သကြားထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းခန့်ထွက်ရှိရာ ကွမ်စီကျွမ်းဒေသသို့ ကြံစိုက်ပျိုးရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် နယ်စပ်ဖြတ်ကျော်ခိုးဝင်ရောက်ကြသည်။

နိုင်ငံတွင်းသို့ တရားမဝင် မှောင်ခိုဖြတ်ကျော်ဝင်ရောက်လာသူများအရေးကို ထောက်လှမ်းစောင့်ကြည့်မှုများ အရှိန်မြှင့်ဆောင်ရွက်ကာ ထိရောက်စွာ နှိမ်နင်းသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အုပ်စုဖွဲ့ နယ်စပ်ဖြတ်ကျော်သူများ အရေးကို ပိုမိုဂရုစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွမ်စီကျွမ်းရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ နေတိုးရဟတ်ယာဉ်ပျက်ကျ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ကဘူးလ် ဇူလိုင် ၁၉

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်းတွင် နေတိုးရဟတ်ယာဉ်တစ်စင်း ဇူလိုင် ၁၈ ရက် နံနက်က ပျက်ကျရာ နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း နေတိုးအဖွဲ့က ကဘူးလ်မြို့၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဖော်ပြခြင်းမရှိ

ရဟတ်ယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကြေညာသော်လည်း အသေးစိတ်အချက်အလက်များကိုမူ နေတိုးကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဇူလိုင် ၁၇ ရက်က လက်နက်ကိုင်တို့၏တိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း ကြေညာချက်တွင် အတည်ပြုထားသည်။ သို့သော် သေဆုံးသူ၏ အသေးစိတ်အချက်အလက်များကိုမူ အတိအကျ မဖော်ပြထားကြောင်း တွေ့ရသည်။ **(အင်တာနက်)**

ကင်ညာဒုက္ခသည်စခန်းအနီး လက်နက်ကိုင်ဓားပြများတိုက်ခိုက်

နိုင်ရိုဘီ ဇူလိုင် ၁၉

ကင်ညာနိုင်ငံရှိ ဆိုမာလီနယ်စပ်အနီး ဒုက္ခသည်စခန်းတစ်ခုအနီးတွင် လက်နက်ကိုင်ဓားပြများ၏ တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦးသေဆုံးသွားကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားခဲ့သည်။

ဇူလိုင် ၁၇ ရက် ညနေတွင် လီဘာပြည်နယ်နှင့် ဒါဂါလီဒုက္ခသည်စခန်းအကြား ရဲတပ်ဖွဲ့ဝင်များ ပုံမှန်ကင်းလှည့်ပြီး ပြန်အလာတွင် ကာရာနီယာဆိုသူ ရဲအရာရှိမှာ လက်နက်ကိုင်ဓားပြများချောင်းမြောင်းပစ်ခတ်မှုကြောင့် သေဆုံးသွားသည်။

ပုံမှန်ကင်းလှည့်ပြီး ပြန်လာကြသည့် ရဲတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်ဓားပြ ၁၀ ဦးခန့်က ချုံခိုတိုက်ခိုက်ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များက တုံ့ပြန်ပစ်ခတ်စဉ် ဓားပြများ ထွက်ပြေးသွားကြသည်။ အခြားရဲတပ်ဖွဲ့ဝင်တစ်ဦးလည်း သေနတ်ထိမှန်သဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၉-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

အိန္ဒိယ၌ နှစ်ပေါင်း ၂၅၀၀ ကျော်တိုင် ရှင်သန်နေဆဲဗောဓိပင်

အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်း ၂၅၀၀ ကျော်သက်တမ်းရှိပြီဖြစ်သော ဂေါတမဘုရားရှင် ပွင့်တော်မူသော အချိန်ကတည်းကဖြစ်သည့် ဗောဓိပင်ကြီးတစ်ပင်သည် ယခုတိုင်အောင် ရှင်သန်ဖွံ့ဖြိုးနုပျိုနေဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၁၉ ရက်တွင် ပြောကြားသည်။

အဆိုပါဗောဓိပင်ကြီးသည် တစ်ပင်လုံး နုပျိုစိမ်းလန်းနေလျက်ရှိကြောင်း ဥတ္တာရာခန်းပြည်နယ် ဒီရာဒွန်ရှိ သစ်တောသုတေသနအဖွဲ့မှ သိပ္ပံပညာရှင်နှစ်ဦးအနက် တစ်ဦးဖြစ်သည့် ဆတ်ဟက်စ်နျူတီယာက ပြောကြားခဲ့သည်။ ယင်းဗောဓိပင်ကြီးသည် အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၏ မြို့တော်ပတ္တနားမှ ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ဗုဒ္ဓဂယာတွင် တည်ရှိသည်။ သိပ္ပံပညာ ရှင်များသည် အဆိုပါ ဗောဓိပင်ကြီးအား လေ့လာဆန်းစစ်မှုများ ပြုလုပ်ပြီးနောက် အပင်၏ခြေရင်းရှိ ဘိလပ်မြေချပ်ပြားများနှင့် အခြားသောအပင်များကို ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း၊ ဗောဓိပင်ကြီး ဆက်လက်ရှင်သန်နိုင်ရန်အတွက် အပင်၏အမြစ်များတွင် လိုအပ်သည့် ရေနှင့်အစာအာဟာရများရရှိရန် ကူညီပေးခဲ့ကြောင်း သိပ္ပံပညာရှင် နျူတီယာက ဆက်လက်ပြောကြားခဲ့သည်။ အထွတ်အမြတ်ထားသည့် အဆိုပါ ဗောဓိပင်၏နောက်ရှိ နှစ်ပေါင်း ၁၅၀၀ ခန့်က ရပ်တော်မူဘုရားသို့ ကမ္ဘာတစ်ဝန်းမှ ခရီးသည်အများအပြား နှစ်စဉ်လာရောက်လည်ပတ်ဖူးမြော်လျက်ရှိသည်ဟု ဆိုသည်။

ဂျပန်၌ တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်၊ ၃၂ ဦးပျောက်ဆုံး

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ဇူလိုင် ၁၈ ရက်က အင်အားပြင်းထန်သည့် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နေအိမ်များ ရေလွှမ်းမှုဖြစ်ပေါ်ကာ အနည်းဆုံး ၃၂ ဦးပျောက်ဆုံးလျက်ရှိကြောင်း ပရက်စ်တီဗွီ သတင်း၌ ဖော်ပြသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ကျူရှူးကျွန်းတောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ကျော်အထိ လေပြင်းများ တိုက်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသဌာနမှ ပြောကြားသည်။ ၄င်းတိုင်ဖွန်းမုန်တိုင်း ဖြစ်ပေါ်ပြီး မိုးသည်းထန်မှုကြောင့် ကျူရှူးကျွန်းတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့သည်။ ဒေသခံများအား မြေပြိုမှုများအတွက် ဂရုစိုက်နေကြရန် သတိပေးထားကြောင်း၊ ယင်းတိုင်ဖွန်းမုန်တိုင်းသည် တောင်ကိုရီးယားနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသဌာနမှ ဆက်လက်ပြောကြားသည်။ "ကျွန်တော့်ရဲ့ဘဝမှာ ယခုလို ရေလွှမ်းမှုမျိုး ဘယ်တုန်းကမှ မကြုံဖူးပါဘူး" ဟု အဆိုပါဒေသခံ လယ်သမားတစ်ဦးက ပြောကြားသည်။ *(အင်တာနက်)*

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

ရေနံထုတ်လုပ်မှု ရပ်ဆိုင်းလိုက်ရသည့် တောင်ဆူဒန်နိုင်ငံ ဝင်ငွေကျဆင်းပြီး စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်နေရ

တိုး ရေးသားသည်

အခက်အခဲဟူသမျှ ကျော်လွှားအနိုင်ယူရေးအတွက် ဆူဒန်သမ္မတ အိုမာအယ်ဘရှားနှင့် တောင်ဆူဒန်သမ္မတ ဆာလ်ဗာကားတို့သည် အီသီယိုးပီးယားနိုင်ငံ အဒစ်အာဘာဘာမြို့တော်၌ ကျင်းပသည့် အာဖရိကသမဂ္ဂ(အေယူ)ထိပ်သီးအစည်းအဝေးတွင် ဇူလိုင် ၁၄ ရက်က တွေ့ဆုံခဲ့ကြသည်။

ဤတစ်ကြိမ်တွေ့ဆုံခြင်းမှာ နှစ်နိုင်ငံ နယ်စပ်ပြဿနာကြောင့် ဧပြီလအတွင်းက မီးကုန်ယမ်းကုန် စစ်ပွဲဖြစ်ခမန်းဖြစ်ခဲ့ရပြီးနောက် သူတို့နှစ်ဦး ပထမဆုံးတွေ့ဆုံခြင်း ဖြစ်သည်။

တောင်ဆူဒန်နိုင်ငံသည် ဆူဒန်နိုင်ငံမှ ၂၀၁၁ ခုနှစ်တွင်ခွဲထွက်ပြီး ၂၀၁၁ခုနှစ် ဇူလိုင် ၉ ရက်က လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်လာခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြား မဖြေရှင်းရသေးသည့် ကိစ္စအများအပြားရှိနေသေးသည်။

နှစ်နိုင်ငံနယ်စပ်ပြဿနာဖြေရှင်းရေးအတွက် အေယူ၏ ကြားဝင်ဆောင်ရွက်မှုဖြင့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့တို့ အီသီယိုးပီးယားနိုင်ငံအဒစ်အာဘာဘာမြို့၌ မေ ၂၉ ရက်မှ စတင်ဆွေးနွေးသော်လည်း သဘောတူမှုမရသည့်အဆုံး ဇွန်၇ရက်တွင် ဆွေးနွေးပွဲအဆုံးသတ်ခဲ့သည်။ **(ယာပုံ)**

တောင်ဆူဒန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးတွင် နောက်ဆုံးပိတ်အဖွဲ့ဝင်ဖြစ်သည်။ ၁၉၃ နိုင်ငံမြောက်အဖွဲ့ဝင်ဖြစ်သည့် တောင်ဆူဒန်နိုင်ငံ၏ ပထမအကြိမ် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို တောင်ဆူဒန်မြို့တော် ဂျူဘာ၌ ၂၀၁၂ ခုနှစ် ဇူလိုင် ၉ ရက်က ကျင်းပသည်။

တောင်ဆူဒန်လွတ်လပ်ရေးနေ့ အခမ်းအနားတွင် စစ်ရေးပြအခမ်းအနားပါထည့်သွင်းထားပြီး လွတ်လပ်ရေးနေ့ မိန့်ခွန်းပြောကြားရာတွင် မိမိတို့သည် သူတစ်ပါးနှာခေါင်းပေါက်ဖြင့် အသက်ရှူနေရဆဲဖြစ်ကြောင်း၊ ယခုအခါ မိမိတို့၏ လွတ်လပ်မှုမှာ ပြီးပြည့်စုံခြင်းမရှိဘဲ ယခုထက် ပိုမိုလွတ်လပ်ရမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စီးပွားရေးအရ လွတ်လပ်ရမည်ဖြစ်ကြောင်း သမ္မတ ဆာလ်ဗာကားက ပြောကြားလိုက်သည်။

တောင်ဆူဒန်လွတ်လပ်ရေးနေ့အခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတက်မည်ဟု မူလက မျှော်လင့်ထားသော်လည်း မတကျရောက်ဖြစ်ခဲ့ပေ။ သူ့ကိုယ်စား သူ့သဝဏ်လွှာကို ဖတ်ကြားရာ၌ တောင်ဆူဒန်နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် လုပ်ငန်းဆောင်တာများစွာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် ရှေ့ဆောင်ရွက်စရာများလည်း အများအပြားရှိကြောင်းဖြင့် သဝဏ်လွှာတွင် ဖော်ပြထားသည်။

လွတ်လပ်ရေးနေ့ အခမ်းအနား တက်ရောက်သည့် ယူဂန္ဓာသမ္မတ မူဆီဗီနီက ဆူဒန်နိုင်ငံနှင့် ရင်ဆိုင်ရသည့် တောင်ဆူဒန်နိုင်ငံ၏ တိုက်ပွဲတွင် မိမိတို့နိုင်ငံက တောင်ဆူဒန်နိုင်ငံကို ထောက်ခံသွားမည်ဖြစ်ကြောင်း ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

ဆူဒန်သမ္မတ အယ်ဘရှားသည် တောင်ဆူဒန်နိုင်ငံလွတ်လပ်သည့် အခမ်းအနားကို ယမန်နှစ်က ကျင်းပစဉ်က တက်ရောက်ခဲ့သော်လည်း ယခုနှစ်တစ်နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင်မူ တက်ရောက်ခြင်းမရှိပေ။

တောင်ဆူဒန်နိုင်ငံသည် ဆူဒန်နိုင်ငံမှ ခွဲထွက်လိုက်သောအခါ နိုင်ငံ၏ရေနံ ၇၅ ရာခိုင်နှုန်းကို ရရှိလိုက်သည်။ သို့သော် ရေနံပိုက်လိုင်းများမှာ ဆူဒန်နိုင်ငံကို ဖြတ်ရပြီး ရေနံဖြတ်သန်းသယ်ယူခနှင့် ပတ်သက်၍ ပြည်တွင်းစစ်ကာလ ရန်သူဟောင်းများက သဘောမတူနိုင်သေးဘဲ လိပ်ခဲတည်းလည်း ဖြစ်လျက်ရှိသည်။

ထိုမပြေလည်မှုကြောင့် တောင်ဆူဒန်က ရေနံတင်ပို့မှုအားလုံးကို ဖြတ်တောက်လိုက်သည့်အတွက် တောင်ဆူဒန်အစိုးရ၏ ဘဏ္ဍာဝင်ငွေများ ရုတ်တရက်ကျသွားပြီး တင်းကျပ်သော ခြိုးခြံချွေတာရေးအစီအစဉ်များ ချမှတ်ရတော့သည်။

ထို့ကြောင့် တောင်ဆူဒန်ပြည်သူများအနေဖြင့် သူတို့မျှော်မှန်းထားသလောက် လွတ်လပ်ရေး၏အရသာကို ခံစား၊ စံစားနိုင်ခြင်းမရှိ၊ အရာရာတွင် ချို့တဲ့လျက်ရှိနေသည်။

တောင်ဆူဒန်နိုင်ငံသစ် အနေဖြင့် ပြည်တွင်းနှင့် ပြည်ပ နှစ်ဌာနစလုံး၌ ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ ဆူဒန်နိုင်ငံမှ ခွဲထွက်ကာ လွတ်လပ်ရေး အရယူနိုင်သည်ဆိုသော်လည်း နှစ်နိုင်ငံအကြား မဖြေရှင်းရသေးသည့် ပြဿနာများရှိသည်။ တစ်ဖန် ပြည်တွင်း၌လည်း အဂတိ လိုက်စားမှု၊ မလုံခြုံမှုနှင့် အာဏာရ အက်စ်ပီအယ်လ်အမ်ပါတီတွင်း ခေါင်းဆောင်မှု ညံ့ဖျင်းခြင်း စသည့်ကိစ္စများရှိသည်။

တောင်ဆူဒန် လွတ်လပ်ရေးရပြီး ကတည်းက အစိုးရအနေဖြင့် ရေနံမှ ရရှိသည့် ဝင်ငွေအပေါ် မှီခိုမှု လျှော့ချခဲ့သည်။ သို့သော် အခြားစီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့ချေ။ ရေနံဝင်ငွေမှာ လောလောဆယ်တွင် အမျိုးသား ဘတ်ဂျက်၏ ၉၈ ရာခိုင်နှုန်းရှိသည်။

တောင်ဆူဒန်၏ ရေနံထုတ်လုပ်မှု အားလုံး ရပ်လိုက်သဖြင့် ရေနံမှ ဝင်ငွေများ ကျဆင်းသွားခဲ့ရပြီး စီးပွားရေး အကျပ်အတည်းများနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ငွေကြေးဖောင်းပွမှုမှာ မေလအတွင်းက ၈၀ ရာခိုင်နှုန်းရှိသည်။

ခြိုးခြံချွေတာရသဖြင့် တက္ကသိုလ်ပညာရေးကို အခမဲ့သင်ယူခွင့်ပေးမည်ဟူသော အစိုးရ၏ကတိလည်း ပျက်ပြားခဲ့သည်။ အက်စ်ပီအယ်လ်အမ်ပါတီ အနေဖြင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို မထိန်းနိုင်၊ လက်နက်ကိုင်များ၊ လူမျိုးရေးပဋိပက္ခများနှင့် ရင်ဆိုင်ရသည်။

ဤသို့သော တောင်ဆူဒန်နိုင်ငံသစ်၏အခက်အခဲများမှာ ရတက်မအေးစရာဖြစ်သည်။သို့သော် တောင်ဆူဒန်ပြည်သူများမှာ ဆူဒန်နိုင်ငံမှ ခွဲထွက်ရန် ပြည်သူ့ဆန္ဒခံယူပွဲတွင် တစ်ခဲနက် ၉၈ ရာခိုင်နှုန်း မဲပေးခဲ့သည့်လုပ်ရပ်အတွက် နောင်တတစ်ချက်မျှမရ။ အခက်အခဲ ဟူသမျှ ကျော်လွှားရမည်သာဖြစ်ကြောင်း ခံယူထားကြသည်။ ။ ***ကိုးကား-အင်တာနက်***

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ - စုစည်းရေးသားသည်

လူမှုရေးလုပ်ငန်းတွေမှာကူညီနေတဲ့ ရုပ်ရှင်မင်းသမီးဟန်ဂျီမင်

ဆိုးလ် ဇူလိုင် ၁၉

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟန်ဂျီမင်ဟာ ဖွံ့ဖြိုးစ အာရှနိုင်ငံတွေရဲ့ ကလေးငယ်တွေ အတွက် ပညာရေးရန်ပုံ ငွေလှူဒါန်းမှု အစီအစဉ်တွေမှာ လိုက်ပါကူညီနေပြီး သူမကိုယ်တိုင်လည်း ငွေလှူဒါန်းမှုတွေ ပြုလုပ်နေပါတယ်။

ရုပ်ရှင်မင်းသမီး ဟန်ဂျီမင်ဟာ ဖိလစ်ပိုင်နိုင်ငံ တောင်တန်းဒေသမှာ ရှိတဲ့ ကျေးရွာတစ်ရွာရဲ့ စာသင်ကျောင်းမှာ ကျောင်းစာအုပ်တွေနဲ့ ဗဟုသုတရဖွယ် စာအုပ်တွေကိုလည်း လှူဒါန်းမှု ပြုလုပ်ခဲ့ပါတယ်။ ဟန်ဂျီမင်ဟာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာရှိတဲ့ လူမှုရေးအဖွဲ့တွေနဲ့ ပူးတွဲပြီး လူမှုရေး လုပ်ငန်းတွေကို တက်တက်ကြွကြွ လုပ်ကိုင်နေသူ တစ်ဦးလည်း ဖြစ်ပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ဟန်ဂျီမင်ရဲ့ Rooftop Prince အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ၂၀၁၂ ခုနှစ်ထဲမှာ အက်စ်ဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသခဲ့ပါတယ်။

ရုပ်ရှင်မင်းသမီး ဟန်ဂျီမင်။

သူမဟာ ၂၀၀၃ခုနှစ်က ရိုက်ကူးခဲ့တဲ့ All In အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ပရိသတ်တွေ အားပေးမှုရရှိခဲ့ပြီး နောက်ပိုင်းဇာတ်လမ်းတွဲတွေ ဆက်တိုက်ရိုက်ကူးလာတဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးလည်း ဖြစ်ပါတယ်။

ရိုက်ကူးခဲ့

ရုပ်ရှင်မင်းသမီးဟန်ဂျီမင်ဟာ ၂၀၀၆ ခုနှစ်က Wolf အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ရိုက်ကူးစဉ်က ဇာတ်ဝင်ခန်းတစ်ခန်းမှာ သရုပ်ဆောင်ရင်းမော်တော်ယာဉ်မတော်တဆဖြစ်မှုကြောင့် သူမ ဒဏ်ရာရရှိခဲ့လို့ ဇာတ်ကားရိုက်ကူးမှုတွေ နှောင့်နှေးခဲ့ပြီး နောက်ပိုင်းမှာ ကျန်းမာရေးကောင်းမွန်လာတာမို့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ပြန်လည်ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။

ရုပ်ရှင်ကားအနေနဲ့ ရုပ်ရှင်မင်းသမီးဟန်ဂျီမင်ဟာ Detective k:Secret of the Virtuous Widow အမည်ရှိတဲ့ ရုပ်ရှင်ကားကို ရိုက်ကူးခဲ့ပြီးနောက်ပိုင်းမှာ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ ဆက်တိုက်ရိုက်ကူးလျက်ရှိပါတယ်။

(အင်တာနက်)

မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာရပ်စော်ဘွားများပြည်ထောင်စုရှိ ပရင့်စ်တာဝါ ကမ္ဘာ့အမြင့်ဆုံး လူနေအဆောက်အအုံဖြစ်

ဒူဘိုင်း ဇူလိုင် ၁၉

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် တည်ဆောက်ထားသော ပရင့်စ်တာဝါ လူနေအဆောက်အအုံသည် ကမ္ဘာပေါ်၌ အမြင့်ဆုံး လူနေအဆောက်အအုံအဖြစ် ၂၀၁၂ ခုနှစ် ဂင်းနက်စ်မှတ်တမ်း၌ ဆက်လက်ဖော်ပြခံရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ဝဲပုံ)**

အဆိုပါ ပရင့်စ်တာဝါသည် အမြင့် ၁၃၅၆ ပေ ရှိကာ အထပ်ပေါင်း ၁၀၁ ထပ်ရှိသည်။ ၎င်းအဆောက်အအုံကို ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီးနောက်ပိုင်း နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့အမြင့်ဆုံး လူနေအဆောက်အအုံအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။

၎င်းအဆောက်အအုံ၏ အမြင့်ဆုံးလူနေအထပ် ကြမ်းပြင်မှာ မြေပြင်မှ ၁၁၇၁ပေ ရှိသည်။ ပရင့်စ်တာဝါအဆောက်အအုံကို တည်ဆောက်ခဲ့ရာတွင် ငွေကြေးအမေရိကန်ဒေါ်လာ သန်း ၂၁၀ ကုန်ကျခဲ့သည်။

ယခင်က ကမ္ဘာ့အမြင့်ဆုံး လူနေအဆောက်အအုံမှာ ယူအေအီးနိုင်ငံရှိ အမြင့် ၁၂၈၉ ပေ မြင့်သော အဆောက်အအုံဖြစ်သည်။ **(အင်တာနက်)**

အာကာဟိန်း - ရေးသားသည်

အရွယ်အစားကြီးမားသော ရေချိုကကတစ်ငါးကြီး

ကကတစ်ငါးကြီးကိုပြသစဉ်။

လန်ဒန် ဇူလိုင် ၁၉

အင်္ဂလန်နိုင်ငံ စိန့်ပီတာပို့စ်မြို့ရှိ ငါးမွေးကန်တစ်ကန်အတွင်းမှ ရေချိုငါးမျိုးဖြစ်သော ကကတစ်ငါးကြီးတစ်ကောင်သည် အလေးချိန် ၁၃ပေါင် ၁၃ အောင်စရှိရာ ဖမ်းဆီးမွေးမြူခဲ့သော ကကတစ်ငါးများအနက် အကြီးဆုံးဖြစ်ကြောင်း ဇူလိုင် ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါငါးမွေးကန်ကို အသက် ၂၉ နှစ်အရွယ်ရှိ အင်္ဂလန်နိုင်ငံသား မက်ကလက်က ပိုင်ဆိုင်ခြင်းဖြစ်သည်။ ၎င်းကကတစ်ငါးကြီးကို ဝယ်ယူသူများက ပေါင် ၈၀၀ အထိဈေးပေးထားသည်။ ၎င်းကကတစ်ငါးကြီးနီးပါး အရွယ်အစားရှိသည့် ကကတစ်ငါးတစ်ကောင်ကို မက်ကလက်၏ ငါးမွေးကန်မှ ခိုးယူခြင်းခံခဲ့ရသဖြင့် ယခုငါးကြီးအား ရောင်းချလိုက်ပါက ၎င်းကဲ့သို့ကြီးထွားလာနိုင်သော ကကတစ်ငါးမျိုး မရှိတော့မည်ကိုစိုးရိမ်သဖြင့် ရောင်းချမည်မဟုတ်ကြောင်း မက်ကလက်က ပြောကြားသည်။ ***(အင်တာနက်)***

လက်ဖဝါးပုံသဏ္ဍာန် လူအများဆုံး စုစည်းပြသသည့်စံချိန်

ဆန်ဂျုန် ဇူလိုင် ၁၉

ပွာတိုရီကိုနိုင်ငံ ဆန်ဂျုန်မြို့၌ လူငယ်များနှင့် အရွယ်ရောက်ပြီးသူ အမျိုးသား အမျိုးသမီးများစုပေါင်း၍ လူတစ်ဦး၏ လက်ဖဝါးပုံစံအတိုင်း လူအများစုစည်းပုံဖော်ပြသခဲ့ရာ ကမ္ဘာပေါ်၌ လူအများဆုံးစုစည်းပြီး လက်ဖဝါးပုံစံဖော်ဆောင်ပြသမှုအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

ဆန်ဂျုန်မြို့တွင်နေထိုင်သော အသက်ခြောက်နှစ်နှင့် ၁၂ နှစ်အရွယ် ကလေး ၈၄၉ ဦးနှင့် အရွယ်ရောက်ပြီးသူ အမျိုးသား၊ အမျိုးသမီး ၂၅၀တို့က စုပေါင်းပြီး လက်ဖဝါးပုံစံအတိုင်းစုစည်းကာ မတ်တတ်ရပ်ပြီး လုပ်ဆောင်ပြသခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ထိုသို့စုစည်းပြသမှုကို ဆန်ဂျုန်မြို့ဟိုင်ရမ်ဘီသွမ် အားကစားရုံအတွင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လူများက လက်ဖဝါးပုံစံနှင့် လက်ချောင်းငါးချောင်း ဖြန့်ထားသော လက်ဖဝါးပုံစံများကိုလည်း ပုံစံတစ်မျိုးလျှင် ၁၀ မိနစ်ခန့်ကြာမျှ ပုံဖော်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါလက်ဖဝါးပုံစံဖြင့် လူများစုစည်းနေထိုင်ခြင်းသည် ကလေးများအတွက် ကျန်းမာစွာနေထိုင်စားသောက်ရေးကိုဦးတည်ကာ အမှတ်ရသိရှိကြစေရန် ရည်ရွယ်ကြောင်း ၎င်းပွဲကိုကြီးမှူးကျင်းပသည့် နက်စတယ်ပွာတိုရီကိုကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

ဝန်ထမ်းများ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ကြိုးစားလုပ်ကိုင်

အတတ်ပညာများ၊ နည်းပညာများ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ ငါးဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲငါးဖွဲ့၊ အဆောက်အအုံအထူးအဖွဲ့ ရှစ်ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ ဖွဲ့တို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ **(ယာပုံ)** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏လုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် အထူးစီမံကိန်းကြီးအဖွဲ့ငါးဖွဲ့၊ အထူးစီမံကိန်းကြီးအဖွဲ့ခွဲငါးဖွဲ့၊ အဆောက်အအုံ အထူးအဖွဲ့ ရှစ်ဖွဲ့၊ လေယာဉ်ကွင်းအထူးအဖွဲ့ ရှစ်ဖွဲ့၊ လမ်းအထူးအဖွဲ့ ၁၆ဖွဲ့၊ တံတားအထူးအဖွဲ့ ၁၆ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း/ တံတားများ ကောင်းမွန်စေရန်၊ အဆင့်မြှင့်တင်ခြင်းအပိုင်း၊ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ အထူးစီမံကိန်းကြီးအဖွဲ့များမှ အင်ဂျင်နီယာများအနေဖြင့် လမ်း/တံတားများ ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးမှုလျော့နည်းစေရန် တန်ပိုတားဆီးရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ရန်၊ စက်၊ ယာဉ်၊ ယန္တရားများနှင့် ကတ္တရာများ၊ စက်သုံးဆီများကို အလေအလွင့်မရှိအောင် စနစ်တကျ အသုံးပြုရန်၊ ဘဏ္ဍာငွေကြေးများကိုလည်း ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန်၊ ဝန်ထမ်းများ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ကြိုးစားလုပ်ကိုင်ကြရန်၊ အတတ်ပညာများ၊ နည်းပညာများ တိုးတက်အောင် ဆောင်ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားကြရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးတင့်က လမ်းများမပျက်စီးအောင် ကြိုတင်ကာကွယ်ထိန်းသိမ်းခြင်း၊ လမ်းမကြီးများ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ အာဆီယံစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း၊ တန်ပိုတားဆီးရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီး ဦးကျော်လွင်က လမ်း/ တံတားများသည် ပြည်သူတို့နှင့် အထိအတွေ့များသည့် လုပ်ငန်းများဖြစ်သည့်အတွက် အထူးအလေးထားဆောင်ရွက်ကြရန်၊ ရေငံပိုင်းဒေသတွင် တည်ဆောက်ထားသည့် တံတားများကိုလည်း ကြံ့ခိုင်မှုအပိုင်း၊ ပြင်ဆင်ထိန်းသိမ်းမှုအပိုင်းကိုလည်း အထူးအလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မလစ်ကျေးရွာအုပ်စု ကျူချောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်အဆင့်(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးစက်ရွှေ နိုင်ငံသားအရည်အချင်းပြည့်မီသူ ၆၀ အား တစ်ဦးချင်း ပေးအပ်စဉ်။ (မြို့နယ် လဝက)

မှတ်သားဖွယ်ရာမိုးရေချိန်များ
၁၉-၇-၂၀၁၂

သံတွဲမြို့	မြောက်ဦးမြို့
၈ ဒသမ ၅၀ လက်မ	၇ ဒသမ ၁၃ လက်မ
ရေးမြို့	စစ်တွေမြို့
၇ ဒသမ ၄၀ လက်မ	၇ ဒသမ ၀၉ လက်မ
	လောင်းလုံမြို့
	၅ ဒသမ ၀၀ လက်မ
	ကျောက်တော်မြို့
	၄ ဒသမ ၉၂ လက်မ

လိုင်စင်မဲ့ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပေး

မန္တလေးဈေးကွက်သို့ တံဆိပ်မျိုးစုံ ဆိုင်ကယ်များဝင်ရောက်

မန္တလေး ဇူလိုင် ၁၉

လိုင်စင်မဲ့ဆိုင်ကယ်များကို ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရဲသီပွဲကွင်း၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းအကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော အဖွဲ့များဖြင့် တစ်ရက်လျှင် အစီးရေ ၅၀၀ခန့် ရုံးဖွင့်ရက်များတွင် စနစ်တကျ ယာဉ်မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိသည်။ ယာဉ်မှတ်ပုံတင်များဆောင်ရွက်ပေးနေသဖြင့် တစ်ဖက်နိုင်ငံများမှ ထုတ်လုပ်သော ဆိုင်ကယ်များ မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် ၅၆ လမ်းရှိ လိုင်စင်မဲ့ဆိုင်ကယ်ဈေးကွက်သို့ဝင်ရောက်လျက်ရှိရာ ဝယ်ယူသူများပြားသဖြင့် ဈေးနှုန်းများမြင့်တက်လျက်ရှိသည်။ တရုတ်ငွေဈေးမြင့်တက်မှုနှင့်အတူ ၂၀၁၂ မော်ဒယ်အင်ဂျင်ပါဝါ ၉၀ ဂျာလင်းဆိုင်ကယ်တစ်စီး ကျပ် ၄၃၀၀၀၀၊ Follow Me Y2K 100 CC တစ်စီး ကျပ် ၂၉၀၀၀၀၊ ကင်ဘိုရှပ်ဆီး ကျပ် ၃၈၀၀၀၀၊ ရင်ဇင်းအင်ဂျင်ပါဝါ 110 CC ကျပ် ၃၂၀၀၀၀၊ လော့ဂျာပုံပြောင်း ကျပ် ၄၅၀၀၀၀၊ ဆိုင်ကလုန် 125 CC ကျပ် ၅၅၀၀၀၀၊ ထိုင်းနိုင်ငံလုပ် Dream ကျပ် ၁၀၀၀၀၀၀၊ မီနို ကျပ် ၁၂၀၀၀၀၀၊ Click ကျပ် ၁၄၀၀၀၀၀ အထိ ဈေးတက်သွားသည်။

မန္တလေးမြို့အခြေပြု တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံဆိုင်ကယ်ကုမ္ပဏီများကလည်း လိုင်စင်မဲ့ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပေးနေသဖြင့် အရောင်းကျဆင်းသွားကာ နံပါတ်ပါ ကုမ္ပဏီအမည်ပေါက်ဆိုင်ကယ်များကို အထူးလျှော့ဈေးဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)** **သီဟကိုကို(မန္တလေး)**

မြန်မာ့အလင်း မှုခင်းသတင်း ၁၉-၇-၂၀၁၂

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ် ဇူလိုင်လဝက်အတွင်း ယာဉ်တိုက်မှုဖြစ်စဉ်

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီစီမံမှုအောက်ရှိ ယာဉ်လိုင်းများတွင် ဇူလိုင် ၁ ရက်မှ ၁၈ ရက်အတွင်း ယာဉ်မတော်တဆမှု ၁၃ မှုရှိခဲ့ရာ သေဆုံးသူသုံးဦး၊ ဒဏ်ရာရသူ ၄၄ ဦးရှိခဲ့ကြောင်းသိရသည်။

ယင်း ၁၈ ရက်တာကာလ၌ စည်ပင်သာယာနယ်နိမိတ် (အတွင်း) ယာဉ်တိုက်မှုခြောက်မှု၊ တိမ်းမှောက်မှုခြောက်ကြိမ်ရှိခဲ့ရာ သေဆုံးသူနှစ်ဦး၊ ဒဏ်ရာရသူ ၄၀ ရှိခဲ့ပြီး စည်ပင်သာယာနယ်နိမိတ်(ပြင်ပ)တွင် ယာဉ်တိမ်းမှောက်မှုတစ်ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ တစ်ဦး၊ ဒဏ်ရာရသူ လေးဦးရှိခဲ့ပြီး ယာဉ်လုပ်သားငါးဦးကို ထုတ်ပယ်ခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုများတွင် မထသ(မြို့တွင်း)မှ ခရီးသည်တင်ယာဉ်လိုင်းမှ သုံးကြိမ်၊ ဗန္ဓုလ(ပါရမီ)ယာဉ်လိုင်းမှ သုံးကြိမ်၊ မြောက်ပိုင်းခရိုင်ယာဉ်လိုင်းမှတစ်ကြိမ်၊ အနောက်ပိုင်းခရိုင်ယာဉ်လိုင်းမှ သုံးကြိမ်၊ သန်မြန်သူယာဉ်လိုင်းမှသုံးကြိမ် ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်/တိမ်းမှောက်မှု ၁၃ မှုအနက် ယာဉ်နှင့်လူတိုက်မှုနှစ်မှု၊ ယာဉ်နှင့် ယာဉ်ချင်းတိုက်မှုနှစ်မှု၊ ယာဉ်နှင့်အခြားတိုက်မှုနှစ်မှု၊ ယာဉ်တိမ်းမှောက်မှု ခုနစ်မှုတို့ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်များထဲမှ မထသ(မြို့တွင်း)စီမံမှုအောက်ရှိ ၄၉ ဒိုင်နာ(အဝါ) ယာဉ်အမှတ်၂က/---သည် ဇူလိုင် ၁၇ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က သာကေတမှ ဒဂုံမြို့သစ်မြောက်ပိုင်းသို့အသွား တောင်ဥက္ကလာပမြို့နယ် မြင်သာဈေးရှေ့အရောက်တွင် ချယ်ရီဥယျာဉ်မြို့တော်အတွင်းမှ အရှိန်ပြင်းစွာမောင်းထွက်လာသည့် ကိုယ်ပိုင်ယာဉ်အမှတ် ၈ခ/--- က ၄၉ ဒိုင်နာအဝါ၏ ညာဘက်ခေါင်းခန်းကို ဝင်ရောက်တိုက်မိမှုကြောင့် ၄၉ ဒိုင်နာယာဉ်မှာ တစ်ဖက်လမ်းကြောင်းပေါ်သို့ ရောက်သွားပြီး ရပ်ထားသည့်အမှတ်(၃၇) ဘီအမ်ယာဉ်အမှတ် ဆ/---ကို ထပ်မံတိုက်မိကာ ယာဉ်တိမ်းမှောက်ခဲ့ရာ ဒိုင်နာပေါ်ပါ ခရီးသည်ကိုးဦး ဒဏ်ရာရရှိခဲ့သည်။

မထသ(ဗဟို)သည် နိုင်ငံတော်နှင့် ယာဉ်လိုင်းများအကြား ပူးပေါင်းဆောင်ရွက်ပေးနေရသည့် လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ အခက်အခဲများကို နေ့စဉ်ဆောင်ရွက်ပေးနေရပြီး ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းပပျောက်စေရန် ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများအားလုံးက ကိုယ်စီစည်းကမ်းလိုက်နာကြခြင်းဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေမည်ဖြစ်ကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး မူးယစ်(အထူး)အဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ ရက် ညနေ ၆ နာရီတွင် နောင်ချိုမြို့ အဝင် မိုင်တိုင်အမှတ် (၇၈/၅)၌ မူဆယ်မှ မန္တလေးသို့သွားမည့် လိုက်ထရပ်ယာဉ်အမှတ် ၈ဇ/---ကိုသက်သေများနှင့်အတူ ရှာဖွေစစ်ဆေးစဉ် ခရီးသည် ဒေါ်ဖာရှို ၅၅ နှစ် ဟိုပုန်းကျေးရွာ ကွတ်ခိုင်မြို့နယ်နေသူ သယ်ဆောင်လာသည့် တရုတ်စာတန်းပါ ခေါက်ဆွဲခြောက်ထုပ်အတွင်း ရောနှောသို့ဝှက်လာသော ဘိန်းဖြူ ၁၃ ဂရမ် ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိသည်။

သိမ်းဆည်းရမိ

ထို့အပြင် ဇူလိုင် ၁၇ ရက် နံနက် ၁ နာရီတွင် နောင်ချိုမြို့အဝင် အဆိုပါ မိုင်တိုင်၌ပင် လားရှိုးမှမန္တလေးသို့သွားမည့် မှန်လုံယာဉ်အမှတ် ၄ခ/--- ကို ရှာဖွေစစ်ဆေးရာ ခရီးသည် ဒေါ်နန်ရွှယ် ၄၅ နှစ် မန်ပြိန်းရွာ ကွတ်ခိုင်မြို့နယ်နေသူ၏ ပလတ်စတစ်ခြင်းတောင်းအတွင်းမှ မုန့်များနှင့်ရောနှောထားသည့်ဘိန်းဖြူထည့်ဆပ်ပြာခွက် လေးခွက်နှင့် မုန့်ဘူးများအတွင်းမှ ဘိန်းဖြူထည့်ထားသည့် ဆပ်ပြာခွက် ၃၂ ခွက် စုစုပေါင်း ဆပ်ပြာခွက် ၃၆ ခွက်အတွင်းမှ ဘိန်းဖြူ ၄၇၄ ဂရမ် ကာလတန်ဖိုး ငွေကျပ် သိန်း ၉၀ ခန့်ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ လားရှိုးမူးယစ်(အထူး)အဖွဲ့သည် ထိုနေ့နံနက် ၁ နာရီခွဲတွင် နောင်ချို မိုင်တိုင် (၇၈/၅)၌ လားရှိုးမှ မန္တလေးသို့သွားမည့် မှန်လုံယာဉ်အမှတ် ၉ခ/---ကို ရှာဖွေစစ်ဆေးရာခရီးသည် မရန်ဆုံဆန်း ၄၃နှစ် တာမိုးညဲကျေးရွာ ကွတ်ခိုင်မြို့နယ်နေသူ သယ်ဆောင်လာသည့် တရုတ်စာတန်းပါ ဆန်ပြုတ်ဘူးနှစ်ဘူးအတွင်း ပလတ်စတစ်ဖြင့် ထုတ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ထုပ် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၂၀ ပြား ကာလတန်ဖိုး ငွေကျပ် ၅၄ သိန်းကျော်ကို ထပ်မံရှာဖွေသိမ်းဆည်းရမိသဖြင့် နောင်ချိုရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၀၇၂)

မူးယစ်ဆေးဝါး အာနိသင်ရှိသော ဆေးဝါးများ မြစ်ကြီးနား၌ သိမ်းဆည်းရမိ

မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲအုပ် ကျော်ဝင်းသန်းဦးစီးသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါး အာနိသင်ရှိသော ဆေးဝါးဟုသတ်မှတ်ထားသည့် ဆေးတောင့်များဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ သက်သေများနှင့်အတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်ရှိ မိုးတိမ်ဆေးဆိုင်သို့ ဥပဒေနှင့်အညီ ဝင်ရောက်စစ်ဆေးရှာဖွေရာ ဆိုင်ပိုင်ရှင် အားဒီးစိုင်းစီအား အသင့်တွေ့ရှိရပြီး ဆေးဆိုင်မှန်ကောင်တာ ဒုတိယထပ်တွင် OXYPAD-M တံဆိပ်ပါ အဝါရောင်စက္ကူဘူးငယ်ဖြင့်ထည့်ထားသော ဝါစိမ်းကြား TRAMA CAP အတန်းပါ TRAMADOL ဆေးတောင့် ၁၃၄ တောင့်၊ ကောင်တာအံဆွဲအတွင်းမှ TRAMADOL ဆေးတောင့် ၁၀၀၀ စုစုပေါင်းဆေးတောင့် ၁၁၃၄ တောင့်၊ အလေးချိန် ၅၆ ဒသမ ၇ ဂရမ်ခန့်(ကာလတန်ဖိုးငွေကျပ် ၁၇၀၁၀၀)ကို သိမ်းဆည်းရမိသဖြင့် အားဒီးစိုင်းစီ ၂၉ နှစ် အမှတ်(၅၀) ရွှေလမ်းမနယ်မြေ(၂) တပ်ကုန်းရပ်ကွက် မြစ်ကြီးနားမြို့နေသူအား မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၀၆၂)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

မိုးကောင်း ဇူလိုင် ၁၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ရုံး၌ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ စီမံကိန်းဦးစီးအရာရှိ ဒေါ်အိအိရွှေက စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ တာဝန်ပေးအပ်ခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းရည်မှန်းချက်နှင့်ပတ်သက်၍ တာဝန်ပေးအပ်သည့် စာရွက်စာတမ်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများကိုယ်စား မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဝင်းအောင်အားလည်းကောင်း၊ ရပ်ကွက်ကျေးရွာများကိုယ်စားနတ်ကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်သန်းအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ရွှေကျင်မြို့နယ်၌ သစ်ပင်စိုက်ပျိုး

ရွှေကျင် ဇူလိုင် ၁၉

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ရွှေကျင်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စု ရုံးတိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်း၌ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်နှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရတနာတန်းဝင်ကျွန်းပင်၊ ယူကလစ်နှင့် သစ်မာပျိုးပင် ၁၀၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်သစ်တော)

ပင်စင်စားတို့ ခေတ်မီတော့မည်

မင်းသူ

မြန်မာ့စီးပွားရေးဘဏ် (အင်းစိန်ဘဏ်ခွဲ) နှင့် မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်လေးသည်ကား ရုံးဝန်ထမ်းများ၊ ရုံးသို့လာရောက်ကြသူများ၊ ဘဏ်သို့ ငွေလာထုတ်သူများဖြင့် စည်ကားစပြုနေပြီဖြစ်သည်။ ပင်စင်လစာထုတ်ရက်ဖြစ်၍ အငြိမ်းစားပင်စင်စား ဦးစိုးတစ်ယောက် ဘဏ်ဖွင့်ချိန်စောင့်ရင်း အဆိုပါ လက်ဖက်ရည်ဆိုင်လေးတွင် ထိုင်နေစဉ် စီးပွားဘဏ် လက်ထောက်မန်နေဂျာလေး ဖြတ်သွားသည်ကို တွေ့သဖြင့် လှမ်းခေါ်လိုက်သည်။

ဦးစိုး - ဂျာလေး လက်ဖက်ရည် သောက်ပါဦး။

ဂျာလေး - အန်ကယ်စိုးပါလား. . . ဒီနေ့ စောနေတယ်ထင်တယ်။

ဦးစိုး - ရာသီဥတု အခြေအနေအရ စောထွက်ခဲ့တာ ဂျာလေးရေ။ (မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာအား ဂျာကြီးဟုခေါ်ပြီး လက်ထောက်မန်နေဂျာအား ဂျာလေးဟု ခေါ်ကြသည်။)

ထိုစဉ် ဆိုင်အတွင်းသို့ နွေးကွေးလေးလံသော ခြေလှမ်းဖြင့် ပင်စင်စားကြီး ဦးမိုးတစ်ယောက် ဝင်လာပြီး ဦးစိုးတို့ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

ဦးမိုး - မောလိုက်တာဗျာ. . ကျွန်တော်တို့ တစ်ခါတစ်ခါ ပင်စင်လာထုတ်ရတာ မလွယ်ပါဘူးဗျာ၊ သားသမီးတွေ မြေးတွေလည်း သူ့အလုပ်နဲ့သူဆိုတော့ ကိုယ်တိုင်လာရတဲ့ဒုက္ခ၊ တိုကင်ယူရတဲ့ဒုက္ခ၊ ငွေထုတ်ဖို့စောင့်ရတဲ့ဒုက္ခတွေကို ကျွန်တော်တို့လို ပင်စင်စားတွေ အချင်းချင်းသာ သိပါတယ်ဗျာ၊ ဟုတ်တယ်မဟုတ်လား ကိုစိုး၊ ဂျာလေးကိုတော့ အားနာပါတယ်ဗျာ။

ဦးစိုး - ဟုတ်ပ့ါ ကိုမိုးရာ၊ ကျွန်တော်နေတာက တာမွေ၊ လာထုတ်ရတာက အင်းစိန်ဆိုတော့ ဘဏ်ရောက်အောင် ကားအဆင့်ဆင့်စီးပြီး မနက် ၈ နာရီကတည်းက ထွက်လာခဲ့ရတာ၊ ဘတ်စ်ကားပေါ်မှာ အလိုက်သိတဲ့ စပယ်ယာတွေ၊ ခရီးသည်တွေနဲ့တွေ့ရင် ထိုင်ခုံနေရာရတယ်၊ မသိတတ်တဲ့ သူတွေနဲ့ဆိုရင် ထိုင်စရာနေရာမရဘဲ ခြေညောင်း၊ လက်ညောင်းနဲ့ အင်မတန်ဒုက္ခများပါတယ်ဗျာ။

ဂျာလေး - အန်ကယ်တို့ဒုက္ခတွေ မကြာခင် အေးအေးဆေးဆေးဖြစ်တော့မှာပါ။

ဦးမိုး - ဘာကြောင့်လဲ ဂျာလေးရဲ့ ဆိုစမ်းပါဦး။

ဂျာလေး - ပင်စင်စားတွေရဲ့ အခက်အခဲတွေကို ကျွန်တော်တို့လည်း သိပါတယ် အန်ကယ်တို့ရယ်၊ ကျွန်တော်တို့ဘဏ်တွေမှာလည်း ပင်စင်စား ဦးရေကများတော့ အဲဒီအခက်အခဲကို ဘယ်လိုဖြေရှင်းပေးရမလဲ ဆိုတာ ဌာနအကြီးအကဲတွေက အမြဲစဉ်းစားဆောင်ရွက်ပေးနေတာပါ၊ အခု ပင်စင်ထုတ်ရ အဆင်ပြေလွယ်ကူအောင် မကြာခင် e-pension စနစ်နဲ့ ဆောင်ရွက်တော့မှာပါ။

ဦးစိုး - e-pension စနစ်ဆိုတာ ဘယ်လိုလဲ ဂျာလေးရဲ့ ရှင်းပြပေးပါဦး။

ဂျာလေး - ဒီလို အန်ကယ်စိုးရဲ့ e-pension စနစ်ဆိုတာ ခေတ်မီ IT နည်းပညာ အသုံးပြုထားတဲ့ Database Payment System တစ်ခုဖြစ်ပြီး ဒီ System တစ်ခုလုံးကို မြန်မာ့စီးပွားရေးဘဏ်နဲ့ Trust Link Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပင်စင်စာအုပ်အစား Chip ပါရှိတဲ့ Contactless Smart Card နဲ့ ပင်စင်စားတွေကို ငွေထုတ်ပေးတဲ့စနစ် ဖြစ်ပါတယ်။ Smart Card ရဲ့ Chip အတွင်းမှာ ပင်စင်စားရဲ့ဓာတ်ပုံ၊ ထိုးမြဲလက်မှတ်၊ လက်ဗွေ၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ နောက်ဆုံးပင်စင်ထုတ်ရက်စွဲနှင့် ငွေပမာဏ၊ အငြိမ်းစားယူခဲ့သည့်ရာထူး၊ ဌာန၊ လိပ်စာ စတဲ့အချက်အလက်တွေကို မှတ်တမ်းတင်သိမ်းဆည်းထားမှာ ဖြစ်ပါတယ်။

ဦးမိုး - ငွေထုတ်ယူရမယ့် ပုံစံကိုလည်း ရှင်းပြပေးပါဦး၊ ဂျာလေး။

ဂျာလေး - ပင်စင်စားတွေအနေနဲ့ လက်ရှိစနစ်လို ပင်စင်မထုတ်မီ ဘဏ်ကို သီးသန့်တစ်ခေါက်လာရောက်ပြီး ပင်စင်လျှောက်လွှာတင်ဖို့ မလိုဘဲ ဘဏ်ဖွင့်ရက်တိုင်းမှာ ဘဏ်လုပ်ငန်းချိန်အတွင်း ပင်စင်ကောင်တာမှာ တပ်ဆင်ထားတဲ့ Contactless Card Reader မှာ မိမိရဲ့ Smart Card ကို တင်ပြရုံနဲ့ ငွေထုတ်နိုင်ပါတယ်။ ပင်စင်စားရဲ့ အချက်အလက်တွေကို Computer Program က တိုက်ဆိုင်စစ်ဆေးပြီး ပင်စင်ထုတ်ပေးရမယ့် လများနဲ့ ငွေပမာဏအပါအဝင် ပင်စင်စားရဲ့ အချက်အလက်များနဲ့ လာရောက်ထုတ်ယူသူ ပင်စင်စား (သို့မဟုတ်) ကိုယ်စားလှယ်ကို Web Camera မှ ဓာတ်ပုံရိုက်ယူပြီး Computer ဖန်သားပြင်မှာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။

ဦးစိုး - လုံခြုံမှုပိုင်းအရ စိတ်ချရအောင် ဆောင်ရွက်ထားတာပဲနော်။

ဂျာလေး - ဟုတ်ပါတယ် အန်ကယ်၊ အချက်အလက်တွေ ပြည့်စုံမှန်ကန်ကြောင်း ဘဏ်ပင်စင်တာဝန်ခံအရာရှိ စိစစ်အတည်ပြုပြီးပါက ငွေထုတ်ပေးသည့် ရက်စွဲ၊ ပင်စင်စားအမည်၊ ငွေထုတ်ပေးသည့် လများနှင့် ငွေပမာဏတို့ကို ဖော်ပြထားတဲ့ Slip နှစ်စောင်ကို Computer က Print Out ထုတ်ပေးပြီး Slip ပေါ်မှာ ငွေလက်ခံရရှိကြောင်း၊ ငွေထုတ်သူ ပင်စင်စား (သို့မဟုတ်) ကိုယ်စားလှယ်ကို လက်မှတ်ရေးထိုးစေပြီး တစ်စောင်ကို ဘဏ်လက်ခံအဖြစ်ထားပြီး တစ်စောင်ကို ငွေထုတ်သူထံပေးမှာ ဖြစ်ပါတယ်။ ပင်စင်တစ်ခါထုတ်ဖို့ မိနစ်ပိုင်းသာကြာမှာဖြစ်တဲ့အတွက် ဘဏ်မှာ အရင်ကလို အချိန်အကြာကြီးစောင့်ဖို့ မလိုတော့ပါဘူး။

ဦးမိုး - ဒါဆို ကျွန်တော်တို့ ပင်စင်လစာထုတ်ရတာ အရမ်းကို လွယ်သွားပြီပေါ့၊ ကိုယ်တိုင်မထုတ်ဘဲ ကိုယ်စားထုတ်လို့ရသလား။

ဂျာလေး - ရပါတယ်၊ ပင်စင်စားကိုယ်တိုင် မလာနိုင်ရင် တည်ဆဲလုပ်ထုံးလုပ်နည်းများအတိုင်း ကိုယ်စားလှယ်လွှဲစာနဲ့ ထုတ်ပေးသွားမှာ ဖြစ်ပါတယ်၊ ကိုယ်စားလှယ်အနေနဲ့ ပင်စင်စားရဲ့ Smart Card နဲ့ ကိုယ်စားလှယ်လွှဲစာ ယူဆောင်လာပြီး ပင်စင်စားကိုယ်တိုင် ငွေထုတ်ယူတဲ့နည်းလမ်းအတိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘယ်သူပဲထုတ်ထုတ် ဘဏ်ကောင်တာမှာရှိတဲ့ Web Camera က ဓာတ်ပုံမှတ်တမ်းတင်ပြီး သိမ်းဆည်းထားမှာဖြစ်တဲ့အတွက် အချိန်မရွေး ကြည့်ရှုစစ်ဆေးနိုင်မှာ ဖြစ်ပါတယ်။ ပင်စင်စားကိုယ်တိုင် ငွေထုတ်ယူရင်တော့ လစဉ်ပင်စင်စားကို လူတွေ့တိုက်ဆိုင်စစ်ဆေးပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်နဲ့သာ ငွေထုတ်တဲ့သူတွေအတွက် ခြောက်လပြည့်ပါက ပင်စင်စားအနေနဲ့ လာရောက်စစ်ဆေးခံရန်လိုမှာ ဖြစ်ပါတယ်။ ပင်စင်စား သက်ရှိထင်ရှားရှိ မရှိ၊ ပြစ်ဒဏ် ကျခံရခြင်း ရှိ မရှိ စတဲ့အချက်တွေသိနိုင်ဖို့နဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ မပေါ်ပေါက်စေဖို့ ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်၊ ပြည်ပကို တာဝန်နဲ့ သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ ပင်စင်စားတွေအနေနဲ့ မြန်မာသံရုံးရဲ့ ထောက်ခံချက်ပါ နေ့စွဲကို မှတ်တမ်းတင်ထားမှာ ဖြစ်ပါတယ်။

ဦးစိုး - ပင်စင်လစာကို တစ်လတစ်ကြိမ် ထုတ်ဖို့လိုသလား၊ ဘယ်လောက်အထိ ကြာကြာမထုတ်ဘဲ ထားလို့ရသလဲ ရှင်းပြပေးပါဦး။

ဂျာလေး - တစ်နှစ်အတွင်း လစဉ်ဖြစ်စေ၊ ပေါင်း၍ဖြစ်စေ ထုတ်နိုင်ပါတယ်။ တစ်နှစ်ကျော်အထိ မထုတ်ဘဲ ထားရင်ဖြစ်စေ၊ ပင်စင်စားပြစ်ဒဏ်ကျခံရလျှင်ဖြစ်စေ Computer Program မှ ငွေထုတ်ပေးခြင်းမပြုဘဲ တည်ဆဲလုပ်ထုံးလုပ်နည်းများနဲ့အညီ ပင်စင်ဦးစီးဌာနအနေနဲ့ ခွင့်ပြုချက်ပြန်လည်တောင်းခံဖို့ Computer ဖန်သားပြင်မှာ မှတ်ချက်နဲ့ ဖော်ပြပေးမှာ ဖြစ်ပါတယ်။

ဦးစိုး - ဂျာလေးရေ. . . Smart Card နဲ့ ငွေထုတ်တဲ့အခါ ထုတ်နေကျဘဏ်မှာပဲ ထုတ်လို့ရသလား၊ တခြားဘယ်ဘဏ်တွေမှာရော ထုတ်လို့ရသလဲ၊ Smart Card နဲ့ မဟုတ်ဘဲ ယခုပုံစံအတိုင်းပဲ ထုတ်လို့ရောရသလား၊ ရှင်းပြပေးပါဦး။

ဂျာလေး - ကောင်းလိုက်တဲ့ မေးခွန်းပဲ အန်ကယ်စိုးရယ်. . .။ Smart Card နဲ့ မိမိထုတ်နေကျဘဏ်အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့စတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွေမှာ ပင်စင်စားရဲ့ Account ရှိရင် ငွေလွှဲပြောင်းထုတ်နိုင်ပါတယ်၊ ပုဂ္ဂလိကဘဏ်တွေကိုတော့ ငွေလွှဲစနစ်နဲ့ ပို့ပေးလို့ရပါတယ်၊ Smart Card နဲ့သာမက ယခုပုံစံအတိုင်းပဲ ထုတ်ချင်တဲ့သူတွေအတွက်လည်း ထုတ်ခွင့်ပေးမှာ ဖြစ်ပါတယ်။

ဦးမိုး - ဟန်ကျသဗျာ. . . ကျွန်တော်ဆိုရင် ကျွန်တော်တို့အိမ်နားက ကမ္ဘာ့ဇ ဘဏ်ခွဲမှာ ထုတ်လို့ရပြီပေါ့။

ဦးစိုး - Bank Charges တို့၊ ငွေလွှဲခတို့ကရော ဘယ်လိုပုံစံနဲ့ ပေးရမလဲ။

ဂျာလေး - တစ်မြို့တည်းမှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲအချင်းချင်း Account Transfer နဲ့လွှဲရင် Bank Charges ပေးစရာမလိုပါဘူး၊ မြို့မတူတဲ့ စီးပွားဘဏ်တွေဆိုရင်တော့ မပြောပလောက်တဲ့ Bank Charges သာ ပေးရမှာ ဖြစ်ပါတယ်၊ ပုဂ္ဂလိကဘဏ်တွေကို လွှဲရင်တော့ သတ်မှတ်ထားတဲ့ ဘဏ်ငွေလွှဲခပေးရမှာ ဖြစ်ပါတယ်။

ဦးမိုး - ကိုယ့်အတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးထားတာပဲ ကိုစိုးရယ်၊ ဘဏ်ငွေလွှဲခလောက်တော့ ထုံးစံအတိုင်း ပေးရမှာပေါ့။

ဦးစိုး - ကျွန်တော်တို့အနေနဲ့ ဒီ Smart Card ပျက်စီးတာ ပျောက်ဆုံးတာဖြစ်ရင် ဘယ်လိုလုပ်ရမလဲ၊ ပျောက်သွားတဲ့ Card ကို တွေ့တဲ့သူက ငွေလိမ်ထုတ်လို့ရသလား ရှင်းပြပေးပါဦး။

ဂျာလေး - Smart Card ပျောက်ဆုံးရင်၊ ပျက်စီးရင် ဘဏ်ကို ချက်ချင်းအကြောင်းကြားပြီး ကတ်အသစ်လဲဖို့ လိုပါတယ်၊ ကတ်လဲပြီးတာနဲ့ ပင်စင်လစာဆက်ပြီး ထုတ်နိုင်မှာဖြစ်ပါတယ်၊ စောစောပိုင်းက ရှင်းပြခဲ့သလို ပင်စင်စားရဲ့ လက်မှတ်နဲ့ လက်ဗွေနမူနာတွေကို ကြိုတင်ရယူထားတဲ့အတွက် ပင်စင်စား ခွင့်ပြုချက်မပါရှိဘဲ ငွေထုတ်လို့မရပါဘူး အန်ကယ်စိုး။

ဦးမိုး - ဟန်ကျလိုက်တာ ဂျာလေးရယ်. . . ဒီ Smart Card တွေသုံးရင် Smart Card တန်ဖိုးပေးရတဲ့အတွက် ဘယ်လောက်များ ကုန်ကျမလဲဆိုတာ ရှင်းပြပေးပါဦး။

ဂျာလေး - ဒီ e-pension စနစ်အတွက် ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေ၊ Software တွေ၊ Contactless Card Reader တွေ၊ Smart Card တွေ အသုံးပြုခြင်းအတွက် ကုန်ကျစရိတ်တွေများစွာ သုံးစွဲရပါတယ်။ အဲဒီအတွက် Smart Card တစ်ခုကို ၃၅၀၀ိ/-(သုံးထောင့်ငါးရာကျပ်) လောက် ကုန်ကျမယ်လို့ သိရပါတယ်။ အဲဒီကုန်ကျစရိတ်ကိုလည်း အသက်သာဆုံးဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။

ဦးမိုး - Smart Card ဖိုးကို တစ်ကြိမ်တည်းပေးရမလား၊ ဘယ်လိုများ ဆောင်ရွက်ပေးမလဲဆိုတာကိုလည်း ရှင်းပြပေးပါဦး။

ဂျာလေး - Smart Card ဖိုးကို ကြိုတင်ပေးစရာမလိုပါဘူး။ Smart Card စတင်ထုတ်ယူသုံးစွဲတဲ့လမှာ ကတ်ဖိုး ၃၅၀၀ိ/ ကို တစ်ကြိမ်တည်း ပေးသွင်းလို့လည်း ရပါတယ်။ အခက်အခဲရှိသူတွေအနေနဲ့ ပင်စင်လစာထဲက ၁၀၀၀ စတင်ပေးသွင်းပြီး နောက်လတွေမှာ ၁၀၀၀ စီနဲ့ နောက်ဆုံးလမှာ ၅၀၀ ပေးသွင်းသွားရင်ရတဲ့အတွက် ပင်စင်စားတွေအနေနဲ့ အခက်အခဲမရှိနိုင်ဘူးလို့ ယူဆပါတယ်။

ဦးစိုး - ဟာ. . ဒီလောက် ငွေပမာဏဆိုရင် အခက်အခဲ မရှိပါဘူးဗျာ။ ကျွန်တော် လစဉ် တာမွေကနေ အင်းစိန်လာရတဲ့ လမ်းစရိတ်တောင် တစ်ခါတလေ ၁၀၀၀ နဲ့ မလောက်ပါဘူး။ နောက်ပြီး မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ပင်စင်စားတွေအတွက် ဒီလောက်ခေတ်မီပြီး လွယ်ကူလျင်မြန်တဲ့စနစ်ကို ဆောင်ရွက်ပေးထားတာပဲ။ ကျွန်တော်တို့ ပင်စင်စားတွေအနေနဲ့ ဒီလောက်ကုန်ကျစရိတ်လေးတော့ ကျခံရမှာပေါ့။

ဦးမိုး - ဟုတ်တယ်ဂျာလေးရေ၊ ကျွန်တော်တို့က ဒီ့ထက်မကတောင် ကုန်ကျမယ်ထင်နေတာ၊ ဒီလောက်ကတော့ ကိုစိုးပြောသလိုပဲ လက်ဖက်ရည်ဆိုင်ထိုင်တာနဲ့ ကားခလောက်ပဲရှိပါတယ်ဗျာ။ အကျိုးရှိတဲ့ ကုန်ကျစရိတ်ပဲ ကျခံရမှာပေါ့။

ဦးစိုး - ဂျာလေးရေ. . ယခုလို e-pension စနစ်အကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ အဲဒီ e-penison Card ကို ဘယ်တော့လောက်များ သုံးနိုင်မလဲ သိရင်ပြောပြပေးပါဦး။

ဂျာလေး - Smart Cardကို စီးပွားရေးဘဏ်တွေမှာ အန်ကယ်တို့ ပင်စင်စားတွေရဲ့ အချက်အလက်တွေ စုဆောင်းပြီးတာနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ပထမဆုံး ကျွန်တော်တို့ အင်းစိန်ဘဏ်ခွဲမှာ စပြီးအကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ သိပ်မကြာတော့ပါဘူး။ အန်ကယ်စိုး။

ဦးမိုး - ဟန်ကျသဗျို့။ ကျွန်တော်တို့တော့ Smart Card ကို အရင်ဆုံးသုံးရတော့မယ်။ ဒီ Smart Card ပြပြီး အခြားစီးပွားရေးဘဏ်တွေမှာရော ငွေထုတ်လို့ရသလား။

ဂျာလေး - လောလောဆယ် ငွေကြေးကုန်ကျမှုအရ Online ချိတ်ဆက်ဆောင်ရွက်ထားနိုင်ခြင်း မရှိသေးတဲ့အတွက် ပင်စင်ထုတ်ဖို့ ဆောင်ရွက်နေကျဘဏ်မှာပဲ ထုတ်လို့ရဦးမှာ ဖြစ်ပါတယ်။ နောင်မှာ Online စနစ်နဲ့ ဘဏ်အချင်းချင်း ချိတ်ဆက်ပြီးရင်တော့ ဘယ်စီးပွားရေးဘဏ်မှာမဆို ထုတ်နိုင်မှာဖြစ်ပါတယ်။

ဦးစိုး - ကိုမိုးရေ e-pension စနစ်ကြောင့် ကျွန်တော်တို့ပင်စင်စားတွေလည်း ခေတ်မီတော့မယ်ဗျို့။ နို့မို့ဆိုရင် သားတွေ သမီးတွေ မြေးတွေက ATM Card တွေ၊ Gift Card တွေ၊ MPU Card တွေအကြောင်း ပြောတာတွေ ငေးပြီး နားထောင်နေရတာ၊ ယခုတော့ ကျွန်တော်တို့လည်း e-pension Card (Smart Card) ကိုသုံးပြီး သားတွေ သမီးတွေ မြေးတွေကို ကြွားနိုင်တော့မယ်ဗျို့။

ဦးမိုး - ဒါပေမဲ့ ကိုစိုးရေ စိတ်တော့မကောင်းဘူးဗျာ၊ အရင်တုန်းက တစ်လတစ်ကြိမ် ပင်စင်လစာထုတ်တိုင်း ခင်ဗျားတို့ ကျွန်တော်တို့ ပင်စင်စားတွေ ဘဏ်မှာဆုံတွေ့ကြပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ၊ ငယ်မူပြန်ကြနဲ့ ယခု အဲဒီအရသာလေးတွေတော့ ပျောက်တော့မယ်ထင်ပါရဲ့ဗျာ။

ဦးစိုး - ဂျာလေးလည်း ကျွန်တော်တို့ကို ရှင်းပြရလို့ ရုံးနောက်ကျနေဦးမယ်၊ ကျွန်တော်တို့လည်း Manual စနစ်နဲ့ ပင်စင်လစာထုတ်တာ ဒီတစ်ကြိမ် နောက်ဆုံးဖြစ်မယ်ထင်ပါတယ်၊ နောက်ဆို Smart Card လေးတွေနဲ့ အချိန်တိုအတွင်းမှာ ပင်စင်လစာထုတ်နိုင်တော့မှာဖြစ်လို့ ကျွန်တော်တို့ပင်စင်စားတွေအားလုံးက ကျေးဇူးအထူးတင်နေမှာ အမှန်ပါဗျာ။

ဂျာလေး - ခုလိုပြောတဲ့အတွက် ကျွန်တော်တို့ကလည်း အန်ကယ်တို့လို ပင်စင်စားတွေကို အမြဲကျေးဇူးတင်နေမှာပါ။ e-pension စနစ်ဟာ ပင်စင်စားတွေအတွက် အချိန်ကုန်လူပင်ပန်းသက်သာရုံသာမက လုပ်ငန်းအဆင့်ဆင့်ကို Computer Program နဲ့ ထိန်းသိမ်းဆောင်ရွက်ထားတဲ့အတွက် မြန်မာ့စီးပွားရေးဘဏ်တွေအနေနဲ့လည်း လုပ်ငန်းတွေ လျင်မြန်လွယ်ကူသက်သာစေပြီး ပင်စင်အတွက် လက်ရှိအသုံးပြုနေရတဲ့ ဝန်ထမ်းအင်အားတွေကို အခြားသော ဘဏ်လုပ်ငန်းတွေမှာ ပြောင်းလဲတာဝန်ပေးအပ်နိုင်မှာ ဖြစ်ပါတယ်၊ ပင်စင်ဦးစီးဌာနအနေနဲ့လည်း ပင်စင်စားတွေနဲ့ပတ်သက်တဲ့ Data အချက်အလက်တွေကို အမြန်ဆုံးနဲ့ အမှန်ကန်ဆုံးရရှိနိုင်မှာ ဖြစ်ပါတယ်။

ဦးမိုး - ကဲ. . . ကျွန်တော်တို့လည်း ဒီလအတွက် ပင်စင်လစာထုတ်ပြီး သတင်းကောင်းသယ်ရင်း အိမ်ပြန်ကြတာပေါ့ ကိုစိုးရေ e-pension စနစ်ကြောင့် မကြာခင် ကျွန်တော်တို့ ခေတ်မီ e-pension စားတွေ ဖြစ်ပြီပေါ့ဗျာ။

ဦးစိုး - ဂျာလေးရေ. . . နောက်တစ်ကြိမ် Smart Card နဲ့ ပင်စင်လစာလာထုတ်မှ ပြန်ဆုံကြတာပေါ့၊ ကျွန်တော်တို့လည်း ပင်စင်လစာထုတ်ဖို့ ဘဏ်ထဲဝင်ကြစို့။ ။

ဇူလိုင် ၁၀ ရက်က ရေးမြို့ ရန်ကြီးအောင်ရပ်ကွက်နေ ဦးသိန်းမြင့်-ဒေါ်လေးကြည်မိသားစုက ရေးမြို့အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်တစ်ဆယ့်နှစ်သိန်းငါးသောင်းတန်ဖိုးရှိ စာသင်ခုံနှင့် ကုလားထိုင်အစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီး လှိုင်းတက်စံပြကျေးရွာ၌ဖွင့် ကျေးရွာတစ်ရွာလုံးအတွက် ၄၀၀ ဗို့အားဖြင့် မီးလင်းနိုင်ပြီ

သာစည် ဇူလိုင် ၁၉

မိတ္ထီလာခရိုင် သာစည်မြို့နယ် လှိုင်းတက်စံပြကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲကို ဇူလိုင် ၁၄ ရက်က ကျေးရွာရှိ လျှပ်စစ်ဓာတ်အားခွဲရုံတည်နေရာတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အလှူရှင်များကိုယ်စား အလှူရှင် ဦးစိုးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကြည်ခိုင်က လျှပ်စစ်မီးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယခု ဖွင့်လှစ်သောဓာတ်အားခွဲရုံမှာ ၃၁၅ ကေဗွီအေ ထရန်စဖော်မာဖြင့် တည်ဆောက်ထားရှိကာ ကျေးရွာတစ်ရွာလုံးအတွက် ၄၀၀ ဗို့အားဖြင့် ပေးလွှတ်မီးလင်းနိုင်ပြီဖြစ်ပြီး ကုန်ကျငွေမှာ ကျပ်သိန်းပေါင်း ၇၁၅ သိန်း ကုန်ကျကြောင်း သိရှိရသည်။ (၄၁၄)

စာပေမြင့်မှ လူမျိုးတင့်မည်

20-7 (07).pmd 1 7/20/2012, 2:01 AM

*ရှေ့ဖုံးမှ

ထို့နောက် (၆၅)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

လွှမ်းသူ့ပန်းခွေချ အလေးပြု

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးနှင့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံးတို့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများနှင့် ဥရောပသမဂ္ဂတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီး၌ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ယင်းနောက် ပြည်သူများက အာဇာနည်ဗိမာန်သို့ လာရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်များ၌ ဂါရဝပြုကြသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အ...
သခင်မြမိသားစုများ လာရောက်၍ လွှမ်းသူ့ပန်းခွေချစဉ်...

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း မိသားစုများ လာရောက်၍ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့အခြေစိုက် နိုင်ငံရေးပါတီများ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး မိသားစုများ လွှမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသတင်းစာဆရာများ အသင်း လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အ...
ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်သူများ လာ...

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၆း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၈)
- ၇း၃၀ MRTV -4 သတင်း
- ၈း၀၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (ဇာတ်သိမ်းပိုင်း)
- ၀၀း၄၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၂)
- ၆း၀၀ MRTV -4 သတင်း
- ၆း၁၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၉)
- ၉း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ကောင်းကင်ရိပ်မြို့** (အပိုင်း-၁)
- ၁၁း၀၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၃)
- ၁၂း၀၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၃)
- ၂း၅၀ **မျက်ရည်စက်များကင်းစေချင်** အကယ်ဒမီနေအောင်၊ အကယ်ဒမီချိုပြုံး၊မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ ဒါရိုက်တာ-[ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသ...

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ... တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ... မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄...

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ...

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ... ပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ... နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ... ၆၀ ဖြစ်သည်။



(သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌ သခင်မြမိသားစုများ လာရောက်၍ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးမျိုးမြင့်သန်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၀

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်သန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၂ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက် ဇီလာရာမန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အားကစားကွင်း/အားကစားရုံများနှင့် အားကစားလေ့ကျင့်နေမှုများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် မြို့တော်စည်ပင်သာယာရေးကော်မတီဂေါက်ကွင်း Golf Range ၌ ပဏာမမြန်မာ့လက်ရွေးစင်များ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေး၍ အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် စက်ဘီးအားကစားသမားများ တာဝေးလေ့ကျင့်နေမှု၊ တင်းနစ်အားကစားကွင်း ပြင်ဆင်နေမှု၊ လက်ဝှေ့အားကစားရုံနှင့် ဖူဆယ်အားကစားခန်းမ၊ မြားပစ်အားကစားကွင်း VIP ပွဲကြည့်စင်၊ အစည်းအဝေးခန်းမနှင့် ကွင်းပတ်လည် ရေဆင်းမြောင်းဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်း တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(လယ်ဝေး)သို့ သွားရောက်၍ ဘောလုံးကွင်းနှင့် အားကစားခန်းမများကို ကြည့်ရှုစစ်ဆေးကာ သေနတ်ပစ်အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် Champion Challenge Cup ကြက်တောင်ရိုက်ပြိုင်ပွဲ တစ်ဦးချင်း ပွဲစဉ်များအား ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားလေ့ကျင့်ရေးစခန်း တာဝန်ခံများအား အားကစားသမားများ အားကစားရာ၌ သက်သောင့်သက်သာ နေနိုင်စေရန် အမြန်ဆုံးပြောင်းရွှေ့ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း မိသားစုများ လာရောက်၍ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင် မိသားစုများ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၇-၂၀၁၂

သံတွဲမြို့	၈ ဒသမ ၅၀ လက်မ
ရေးမြို့	၇ ဒသမ ၄၀ လက်မ
မြောက်ဦးမြို့	၇ ဒသမ ၁၃ လက်မ

ယာဉ်လုပ်သားများအား အခြေခံနှင့် မွမ်းမံသင်တန်းများပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီသည် ယာဉ်တိုက်ခိုက်မှုလျှော့နည်းကျဆင်းစေရန် အသိပညာပေးခြင်းနှင့်စည်းကမ်းလိုက်နာမှု တိုးတက်စေရန်ရည်ရွယ်ကာ ယာဉ်မောင်းများ၊ ယာဉ်လုပ်သားများအား စဉ်ဆက်မပြတ် သင်တန်းများ ပို့ချပေးလျက်ရှိသည်။

ဇူလိုင် ၈ ရက်တွင် ယာဉ်လုပ်သားများအတွက် အခြေခံသင်တန်း(၉/၂၀၁၂)ကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ယာဉ်လုပ်သား ၉၁ ဦးတက်ရောက်ခဲ့သည်။ မွမ်းမံသင်တန်း(၇/၂၀၁၂)ကို ဇူလိုင် ၂၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အခြေခံသင်တန်း(၉/၂၀၁၂)အထိ တက်ရောက်ခဲ့ပြီးသည့် ယာဉ်လုပ်သား ၈၂၁ ဦးရှိသည်။ မွမ်းမံသင်တန်း(၆/၂၀၁၂)အထိ တက်ရောက်ခဲ့ပြီးသည့် ယာဉ်လုပ်သား ၅၈၅ ဦးရှိသည်။

"ယာဉ်လုပ်သားတွေရဲ့ ပင်ကိုစရိုက်လက္ခဏာကို ပြုပြင်ပြောင်းလဲစေဖို့ သင်တန်းပေးနေခြင်းဖြစ်ပါတယ်။ တချို့ယာဉ်လုပ်သားတွေက သူတို့ရဲ့စားဝတ်နေရေးအခြေအနေကြောင့် အချိန်မပေးဘဲ သင်တန်းကိုတက်ဖို့ရှောင်နေကြတယ်။ တကယ်ဆို သင်တန်းကို ယာဉ်လုပ်သားအားလုံးတက်စေချင်ပါတယ်။ သင်တန်းတက်ပြီးသူများအနေနဲ့ စိတ်ဓာတ်၊ အပြောအဆို၊ အပြုအမူတွေ လုံးဝပြောင်းလဲစေတာကတော့ အသေအချာပါပဲ။ ကိုယ်တွေ့ပါ" ဟု ရန်ကုန်တိုင်းဒေသကြီး မထသမ တာဝန်ရှိသူတစ်ဦးက ဝေဖန်၊ သုံးသပ်ပြောကြားသည်။ **(မွန်လေး)**

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး မိသားစုများ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ (သတင်းစဉ်)

၂၀၁၂ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ် မိသားစုများ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း | ပြည်တွင်းအားကစား | ပြည်တွင်းအားကစား

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သို့ Taraflex Floor လှူဒါန်း

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E .Mr.Pisanu Suvanajata က မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်သို့ Taraflex Floorလှူဒါန်းသည့် အခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဘော်လီဘောပြိုင်ပွဲများအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီးအားကစားသမားများ တက်ရောက်ကြသည်။ ထိုင်းနိုင်ငံသံအမတ်ကြီးက ထိုင်း-မြန်မာချစ်ကြည်ရေးအဓွန့်ရှည်ရေးကို ရှေးရှုလျက် မြန်မာ့ဘော်လီဘောအားကစားဖွံ့ဖြိုးတိုးတက်လာပြီး လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဘော်လီဘောအမျိုးသား/အမျိုးသမီးအသင်းများ ဆုတံဆိပ်ရရှိရေးကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဘော်လီဘောပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးကိုလည်းကောင်း ဆုမွန်ကောင်းတောင်းလျက်ရှိကြောင်း၊ Taraflex Floor ကို လှူဒါန်းခြင်းအားဖြင့် မြန်မာ့ဘော်လီဘောအသင်းများ လေ့ကျင့်ရာ၌ အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**



Taraflex Floor လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် ထိုင်းသံအမတ်ကြီး၊မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌတို့နှင့်အတူ မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီးဘော်လီဘောအသင်းမှ အားကစားသမားများအား တွေ့ရစဉ်။ (ဘော်လီဘောအဖွဲ့ချုပ်)

အာဆီယံနိုင်ငံများ တက္ကသိုလ်/ကောလိပ် စစ်တုရင်ပြိုင်ပွဲ မြန်မာနိုင်ငံမှ ညီလှိုင်စိုး ပထမဆုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁၉

ဇူလိုင် ၇ ရက်မှ ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံများ တက္ကသိုလ်/ကောလိပ် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ညီလှိုင်စိုး ပထမနှစ် (နည်းပညာတက္ကသိုလ်) စစ်ကိုင်းက အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ ပထမဆုကို ဆွတ်ခူးခဲ့သည်။

ယင်းပြိုင်ပွဲသို့ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ တက္ကသိုလ်/ကောလိပ် စစ်တုရင်အသင်းပေါင်း ၄၀ မှ စစ်တုရင်အားကစားသမား ၁၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွှေတံဆိပ်ရှင် ဂရင်းမာစတာဆု ဆန်တိုးမီဂရင်တို (အင်ဒိုနီးရှား) က ပထမနှင့် အမျိုးသမီးတစ်ဦးချင်း တံခွန်စိုက်ပြိုင်ပွဲ၌ အင်ဒိုနီးရှားလက်ရွေးစင် မာစတာဖယ်လီကာထရန်စီနိုက ပထမရရှိကြပြီး အမျိုးသားအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲ၌ ဂူနာဒါမား(အင်ဒိုနီးရှားတက္ကသိုလ်)က ပထမ၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲ၌ ဂျင်ဒီရယ်ဆူဒီယာမန်တက္ကသိုလ်(အင်ဒိုနီးရှား)က ပထမရရှိကြသည်။ ပြိုင်ပွဲ၏ စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးကို ဂူနာဒါမားတက္ကသိုလ် (အင်ဒိုနီးရှား) က ဆွတ်ခူးသွားခဲ့သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ ပထမရရှိသော ညီလှိုင်စိုးအား ဆုချီးမြှင့်စဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်သူများ လာရောက်ဂါရဝပြုကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်း လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

...ားကောင်းနေမည်

... ၁၉

...း‌ချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ... ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ...ိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ... ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ...ကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ...ကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ ...

...ယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရေဦးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ရေဦးမြို့နယ် ထန်းတောဗောဓိအခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပသော လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးတင့်အောင်နှင့် စာကြည့်တိုက်အလှူရှင် ဦးမြင့်သန်း(မြန်မာ့အသံ- ငြိမ်း)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးရွာအတွက် သုတ/ရသ ဂျာနယ် စာစောင်များ၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေဦးမြောင်းမတော် မြောင်းမကြီးမှ ကာဘိုးဆည်ရေဖြင့် နွေစပါးစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှု၊ ရိတ်သိမ်းခြွေလှေ့နေမှုနှင့် ရေဦး-တမာတော-ကံထူး မလမ်း မြေသားတာပေါင်တင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေဦးမြို့နယ် တောင်ကုန်းကျေးရွာ ခေတ်သစ်အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်ရာ ဆရာတော် ဦးတေဇိန္ဒ၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြား၍ စာကြည့်တိုက်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ တာဝန်ရှိသူများနှင့်အတူ ကျေးရွာအတွက် သုတ/ရသ ဂျာနယ် စာစောင်များ၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေဦးမြို့နယ် နှောကုန်းကျေးရွာ ကွင်းအမှတ် (၂၂၀၂) ဦးပိုင်အမှတ်(၂၅/၃)ရှိ တောင်သူဦးသိန်းကျော်၏ ဆင်းနွယ်ရင်စပါး (၁ ဒသမ ၈၀)ကေ စံပြရိတ်သိမ်းခြွေလှေ့နေမှုနှင့် ရေဦးမြို့ ရေဘေးကာကွယ်ရေး မူးမြစ်ရေလမ်းကြောင်း ပြုပြင်တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး ရေဦးမြို့နယ် တောင်ကုန်းကျေးရွာ ခေတ်သစ်အလင်းရောင် စာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုနေကြသူများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ဆည်မြောင်းဦးစီးဌာန ငွေလုံးငွေရင်းနှင့် သာမန်ပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစည်းဝေး

နေပြည်တော် ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇူလိုင် ၁၇ရက် နံနက် ၁၀နာရီတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဆည်မြောင်းဦးစီးဌာနတို့၏ ငွေလုံးငွေရင်းနှင့် သာမန် ပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပွင့်လင်းရာသီတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ယခုကာလတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်များချမှတ်၍ ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

အစည်းအဝေးကို ဇူလိုင် ၁၈ ရက်တွင် ဆက်လက်ကျင်းပရာ ဂန့်ဂေါ၊ မင်းဘူး၊ မကွေးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းခရိုင်အင်ဂျင်နီယာမှူးများ၊ ဆည်မြောင်းထိန်းသိမ်းရေး အင်ဂျင်နီယာမှူးများက ခရိုင်အတွင်း ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အထူးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဆည်တစ်ခုချင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စဥ့်ကူး၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

စဥ့်ကူး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ်၏ ၂၀၁၂ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက ကျည်တောက်ပေါက်ကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်း၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် နယ်မြေတာဝန်ခံတောအုပ် ဦးဝင်းမောင်တို့က ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ကာ သတ်မှတ်နေရာများတွင် ကျွန်းပင် ၅၂၅ ပင်၊ ယူကလစ် ၁၆၅ ပင်၊ တမာပင် ၅၀၀ နှင့် မဲဇလီ ၁၀ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၃၃)

❒ *ယာဉ်အိုယာဉ်ဟောင်းမှ*

"စ" အက္ခရာ ၁၁၄၂ စီး၊ "ဘ" အက္ခရာ ၁၀၉၁ စီး၊ "ဇ" အက္ခရာ ၁၇၃၁ စီး၊ "ဈ" အက္ခရာ ၁၆၁၉ စီး၊ "ည" အက္ခရာ ၁၃၃၄ စီး၊ "ဏ" အက္ခရာ ၁၆၂၉ စီး၊ "ထ" အက္ခရာ ၁၇၂၉ စီး၊ "ဒ" အက္ခရာ ၃၆၈၁ စီး၊ "ဓ" အက္ခရာ ၄၀၅၁ စီး၊ "န" အက္ခရာ ၃၀၁၁ စီး၊ "ပ" အက္ခရာ ၂၂၆၅ စီးဖြစ်ကြောင်း သိရသည်။

လက်ရှိအပ်နှံနေသော"ပ"အက္ခရာမှာအစီး ၄၄၀၀ ရှိပြီး ဇူလိုင် ၁၂ ရက်အထိ လာရောက်အပ်နှံပြီး အရေအတွက်မှာ ၂၂၆၅ စီးရှိပြီး အပ်နှံရန် ၂၁၃၅ စီး ကျန်ရှိနေသေးကြောင်း သိရသည်။

ယခင်စတင်လက်ခံချိန်က နေ့စဉ်ကား အစီးရေ ၁၀၀၀ ခန့် အပ်နှံမှုရှိပြီး ရုံးပိတ်ရက်များပါ လက်ခံဆောင်ရွက်ပေးခဲ့ရသည်။ ယခုအခါ နေ့စဉ်ပျမ်းမျှ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုများ အစီးရေ ၅၀ ခန့်သာရှိနေကြောင်း သိရသည်။ အကြောင်းမှာ ပြောင်းလဲမှုမြန်နေသော စနစ်နှင့် ကားဈေးကွက်ကို စောင့်ကြည့်နေကြကြောင်း ဟံသာဝတီကားအရောင်းအဝယ်စခန်းမှ ကြားသိရသည်။

ယနေ့ ကားစလစ်ဈေးကွက်မှာ ကျပ် ၅၅ သိန်းနှင့် ကျပ်သိန်း ၆၀ အကြား ရှိနေကြောင်း လေ့လာသိရှိရသည်။

အပ်နှံပြီးသော ယာဉ်များကို သံမဏိစက်ရုံအတွင်း တွေ့ရစဉ်။

● *အာကာသဟိုတယ်မှ*

ညှော်သည်ခုနစ်ဦးတည်းခိုနိုင်မည့် အခန်းလေးခန်း ဖွဲ့စည်းတည်ဆောက်ထားသည်။ ယင်းအာကာသခရီးသည်များသည် အာကာသဟိုတယ်၌ ခရီးစဉ်တစ်ခုအတွက် ငါးရက်တာတည်းခိုနိုင်မည်ဖြစ်သည်။

အဆိုပါအာကာသခရီးစဉ်တစ်ခုအတွက် ခရီးသည်တစ်ဦးလျှင် ကုန်ကျစရိတ်ပေါင် ၁၀၀၀၀၀ မှ ပေါင် ၅၀၀၀၀၀ အထိ ပေးဆောင်ကြရမည်ဖြစ်သည်။ အာကာသခရီးသွားလုပ်ငန်းသည် အလျင်အမြန်တိုးတက်ဖွံ့ဖြိုးလာမည့် ခရီးသွားစီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လာမည်ဟု အော်ဘီတယ်တက်ကနိုလော်ဂျစ်ကုမ္ပဏီ အကြီးအကဲ ဆာဂျီကိုစတန်ကိုက ပြောကြားသည်။

ယင်းအာကာသဟိုတယ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းထက် ပိုမိုသက်သောင့်သက်သာနေထိုင်နိုင်မည့် အခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အခန်းများတွင် ရေမြှုပ်မွေ့ရာများ၊ လေစုပ်အားသုံး အထူးအိမ်သာခွက်များကို အသုံးပြုနိုင်ပြီး အာကာသတွင် စားသုံးရမည့်အစားအစာများကို စားသုံးနေထိုင်ကြရမည်ဖြစ်သည်။

ငင်းအာကာသဟိုတယ်သို့ ခရီးသည်များအား ရုရှားလုပ်ဆိုယုဇ်ဒုံးပျံယာဉ်နှင့် ပရိုဂရက်အာကာသယာဉ်များဖြင့် စေလွှတ်ပို့ဆောင်ပေးရန် စီစဉ်ထားသည်။ ရုရှားအာကာသရေးရာလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်စည်းရုံးသွားမည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီ ဒုတိယအကြီးအကဲ ဗီတာလီဒါဗီဒေါ့ဗ်က ပြောကြားသည်။

(အင်တာနက်)

စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်း

ကန်ကြီးထောင့် ဇူလိုင် ၁၉

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မြင်းကဆိပ် (ဇီးဖြူချောင်)ကျေးရွာ ပညာပျိုးခင်းစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များနှင့် ဌာနဆိုင်ရာများ၊ NGO များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ စာကြည့်တိုက်သည် နိုင်ငံတော် မတည်ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံအလှူရှင် လေးဦးတို့က ထည့်ဝင်လှူဒါန်းငွေကျပ် ရှစ်သိန်းတို့ဖြင့် တည်ဆောက်ခဲ့သည့် အလျား ပေ ၂၀၊ အနံ ၁၈ ပေရှိ တစ်ထပ်အုတ်ညှပ် သွပ်မိုး အဆောက်အအုံဖြစ်သည်။ အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့် ရပ်မိရပ်ဖ ဦးထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

❍ *ကျော့ဖုံးမှ*

တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအားနေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

◆ *မန္တလေးမြို့ ပြည်ကြီးမင်္ဂလာမှ*

ရပ်နားစခန်းကြီးကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီပေါင်း ၁၁ခုတို့ ပူးပေါင်းကာ ယမန်နှစ် စက်တင်ဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပြည်ကြီးမင်္ဂလာအဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းကြီးကို အရှေ့နတ်ရေကန်ကျေးရွာ ၆၂ လမ်းနှင့် ၆၆ လမ်း တောင်နှင့်မြောက် A လမ်း၊ B လမ်း၊ C လမ်း အရှေ့နှင့် အနောက်ပေါ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြေဧရိယာ အကျယ်အဝန်းမှာ ဧက ၆၀ ရှိကြောင်း သိရသည်။ လူနေတိုက်ခန်း လေးထပ်ဆောင် အလုံး ၄၀၊ ဈေးဆိုင်ခန်းလေးခန်းပါ သုံးထပ်ဆောင်၊ ကားရပ်စခန်းအလုံး ၂၅လုံး၊ ခြောက်ခန်းတွဲနှင့် နှစ်ထပ်ဆောင် ဂိုဒေါင် ငါးလုံးနှင့် Motel များပါဝင်ကြောင်း သိရသည်။

မန္တလေးမြို့ ပြည်ကြီးမင်္ဂလာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်း တည်ဆောက်ပြီးစီးမှု အခြေအနေကို ဤသို့ တွေ့ရသည်။

ဇူလိုင် ၁၄ ရက်က ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက် အမက (၇)၌ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်ရေး၊ ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး ရှင်းလင်းပြောကြားစဉ်။ (ဝ၄၂)

အလိမ္မာ စာမှာရှိ

မိုးသီးနှံများစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများသို့ နှိုးဆော်ချက်

၁။ ယခုအချိန်တွင် အချို့သောဒေသများ၌ မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းမှုအောက် လျော့နည်းလျက်ရှိပါသည်။

၂။ မိုးရွာသွန်းမှုနောက်ကျခြင်းနှင့် မိုးရေလက်မနည်းခြင်းကြောင့် စပါးသီးနှံအတွက် စိုက်ပျိုးရေလုံလောက်စွာမရရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေဈေးကွက်တွက်ခြေကိုက်သည့် သီးနှံပုံစံများကို မြေကိုအကျိုးရှိစွာအသုံးချ၊ အချိန်မီပြောင်းလဲ စိုက်ပျိုးသွားကြရန် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မိုးလေဝသအခြေအနေပေါ်မူတည်၍ တောင်သူလယ်သမားများအား ဝင်ငွေရသီးနှံများ အစားထိုးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တိုက်တွန်းဆောင်ရွက်ပေးသွားကြပါရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရေချိုငါးမြစ်ချင်းငါးများ စစ်တွေ၌ စမ်းသပ်ငါးသားဖောက်

စစ်တွေ ဇူလိုင် ၁၉

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရေချမ်းပြင် ရေငန်ပုစွန် ငါးသားဖောက်စခန်းတွင် ရေငန်ပုစွန်သားဖောက်လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းမှာ ဆောင်းရာသီ၌ အများဆုံးလုပ်ကိုင်ရလေ့ရှိသော လုပ်ငန်းဖြစ်သည်။ ယခုမိုးရာသီတွင်မူ အဆိုပါ ငါးသားဖောက်စခန်း၌ ရေချိုငါးသားဖောက်လုပ်ငန်းများကိုပါ စမ်းသပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့စမ်းသပ်ဆောင်ရွက်ရာသို့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်သိန်းသည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရေချိုငါးမြစ်ချင်းငါးများ စမ်းသပ်သားဖောက်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။ ထိုသို့စစ်ဆေးရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်က ငါးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဥဖောက်ကန်များရှိ ငါးဥများအတွင်း ငါးသားလောင်းများ စတင်အသက်ဝင်လှုပ်ရှားမှု အခြေအနေများကို ပြည်နယ်ဝန်ကြီးက စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(ငါးလုပ်ငန်းဦးစီး)**

သာပေါင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

သာပေါင်း ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနက ဦးဆောင်၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ ရက်က သာပေါင်းမြို့နယ် ကြက်သွန်ကွင်း အခြေခံပညာတွဲဖက် အလယ်တန်းကျောင်း ပတ်ဝန်းကျင်၌ ကျင်းပသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်စိုးတို့က သစ်ပင်စိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်ဝင်းနှင့် မြို့နယ်သစ်တောဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၁၀၀၊ အော်ရီးရှားပင် ၁၅၀ နှင့် ယူကလစ်ပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်သစ်တော)

ပူတာအိုရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေး

ပူတာအို ဇူလိုင် ၁၉

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် မန်စေအုပ်စု အထက်ရှန်ဂေါင်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၁ နာရီက အထက်ရှန်ဂေါင် အလကကျောင်း(ခွဲ)ခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးလှစိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးမြင့်မိုး၊ ကျန်းမာရေးဦးစီးဌာန အထက်တန်းသူနာပြုအဆင့်-၁ ဆရာမကြီး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်ပညာရေးမှူး ဦးအေးသောင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇုန်ဇီးဒီးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြသည်။

ဆက်လက်၍ မိုးပွင့်အဆင့်(၃) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တာဝန်ရှိသူများက နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဝန်ထမ်းပေါင်းစုံသမဝါယမအရပ်ရပ်ဆိုင်ရာ စည်းဝေး

ဂန့်ဂေါ ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အသင်းလီမိတက်နှစ်ပတ်လည်လုပ်ငန်း အစီရင်ခံစာကို အတွင်းရေးမှူး ဦးချစ်ဝေက ဖတ်ကြားပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအား အသင်းဥက္ကဋ္ဌက ဆုများချီးမြှင့်သည်။ **(၁၀၁)**

မော်လမြိုင်ကျွန်းမြို့ ပါရမီရှင် သွေးလှူရှင်အသင်း စာရေးကိရိယာများ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဇူလိုင် ၁၉

မော်လမြိုင်ကျွန်းမြို့ ပါရမီရှင် သွေးလှူရှင်အသင်းက မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်အေးကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇဝနနှင့် အလှူရှင် မော်လမြိုင်ကျွန်းမြို့ ပါရမီရှင်သွေးလှူရှင်အသင်းမှ တာဝန်ရှိသူများက ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂၆ ဦးတို့အတွက် ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများကို ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီအား ပေးအပ်လှူဒါန်းသည်။ ထို့ပြင် ပါရမီရှင် သွေးလှူရှင်အသင်းက အာဟာရပြည့်ဝသော နို့စိမ်းဆန်ပြုတ်များကိုလည်း ကျောင်းသား ကျောင်းသူများအား ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း ရှေးဟောင်းသမိုင်းသုတ

မိတ္ထီလာမြို့နယ်က မုန်တိုင်အုတ်ကျောင်းတော်ကြီး

ကိုတင်လှိုင် (မိတ္ထီလာ)

မိတ္ထီလာမြို့ အနောက်ဘက် ၁၀ မိုင်အကွာ မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်းဘေးတွင် မုန်တိုင်ကျေးရွာရှိသည်။ မုန်တိုင်ကျေးရွာမှာ ကုန်းဘောင်ခေတ်လက်ထက်ကတည်းက ကိုးမြို့ဝန်ဦးဘုံအုပ်ချုပ်ခဲ့သော ရွာကြီးတစ်ရွာဖြစ်သည်။ မုန်တိုင်ရွာတွင် ကုန်းဘောင်ခေတ်၊ အင်းဝခေတ် ဘုရားစေတီပုထိုး ၇၅ ဆူတည်ရှိခဲ့သည်။ ထိုဘုရားစေတီများထဲတွင် မုန်တိုင်အုတ်ကျောင်းတော်ကြီးမှာ သမိုင်းဝင် အုတ်ကျောင်းတော်ကြီးဖြစ်သည်။ (အောက်ပုံ)

မုန်တိုင်အုတ်ကျောင်းတော်ကြီးမှာ အလျား ၁၁၆ ပေ၊ အနံ ၈၅ ပေ၊ အမြင့်ပေ ၈၀ ခန့်ရှိသည်။ အောက်ခြေပထမထပ် လေးဖက်လေးတန်တွင် မုခ် ၄၉ မုခ်ရှိသည်။ ဒုတိယထပ်တွင် တစ်ဖက်မုခ်သုံးပေါက်ရှိပြီး စုစုပေါင်း ၁၂ မုခ်ရှိသည်။ တတိယထပ်တွင် အပေါ်သို့ လှေကားတစ်စင်းဖြင့် တက်ရပြီး အပေါ်ထပ် အရှေ့ဘက်ဆုံးအခန်းတွင် အလျားပေ ၂၀၊ အနံ ၁၀ ပေခန့်ကျယ်ဝန်းသည့် တရားမွေကျင့်ကြံအားထုတ်ရန် အခန်းကျယ်ကြီးတစ်ခန်းရှိသည်။ အုတ်ကျောင်းတော်ကြီး၏ အရှေ့ဘက်တွင် မုခ်ဦးစေတီတစ်ဆူရှိသည်။ အုတ်ကျောင်းတော်ကြီးကို လှေကားနှစ်စင်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အုတ်ကျောင်းတော်ကြီး၏ ဒါယကာမှာ မုန်တိုင်ရွာနေ ဦးပန်းရ-ဒေါ်စိန်သာတို့ ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ကြီးဖြစ်သည်။ အုတ်ကျောင်းသက္ကရာဇ်ကို ပဋိကတ်သင်္ချာနည်းဖြင့် "ဥသြအော်အစ်၊ အုတ်ကျောင်းသက္ကရာဇ်"ဟု စပ်ဆိုထားသည်။ အုတ်ကျောင်းတော်ကြီးကို အေဒီ ၁၇၄၉ ခုနှစ်က တည်ဆောက်ထားခြင်းဖြစ်သည်။ အလောင်းမင်းတရားကြီး ကုန်းဘောင်ဆက်မပေါ်မီ နှစ်နှစ်ကပင် တည်ဆောက်ထားသော အုတ်ကျောင်းတော်ကြီးဖြစ်သည်။

မုန်တိုင်အုတ်ကျောင်းတော်ကြီးမှာ နန်းမတော်မယ်နုတည်ခဲ့သော အုတ်ကျောင်းကြီးနှင့် တစ်ပုံစံတည်းပင်ဖြစ်သည်။ နန်းမတော်မယ်နုတည်ခဲ့သော အုတ်ကျောင်းတော်ကြီးက ပိုမိုကြီးမားပြီး မုန်တိုင်အုတ်ကျောင်းတော်ကြီးက အနည်းငယ် ငယ်သည်မှအပ တစ်ပုံစံတည်းဖြစ်သည်။ မုန်တိုင်အုတ်ကျောင်းတော်ကြီးမှာ နန်းမတော်မယ်နု တည်ထားခဲ့သော မယ်နုအုတ်ကျောင်းတော်ထက် ၇၅ နှစ်စော၍ တည်ထားခဲ့သော အုတ်ကျောင်းတော်ကြီးဖြစ်သည်။ မုန်တိုင်အုတ်ကျောင်းတော်ကြီးကို သီတင်းသုံးရန်အတွက် မန္တလေးမြို့ တောင်ခွင်တိုက်အုပ် ဆရာတော်ကြီး ဦးဉာဏအား သာသနာပိုင်ဆရာတော်ကြီးထံ ခွင့်ပန်ပင့်ဆောင်၍ မုန်တိုင်အုတ်ကျောင်းတော်ကြီးတွင် သီတင်းသုံးစေသည်။ မင်းတုန်းမင်းတရားကြီးက ဆရာတော်ကြီးဦးဉာဏအား ဂိုဏ်းချုပ်ဆရာတော်အဖြစ် ခန့်အပ်လွှာကို ချီးမြှင့်ဆက်ကပ်တော်မူသည်။ ယခုအခါ မုန်တိုင်အုတ်ကျောင်းတော်ကြီးကို ဆရာတော်ဦးတေဇနိယက ထိန်းသိမ်းစောင့်ရှောက်ထားသည်။ မုန်တိုင်အုတ်ကျောင်းတော်ကြီးမှာ သက်တမ်း ၂၇၄ နှစ် ကြာခဲ့ပြီဖြစ်သော ရှေးဟောင်းသမိုင်းဝင် အုတ်ကျောင်းတော်ကြီးဖြစ်ကြောင်း သိရှိရသည်။

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မှော်ဘီမြို့နယ်၌ဖွင့်

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ ပြည်သူများ ဗဟုသုတတိုးပွားစေရေးနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ ပေါ်ထွက်လာစေရန် ရည်ရွယ်လျက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း (၁/၂၀၁၂)ဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မှော်ဘီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မှော်ဘီမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၄၃ အုပ်စုမှ စာကြည့်တိုက်မှူးများနှင့် စိတ်ပါဝင်စားသူ စာပေဝါသနာရှင်များ တက်ရောက်ကြပြီး ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများက စာကြည့်တိုက်နှင့်ပတ်သက်သော ပညာရပ်များကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

သစ်ခွဲစက်သံဆူညံလွန်း

စာတည်းခင်ဗျား-

မွန်ပြည်နယ် ဘီးလင်းမြို့ သကြားစက်အနီးရှိ နှင်းပုလဲစံပြကျေးရွာ ရပ်ကွက်(၄)ရှိ လူနေရပ်ကွက်အတွင်းတွင် တရားမဝင်သစ်ခွဲစက်များ မိုးလင်းမှမိုးချုပ်အထိ နားမခံသာအောင် ဆူညံနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံသာသူ

ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အောင်မင်္ဂလာလမ်းနှင့် ဆရာစံလမ်းထောင့် နေအိမ်ဘေးရှိ ဈေးသည်များ ကြော်လှော်ချက်ပြုတ်ရာတွင် ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်ပါ စိုးရိမ်ရပါသဖြင့် အဆိုပါ ဈေးသည်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

သဲကန်များ တည်ဆောက်ရောင်းချနေမှု ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၇-၇-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် သဘော်ဆိပ်အနီးရှိ ကမ်းနားလမ်းပေါ်တွင် လုပ်ငန်းရှင်အချို့မှ စည်းကမ်းမဲ့ သဲကန်များတည်ဆောက်ပြီး ရောင်းချလျက်ရှိရာ အများပြည်သူများအတွက် ယာဉ်အန္တရာယ်ကြုံတွေ့နေရသည့်အပြင် လမ်းမကြီးပေါ်တွင် ရေများဝပ်ကာ လမ်းများပျက်စီးလျက်ရှိသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

အကြိမ်(၁၀၀) မြောက် သွေးလှူဒါန်း

ပုသိမ် ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်(လူမှုထူးချွန်-ပထမဆင့်)သည် ဇူလိုင် ၁၂ ရက်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြန်မာ့အလင်း)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ *နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။*

နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် ဇူလိုင် ၆ ရက်က မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် မြို့နယ်ဦးစီးမှူး ဦးရွှေထူးဦးစီး၍ ဝန်ထမ်းများက အမှတ်(၁၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒေသခံပြည်သူ ၇၅ ဦးနှင့် အိမ်ထောင်စုစာရင်း လာရောက်ဆောင်ရွက်သူများအား နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၀၃၃)**

နိုင်ငံတကာအားကစားသတင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မန်ယူက အမာဇူလူအသင်းကို အနိုင်ယူ၊ ချယ်လ်ဆီးတို့လည်း အမေရိကန်ကလပ်ကို နိုင်ပွဲရ

ကိတ်တောင်း ဇူလိုင် ၁၉

၂၀၁၂-၂၀၁၃ ရာသီအကြို ခြေစမ်းပွဲအဖြစ် တောင်အာဖရိကကလပ် အမာဇူလူနှင့်မန်ယူအသင်းတို့ ဇူလိုင် ၁၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းတွင် လူငယ်ဘောလုံးသမားများ ပါဝင်ကစားခဲ့သဖြင့် အမာဇူလူကလပ်က အပြန်အလှန်ထိုးဖောက်ကစားနိုင်ခဲ့သည်။ မန်ယူအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၂၁ မိနစ်အရောက်တွင် မာချေဒါက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပထမပိုင်းနှင့်ဒုတိယပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး မန်ယူတို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ယခုပွဲကစားအပြီး တရုတ်ကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားရန် ထွက်ခွာမည်ဖြစ်သည်။

ထို့အတူ အမေရိကန်ကလပ်အသင်းဖြစ်သည့် ဆီးလ်တယ်ဆောင်းဒါးစ်ကလပ်နှင့် ချယ်လ်ဆီးတို့ ဇူလိုင် ၁၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ (ဓါတ်ပုံ) ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲစချိန် သုံးမိနစ်၌ လူကာကူက သွင်းယူပေးပြီး ပွဲချိန် ၁၁ မိနစ်၌ ဟာဇက်က တစ်ဂိုးထပ်မံသွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်ဂိုးနှစ်ဂိုးရရှိခဲ့သည်။ ဆီးလ်တယ်ဆောင်းဒါးစ်အသင်းအတွက် ချေပဂိုးများကို ပွဲချိန် ၁၄ မိနစ်နှင့် ၃၂ မိနစ်တို့၌ မွန်တီရိုတစ်ဦးတည်းက နှစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ပွဲချိန် မိနစ် ၄၀ ၌ မာရင်နှင့် ၄၄ မိနစ်၌ လူကာကူတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သဖြင့် ချယ်လ်ဆီးတို့က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ စပါးနှင့် စတီဗင်နာဂါ့အသင်းတို့ပွဲတွင် စပါးက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ စပါးအတွက် ဂိုးများကို ပွဲချိန် ၅၆ မိနစ်၌ ဂတ်ဆင်နှင့် ၈၉ မိနစ်၌ ဖာလ်ကွီတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံခါးပတ်လုပွဲ ခရစ်ဝိတ်မင်းနှင့် ဆီးလ်ဗားတို့ ထိုးသတ်မည်



အန်ဒါဆင် ဆီးလ်ဗား



ခရစ် ဝိတ်မင်း

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၉

ယူအက်ဖ်စီ ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံ အန်ဒါဆင်ဆီးလ်ဗားအား အမေရိကန်လက်ဝှေ့သမားခရစ်ဝိတ်မင်းက စိန်ခေါ်ထိုးသတ်မည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မစ်ဒယ်ဝိတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် စိန်ခေါ်ထိုးသတ်မည့် အမေရိကန်လက်ဝှေ့သမား ခရစ်ဝိတ်မင်းသည် အသက် ၂၈ နှစ်အရွယ်ရှိပြီး အရပ်ခြောက်ပေမြင့်သူဖြစ်သည်။ လက်ဝှေ့ပွဲပေါင်းကိုးပွဲ ထိုးသတ်ခဲ့ရာတွင် ရှုံးပွဲမရှိသေးသည့်လက်ဝှေ့သမားလည်းဖြစ်သည်။ နိုင်ပွဲများတွင် နှစ်ပွဲမှာ အလဲထိုးပွဲများဖြစ်သည်။ ဘရာဇီးလက်ဝှေ့သမား အန်ဒါဆင်ဆီးလ်ဗားမှာ အသက် ၃၇ နှစ်အရွယ်ရှိပြီး အရပ်အမြင့် ၆ ပေ ၂လက်မမြင့်သည်။ လက်ဝှေ့ပွဲပေါင်း ၃၆ ပွဲ ထိုးသတ်ခဲ့ရာ ၃၂ ပွဲနိုင်ပြီး လေးပွဲရှုံး မှတ်တမ်းရှိထားသည်။ နိုင်ပွဲများတွင် ၁၉ ပွဲမှာ အလဲထိုးပွဲများ ဖြစ်သည်။ အမေရိကန်လက်ဝှေ့သမား ခရစ်ဝိတ်မင်းသည် မကြာမီက မက်မူနေ့ဇ်နှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီ၌ အလဲထိုးနိုင်ပွဲရရှိခဲ့ပြီး ရှုံးပွဲမရှိစံချိန်ကို ဆက်လက်တင်ထားနိုင်ခဲ့သူဖြစ်သည်။ ထို့အတူ ဘရာဇီးလက်ဝှေ့သမားဆီးလ်ဗားမှာ ၂၀၀၆ ခုနှစ်ကတည်းက ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

ဂျပန်အမျိုးသမီးဘောလုံးအသင်း

ယူ-၂၀ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဘယ်အသင်းဗိုလ်စွဲမလဲ စောင့်ကြည့်ရမည်

တိုကျို ဇူလိုင် ၁၉

ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နှစ်နှစ်တစ်ကြိမ် ကြီးမှူးကျင်းပတဲ့ ၂၀၁၂ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဂျပန်နိုင်ငံမှာ လာမယ့်ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပတော့မှာဖြစ်ပါတယ်။

နိုင်ငံတကာက အမျိုးသမီးဘောလုံးအသင်းတွေ ခြေစစ်ပွဲကစားခဲ့ကြပြီးနောက် ဂျပန်နိုင်ငံမှာ ကျင်းပမယ့် နောက်ဆုံးဗိုလ်လုပွဲစဉ်တွေ ယှဉ်ပြိုင်ကစားဖို့ နိုင်ငံတကာ အမျိုးသမီးဘောလုံးအသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲပြီး ဖြစ်ပါတယ်။

အဲဒီအုပ်စုခွဲမှုအရ အုပ်စု(က)မှာ ဂျပန်၊ မက္ကဆီကို၊ နယူးဇီလန်၊ ဆွစ်ဇာလန်အသင်းတွေပါဝင်ပြီး အုပ်စု(ခ)မှာ ဘရာဇီး၊ အီတလီ၊ နိုင်ဂျီးရီးယားနဲ့ တောင်ကိုရီးယားအသင်းတွေပါဝင်ပါတယ်။ အုပ်စု(ဂ)မှာတော့ မြောက်ကိုရီးယား၊ နော်ဝေ၊ အာဂျင်တီးနားနဲ့ ကနေဒါအသင်းတို့ပါဝင်ပြီး အုပ်စု(ဃ)မှာတော့ အင်္ဂလန်၊ အမေရိကန်၊ ဂျာမနီနဲ့ တရုတ်အသင်းတွေ ပါဝင်ကြပါတယ်။

၂၀၀၂ ခုနှစ်က စတင်ပြီး အနိုင်ရရှိခဲ့တဲ့ ယူ-၂၀ အမျိုးသမီးဘောလုံးအသင်းတွေကတော့ အဲဒီနှစ်မှာ အမေရိကန်အသင်းဗိုလ်စွဲခဲ့ပြီး ကနေဒါက ဒုတိယရရှိခဲ့ပါတယ်။ ရွှေဖိနပ်ဆုကိုတော့ ကနေဒါမှ စင်ကလဲယားကရရှိခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်က ထိုင်းမှာကျင်းပခဲ့တဲ့ပွဲမှာတော့ ဂျာမနီက ဗိုလ်စွဲပြီး တရုတ်တို့က ဒုတိယရရှိခဲ့ပါတယ်။ ရွှေဖိနပ်ဆုကိုတော့ ဘရာဇီးမှ မာတာက ရရှိခဲ့ပါတယ်။

၂၀၀၆ ခုနှစ် ရုရှားမှာကျင်းပခဲ့တဲ့ပွဲမှာတော့ တောင်ကိုရီးယားက ဗိုလ်စွဲပြီး တရုတ်က ဒုတိယရရှိခဲ့ပါတယ်။ ရွှေဖိနပ်ဆုကိုတော့ တရုတ်မှ စီရာအိုစူက ရရှိခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် ချီလီမှာ ကျင်းပခဲ့တဲ့ပွဲမှာ အမေရိကန်က ဗိုလ်စွဲခဲ့ပြီး ကိုရီးယားက ဒုတိယရရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ် ဂျာမနီမှာ ကျင်းပခဲ့တဲ့ပွဲမှာ အိမ်ရှင်ဂျာမနီတို့ ဗိုလ်စွဲခဲ့ပြီး နိုင်ဂျီးရီးယားအသင်းက ဒုတိယရရှိခဲ့ပါတယ်။ အဲဒီပွဲမှာ ရွှေဖိနပ်ဆုကို ဂျာမနီမှ အလက်ဇန္ဒားပေါ့ပ်က ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်ဂျပန်နိုင်ငံမှာ ကျင်းပမယ့် ယူ-၂၀ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ ဘယ်အသင်းက ဗိုလ်စွဲမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်းတိုများ

မြင့်မောင်စိုး – စုစည်းသည်

မာလီတိုက်စစ်မှူးမိုင်ဂါ ဝက်စ်ဟမ်းက လေးနှစ်စာချုပ်



လန်ဒန် ဇူလိုင် ၁၉

ပြင်သစ်ကလပ် ဆိုးချောက်၌ကစားလျက်ရှိသော မာလီလက်ရွေးစင်တိုက်စစ်မှူး မိုဒီဘိုမိုင်ဂါအား ဝက်စ်ဟမ်းအသင်းက ပေါင် ၄ ဒသမ ၇ သန်းဖြင့် လေးနှစ်စာချုပ်လိုက်ပြီဖြစ်ဖြစ်သည်။

အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး မိုင်ဂါ (ဓါတ်ပုံ)သည် ဗဟိုတိုက်စစ်မှူးနှင့် တောင်ပံတိုက်စစ်မှူးနှစ်မျိုးစလုံး ကစားပေးနိုင်သူဖြစ်သည်။

"ဝက်စ်ဟမ်းအသင်းဟာ အင်္ဂလန်မှာတော့ အသင်းကြီးတစ်သင်းလို့ထင်ပါတယ်။ လာမယ့်ရာသီမှာ ဝက်စ်ဟမ်းအသင်း အောင်မြင်မှုတွေရဖို့ အကောင်းဆုံးကြိုးစားပေးသွားမှာပါ" ဟု တိုက်စစ်မှူးမိုင်ဂါက ပြောကြားသည်။ မိုင်ဂါသည် ၂၀၁၀ ခုနှစ်က ဗီမန်းစ်ကလပ်မှ ဆိုးချောက်သို့ရောက်လာပြီး ပွဲပေါင်း ၅၂ ပွဲ ပါဝင်ကစားခဲ့ရာ ၂၄ ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ မိုင်ဂါသည် ၂၀၁၁ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ရန်ကြိုးစားခဲ့သေးသည်။ သို့သော် ဒူးခေါင်းဒဏ်ရာရထား၍ ဆေးစစ်မှုမအောင်မြင်သဖြင့် စာမချုပ်နိုင်ခဲ့ပေ။

မိုင်ဂါသည် ဝက်စ်ဟမ်းအသင်းသို့ မာလီနိုင်ငံကိုယ်စားပြုရောက်ရှိလာသောတိုက်စစ်မှူးများတွင် ဒုတိယမြောက်တိုက်စစ်မှူးဖြစ်သည်။ ၎င်းမတိုင်မီ တိုက်စစ်မှူးကနူးတေးသည် ဝက်စ်ဟမ်းအသင်းတွင် ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

ပယ်နယ်တီလွဲချော်ခဲ့သည့် မက်ဆီ ယခုအထိ နာကျင်စွာ ခံစားနေရဆဲဟုဆို



မြူးနစ် ဇူလိုင် ၁၉

ပြီးခဲ့သည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းအပေါ် နာကျင်ခံစားနေရဆဲဖြစ်ကြောင်း ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ (ဓါတ်ပုံ)က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး မက်ဆီသည် ယင်းပြိုင်ပွဲတွင် စိတ်လှုပ်ရှားဖွယ်ရာ ပယ်နယ်တီကန်သွင်းစဉ် လွဲချော်သွားသဖြင့် ချယ်လ်ဆီးတို့ ဗိုလ်လုပွဲတက်ရောက်သွားခဲ့သည်။ ဘာစီလိုနာအသင်းသည် ရီးရဲမက်ဒရစ်က ဖလားဆွတ်ခူးသွားသဖြင့် စပိန်လာလီဂါဖလားလည်း လက်လွတ်ကာ ဖွတ်မရှားမဆုံးအဖြစ်နှင့် ကြုံခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ကာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်းကို ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိ ဒုတိယအကျော့၌ တစ်ဖက်နှစ်ဂိုးစီသရေကစားခဲ့သည်။ စပိန်လာလီဂါတွင်လည်း ဘာစီလိုနာတို့ထက် ရီးရဲမက်ဒရစ်က ကိုးမှတ်အသာကစားပြီး ဖလားကို ဆွတ်ခူးသွားခဲ့သည်။ **(အင်တာနက်)**

ပြင်သစ်ခရီးရှည် စက်ဘီးပြိုင်ပွဲ ဘရက်ဒလေဝက်ဂျင်းစ်ဦးဆောင်နေ

ပါရီ ဇူလိုင် ၁၉

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲကို ပြင်သစ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ ဇူလိုင် ၁၉ ရက်အထိ ၁၀ ရက်ကြာ ယှဉ်ပြိုင်လာခဲ့ရာ ပြိုင်ပွဲအဆင့် ၁၆ အပြီး ဗြိတိသျှစက်ဘီးစီး အားကစားသမား ဘရက်ဒလေဝက်ဂျင်းစ်က ပြိုင်ပွဲဝင်ချိန် နာရီအနည်းဆုံးဖြင့် ဦးဆောင်လျက်ရှိသည်။ **(ယာပုံ)**

ဘရက်ဒလေဝက်ဂျင်းစ်သည် အဆင့် ၁၆ ပြိုင်ပွဲအပြီး ပြိုင်ပွဲဝင်ချိန် ၇၄ နာရီ ၁၅ မိနစ် ၃၂ စက္ကန့်ဖြင့် နာရီအနည်းဆုံးစံချိန်တင်ထားသည်။ ၎င်းနှင့် တစ်နိုင်ငံတည်းသား ခရစ်ဖရိုးမီက ၂ မိနစ် ၅ စက္ကန့်ပိုများပြီး ဒုတိယလိုက်နေသည်။ အီတလီမှ ဗင်စင်ဇိုနီဘာလီက ၂ မိနစ်နှင့် ၂၃ စက္ကန့်ပိုများပြီး တတိယနေရာမှ လိုက်သည်။ ပြင်သစ်ခရီးရှည် စက်ဘီးစီးချန်ပီယံ ကာဒယ်အီးဗန်းသည် တတိယမြောက် တောင်တက်ခရီးတွင် ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာအနည်းငယ် ရရှိသွားသည်။ သို့သော်လည်း ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။ ၎င်းသည် ယခုနှစ် ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ဗိုလ်စွဲရန် အလှမ်းဝေးသွားပြီဖြစ်သည်။ လက်ရှိအနေအထားအရ ဝက်စ်ဂျင်းစ်၊ ခရစ်ဖရိုးမီနှင့် ဗင်စင်ဇိုနီဘာလီတို့သည် ယခုနှစ်အတွက် ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံးဖြစ်လာသည်။ **(အင်တာနက်)**

ရက်ဘူးလ်အသင်းအတွက်အနိုင်ဂိုး တိုက်စစ်မှူး အွန်နရီသွင်းယူ

တိုက်စစ်မှူး အွန်နရီ

နယူးယောက် ဇူလိုင် ၁၉

အမေရိကန် မေဂျာလိဂ်ဘောလုံးပြိုင်ပွဲများကို ဇူလိုင် ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ နယူးယောက် ရက်ဘူးလ်အသင်းက ချီကာဂိုဖိုင်းယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်ရောက်သွားပြီဖြစ်သည်။

ရက်ဘူးလ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို အာဆင်နယ်နှင့် ဘာစီလိုနာတိုက်စစ်မှူးဟောင်း အွန်နရီက ပွဲချိန် ၇၁ မိနစ်တွင်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးအွန်နရီသည် ညာတောင်ပံမှ ဖြတ်တင်ပေးလိုက်သော ဘောလုံးကို ဘယ်ခြေဖြင့် မြေမကျဘဲ လေထဲတွင်ဝဲပျံပြီး လှလှပပကန်သွင်းယူသွားခြင်းဖြစ်သည်။ ရက်ဘူးလ်အသင်းသည် ယင်းပွဲ အနိုင်ရလိုက်သဖြင့် အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လာသည်။

ကင်ဆက်စီးတီးအသင်းသည် ဟူစတွန်ဒိုင်နမိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သွားခဲ့သဖြင့် ရက်ဘူးလ်အသင်းထက် ကန်ဆပ်စီးတီးက တစ်မှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ ဒေးဗစ်ဘက်ခမ်းပါဝင်ကစားသည့် ဂလက်ဆီအသင်းသည် ဗန်ကူဗာအသင်းကို တစ်ဖက်နှစ်ဂိုးစီသရေသာကစားနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ဂလက်ဆီအသင်းသည် ဗန်ကူဗာအသင်းကို ပွဲပြီးရန် ၁၀ မိနစ်အလိုတွင် နောက်မှလိုက်၍ ချေပဂိုးနှစ်ဂိုး သွင်းယူခဲ့ရသည်။ **(အင်တာနက်)**

သတိပေးနှိုးဆော်ခြင်း

ရန်ကုန်စက်မှုဇုန် အပိုင်း(၁၊၂၊၃)တွင် ဝယ်ယူထားသော စက်ရုံမြေကွက် ပိုင်ရှင်များသည် စာချုပ်ပါအချက်များအတိုင်း မိမိတို့ဝယ်ယူထားသော မြေကွက်တွင် အမြန်ဆုံး စက်ရုံဆောက်လုပ်ကြပါရန် ထပ်မံသတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ

ဆက်သွယ်ရန် ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅၊ ၆၃၉၃၀၆

မွေးနေ့ဆုတောင်း

ချစ်ဇနီး ဒေါက်တာဇင်မာသန်းထွန်း၏ ၂၀-၇-၂၀၁၂ရက် (သောကြာနေ့)တွင် ကျရောက်သော ပုလဲရတုမွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချမ်းမြေ့သာယာသောဘဝခရီး လမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း

ဗိုလ်မှူးရဲနိုင်

ဦးအောင်ကျော် (Tu Tu - Su Su)

Interview English

English Speaking & Grammar

106,

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း

အစီအစဉ်

နေ့ရက် : : ၁၅ - ၈ - ၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့)

အချိန် : : နံနက် (၁၀:၀၀)နာရီ

နေရာ : : Panda Hotel

ဂုဏ်ထူးဦးအောင်ဗိုင်

Basic Grammar (2 Color)

Essays & Letters (3 Color)

01 252 919, 09 430 85263

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၈ လမ်း၊ တိုက်အမှတ်(၃၅)မြေညီထပ်နှင့် ပထမထပ်လူနေတိုက်ခန်း(၂)ခန်းအား ပိုင်ရှင်ဟု အဆိုရှိသူ ဦးငွေစိုး ၁၂/မဂတ(နိုင်)၀၆၇၂၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စာချုပ်ချုပ်ဆိုပြီး တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးထားပြီးဖြစ်ပါသည်။ အဆိုပါလူနေတိုက်ခန်းနှစ်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မှန်ကန်သောအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး(စဥ်-၂၆၆၁၈)

အထက်တန်းရှေ့နေ

(ရုံး)ရွှေနေများနားနေခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်

Myawady Digital Set Top Box

01-554971, 01-553806, 09-73185678, 09-8703878



ဆွမ်းကျွေးအလှူ ဖိတ်ကြားလွှာ

နေပြည်တော်ရှိ ရခိုင်တိုင်းရင်းသားတိုင်းရင်းသူ လူငယ်များစုပေါင်းဆွမ်းကျွေး အလှူတော်မင်္ဂလာ ပြုလုပ်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀ နာရီအထိ

နေရာ - အေးမြရွှေပြည်ဘုန်းတော်ကြီးကျောင်း၊ အထက(၆)နှင့် သဇင်(၁) အဆောင်ကြား၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

* ရခိုင်ပြည်နယ်ရှိ ရခိုင်တိုင်းရင်းသားမိဘပြည်သူပြည်သားများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကို ၂-၈-၂၀၁၂ရက်အထိ အေးမြရွှေပြည် ဘုန်းတော်ကြီးကျောင်းဆရာတော်ထံ မိမိတို့ တတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်အပ်ပါသည်။

ကြာငါးခိုင်သက်နိုင်ပါ ဆိုသက်နှင်း

ကြာငါးနိုင်သက်နှင်းတိုက်

Ocean နှင့် CityMart

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

လှည်းကူးမြို့နယ်တရားရုံးတော်၌

၂၀၁၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇

ဦးဉာဏ်ထွန်း	နှင့်	၁။ ဒေါ်တင်အေး
		၂။ ဦးကျော်ညွန့်
		၃။ ဒေါ်စန်းကြင်
တရားလို		**တရားပြိုင်များ**

လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရိပ်သာ(၂)လမ်းနေ ဒေါ်တင်အေး (ယခုနေရပ်လိပ်စာမသိသူ) နှင့် လှည်းကူးမြို့နယ်၊ ဈေးကြီးရပ်ကွက်၊ ကုန်သည်လမ်းနေ ဦးကျော်ညွန့်၊ ဒေါ်စန်းကြင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း စာချုပ်စာတမ်းကို မှတ်ပုံတင်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၁ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်လိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့၏ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

စောဖြူဖြူလှိုင် (တ/၂၆၆၄)

ဒုတိယမြို့နယ်တရားသူကြီး၊ လှည်းကူးမြို့နယ်တရားရုံး

အများသိရှိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သံသုမာလမ်း၊ ရွှေချမ်းသာတိုက်၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ အမှတ်(၁၂၀၁)နေ မှတ်ပုံတင်အမှတ် ၁၂/ကတတ(နိုင်)၀၀၁၈၂၉ ကိုင်ဆောင်သူ (ဘ)ဦးနိုင်ဝင်း၏ သမီးဖြစ်သူ ဒေါ်စန္ဒာဝင်း၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းအားလုံး၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်စန္ဒာဝင်းမှ ဥပဒေနှင့်အညီ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အထူးကိုယ်စားလှယ်လွှဲစာနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာတို့အား လွှဲအပ်ပေးထားခြင်းမရှိကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းသီတာစိုး(LL.B, D.B.L)

အထက်တန်းရှေ့နေ

အမှတ်(၆၀၆)၊ သီတာရေစင်လမ်း၊ (၁၆/၄)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း၀၉-၄၂၀၀၀၇၄၃၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၆၊ မြေကွက်အမှတ် ၉၄၈၊ မြေကွက်တည်နေရာ အမှတ် ၉၄၈၊ (၆)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း) ဒေါ်သက်သက်မွန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သက်သက်မွန် ၁၂/လမတ(နိုင်)၀၂၉၀၆၈ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၆၆/၂၀၁၀ ၂၆-၁-၂၀၁၀ ဖြင့် SP ရသူ ဒေါ်ကြူကြူဝင်း ၁၂/တမန(နိုင်)၀၂၆၆၅၃ က ပါဝါမရပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူ သက်ရှိထင်ရှားရှိသည်မှာ မှန်ကန်ပါကြောင်း တရားရုံးက ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ (၁၄)အုပ်မြောက်...

အလှအပနှင့် ကျန်းမာသက်ရှည်ရေး၏ သဘာဝလျှို့ဝှက်ချက်များ

Beauty Sloom

Safer FLUZA Tab. "ဖလူဇာ" ၌ ဆိုးကျိုးများပေးသော "PPA" Phenylpropanolamine (ဖီနိုင်းပရိုပါနော်လမင်း) မပါဝင်ပါ။
PPA
အအေးမိ၊ တုပ်ကွေး၊ ချွဲနှာ အတိရောက်ဆုံးနဲ့ အမြန်ဆုံး သက်သာပျောက်ကင်းစေမှာ ဖလူဇာ

MDRI

မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအရင်းအမြစ်အဖွဲ့ (MDRI) ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ CESD နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးတို့မှ ကမကထပြုလုပ်၍ နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်မှ သဘာပတိပြုလုပ်သည့် **ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အိန္ဒိယ၏ အတွေ့အကြုံ** ခေါင်းစဉ်ဖြင့် ဟောပြော ဆွေးနွေးပွဲ ကျင်းပမည် ဖြစ်ပါသည်။

ယင်းဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင် အရေးပါသည့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော အိန္ဒိယနိုင်ငံ စီမံကိန်းရေးဆွဲရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ Mr.Montek Singh Ahluwalia နှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးမဏ္ဍိုင် အမျိုးသားစီးပွားရေး ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များတွင် ပညာရှင်တစ်ဦးဖြစ်သော Indiain Council for Research on International Economic Relations (ICRIER) ၏ ဥက္ကဋ္ဌဖြစ်သူ Dr. Isher Judge Ahluwalia တို့မှ ပါဝင်ဆွေးနွေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၁၂ခုနှစ် ဇူလိုင် ၂၀ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - ညနေ ၃ နာရီမှ ၃း၃၀နာရီ (Registration ပြုလုပ်ခြင်း)
ညနေ ၃း၃၀ နာရီမှ ၆း၃၀နာရီ (ဟောပြောဆွေးနွေးခြင်း)
ကျင်းပမည့်နေရာ - ဆွေးနွေးခန်းမ (ပင်မအဆောက်အအုံ)၊ MICT Park ၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

Junction Cineplex
Junction Nay Pyi Taw Ph - 067 421 615
Junction Maw Tin Ph - 225 244
Junction Square Ph - 527 055
BODYGUARD
Booking
BODYGUARD
3D HAUNTED

ဂန္ဓဝင်ရွှေပုံ Travels & Tours
Exploring to the edge of the globe
No.67, Baho Rd, Sachaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73052. Hot Line: 09-73003772
email: outboundgandawun@gmail.com, web: myanmartravel.org

PEARL LAND TRAVELS & TOURS CO., LTD.



3D ဇာတ်ကား HAUNTED
Junction Square
၆.၇.၂၀၁၂ စတင်ပြသမည်
Booking

7 Day SHOPPING GUIDE
7 Day Shopping Guide

သင်ကားရှိပါသလား?

SUCCESS LANGUAGE ACADEMY
Y.W.C.A.
Basic English Speaking
Vocab Enrichment
IELTS Four Skills
Four Skills English (Basic)
Basic Grammar
IELTS Speaking
IELTS Reading
IELTS Writing
Pre-Intermediate
Intermediate Grammar
IELTS Exam Practice
Basic Writing
Intermediate
Intermediate Writing

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ စော်ဘွားလမ်း၊ အမှတ် ၂၇၊ (၃၃ ပေ×၆၂ ပေ)အကျယ်ရှိ မြေကွက်နှင့်မြေပေါ်ရှိ အုတ်ညှပ်နှစ်ထပ်တိုက်အဆောက်အအုံအား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသည့် ဦးလှဝေ ၁၂/မရက(နိုင်)၀၆၃၇၇၀ ထံမှ ၄င်းပိုင်ဆိုင်သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အသီးသီးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ အစိတ်ပိုင်းတစ်ခုကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံအား အပြီးအပိုင် ရောင်းဝယ်ခြင်းအပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် ကန့်ကွက်မည့်သူမည်သူမဆို ခိုင်လုံသည့်အထောက်အထားများကိုယူဆောင်၍ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းဝင့်ဝါမျိုးဌေး(စဉ်-၂၅၅၁၁) LL.B, D.B.L, D.I.L, D.A.Psy

ဒေါ်စိုးစန္ဒာနှင်း(စဉ်-၂၇၁၇၉) LL.B, D.B.L, D.I.L, D.M.L

အထက်တန်းရှေ့နေများ

အမှတ် ၁၇၃/ခ၊ ဓေယျာ ၇ လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၂၇၈၁၊ ၀၉-၅၀၉၅၆၅၂

တစ်ဦးတည်း ဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက္ကမရောမြို့နယ်၊ ကော့ဘွီးကျေးရွာအုပ်စု၊ အလုပ်ကုန်းရွာနေ ဦးဖျိုး၏သမီး မအေးအေးရွှေ ၁၀/ကမရ(နိုင်)၀၈၀၂၁၆ နှင့် မခင်စန်းရီတို့မှာတစ်ဦးတည်းဖြစ်ပါကြောင်း။
မခင်စန်းရီ(ခ)မအေးအေးရွှေ

ဖခင်၊ မိခင်အမည်မှန်

ကျိုက္ကမရောမြို့နယ်၊ ကော့ဘွီးကျေးရွာအုပ်စု၊ အလုပ်ကုန်းရွာနေ မအေးအေးရွှေ (ခ) မခင်စန်းရီ၏ ဖခင်အမည်မှန်မှာ ဦးဖျိုး ၁၀/ကမရ(နိုင်) ၀၅၂၄၁၅ နှင့် ဒေါ်မီး ၁၀/ကမရ(နိုင်) ၀၄၉၂၈၅ တို့ ဖြစ်ပါကြောင်း။ **ဦးဖျိုး-ဒေါ်မီး**

အမြန်ပြန်လာပါ

မောင်အောင်ထွန်း(ခ) အရင်းရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိသားစုအားလုံး စိတ်ပူနေပါသည်။ လက်ခံထားသူများအား ကျေးဇူးတင်ပါသည်။ **ဦးစိန်ဝင်း-ဒေါ်တင်ဝင်း**

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းမကြီး၊ အမှတ် ၂၈၁၊ အခန်းအမှတ် 3A-3B၊ တိုက်ခန်း နှစ်ခန်းတွဲလျက် အကျယ်အဝန်း (ပေ၃၀ × ပေ၇၀)၊ ဒုတိယထပ်(တတိယလွှာ)တိုက်ခန်းများကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသော ဦးကျော်မင်းမင်းလတ် ၁၂/ပဇတ(နိုင်) ၀၁၇၄၇၅ထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေး(တရားလွှတ်တော်ရှေ့နေ-၆၇၄၉)

အမှတ် ၃ (ဘီ)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၁၁၈၇၅

သတ္တုတွင်းဝန်ကြီးဌာန
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများတွင် ခန့်ထားနိုင်ရန်အတွက် အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဘွဲ့ရရှိသော အင်ဂျင်နီယာ/ဘူမိဗေဒ/ဥပဒေ/စီးပွားရေး/ အဏ္ဏဝါဇီဝဗေဒ/သတ္တဗေဒ ဘွဲ့ရများသည် အောက်ပါရာထူးများတွင် အလုပ်လျှောက်ထားနိုင်ပါသည်-

(က) B.E(Mining)	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ခ) B.E(Metallurgy)	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ဂ) B.E(Civil)	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ဃ) B.E(Mechanical)	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(င) B.Sc(Geology)	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
B.Sc(Geology)	၄၇၀၀၀-၁၀၀၀-၅၂၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(စ) LL.B / LL.M	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
LL.B	၄၇၀၀၀-၁၀၀၀-၅၂၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ဆ) B.Com	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
	၄၇၀၀၀-၁၀၀၀-၅၂၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ဇ) B.Econ	၅၉၀၀၀-၁၀၀၀-၆၄၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
	၄၇၀၀၀-၁၀၀၀-၅၂၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ
(ဈ) B.Sc(Marine Biology) B.Sc(Zoology)	၅၃၀၀၀-၁၀၀၀-၅၈၀၀၀	+ အပိုထောက်ပံ့ကြေး	၃၀၀၀၀ိ

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ/သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ ရုံးအမှတ်(၁၉)၊သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်တွင် ၃-၈-၂၀၁၂ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်-

- **(က) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ ဓာတ်ပုံ(၃)ပုံ**
- **(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်**
- **(ဂ) ဘွဲ့လက်မှတ်မိတ္တူ(တိုက်ဆိုင်စစ်ဆေးနိုင်ရန်အတွက် မူရင်းတင်ပြနိုင်ရမည်)**
- **(ဃ) ဘွဲ့လက်မှတ်အမှတ်စာရင်းမိတ္တူ**
- **(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်**
- **(စ) အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်**
- **(ဆ) (၆)လအတွင်း ပြုလုပ်ထားသော ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ**
- **(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ**
- **(ဈ) အသက်ကန့်သတ်ချက်မှာ လျှောက်ထားသည့်နေ့တွင် (၃၀)နှစ်ထက်မကြီးရ**
- **(ည) မဟာဘွဲ့ရရှိသူများသည် လျှောက်ထားသည့်နေ့တွင် (၃၅)နှစ်ထက်မကြီးရ**
- **(ဋ) အလုပ်သမားမှတ်ပုံတင်မိတ္တူ**

၃။ လျှောက်ထားသူသည် ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။

၄။ ဝန်ထမ်းများသည် မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်လွှာကို လျှောက်ထားရမည်ဖြစ်ပြီး ကြိုတင်မိတ္တူ(၁)စောင်ကို သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနသို့ လိပ်မူပြီး ၃-၈-၂၀၁၂ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ အသေးစိတ်သိလိုပါက ရုံးအမှတ် (၁၉)၊ သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ နေပြည်တော် ဖုန်း- ၀၆၇-၄၀၉၃၇၃၊ ၀၆၇-၄၀၉၃၇၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာန

အမည်ပြောင်း

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)ရုံးဝင်းနေ ဦးမျိုးထွဋ် ၁၂/ဒဂမ(နိုင်)၀၀၆၇၀၃၏သားများ ဖြစ်ကြသော မောင်အောင်သူရအား မောင်စည်သူဖြိုးဟုလည်းကောင်း၊ မောင်ထွဋ်အာကာလှိုင်အား မောင်ဇေယျာဟိန်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မောင်စည်သူဖြိုး၊
မောင်ဇေယျာဟိန်း

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၇၀ ဒ၊ မြေကွက်တည်နေရာအမှတ် ၃၇၀ ဒ၊ ကူနွာ ၅ လမ်း၊ (၉)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးသာအောင် ISN -၀၈၉၃၃၈ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးသာအောင် ကွယ်လွန်သဖြင့် ဒေါ်ခင်အုန်းမြင့် ၁၂/ဥကတ(နိုင်)၀၆၇၉၇၁က တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ခင်အုန်းမြင့်၏ GP $\frac{၄၃၅၁}{၂၁-၂-၁၂}$ ရသူ ဒေါ်ခိုင်စိုးသင်း ၁၂/ဥကတ (နိုင်)၀၆၇၉၇၀က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဆေးစက်၊ မြေကွက်အမှတ် ၅၅၊ မြေကွက်တည်နေရာအမှတ် ၅၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဆေးစက်ရပ်ကွက် ဒေါ်တင်အိ ၁၂/ဒပန(နိုင်)၀၁၁၉၂၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်အိ(မိခင်)ကွယ်လွန်နှင့် ဦးမြင့်သောင်း(ဖခင်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်အိအိခိုင် ၁၂/ဒပန(နိုင်)၀၀၀၆၂၄က ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာဆရာတော်အမှူးပြုသော သံဃာတော်အပါး ၅၀တို့အား (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) ၂-၈-၂၀၁၂ ရက် (ကြာသပတေးနေ့) သာသနာ့သီတလဓမ္မဗိမာန်တော် မြေညီထပ်၌ ဆရာတော်အား ကိုယ်တိုင်သင်္ကန်းကပ်လှူနိုင်ပါသည်။ နံနက် ၉း၃၀ နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားနာကြားမည်။ နံနက် ၁၀း၃၀နာရီတွင် သံဃာတော်နှင့် ယောဂီများအား နေ့ဆွမ်းဆက်ကပ်ပြီး အလှူရှင်တို့အား နံနက် ၉ နာရီမှစ၍ ဧည့်ခံကျွေးမွေးပါမည်။ သင်္ကန်းဒွိစုံ ငွေကျပ် ၃၅၀၀ိ/-၊ ထီး ၂၀၀၀ိ/-၊ ဖိနပ် ၂၀၀၀ိ/-၊ ဆွမ်းအလှူတော် သံဃာနှင့်ယောဂီတို့အား ၁၀၀၀ိ/-နှင့် ၅၀၀ိ/-စသည့် လှူဖွယ်ပစ္စည်းများကို မိမိတို့စေတနာသဒ္ဓါထက်သန်စွာဖြင့် ဖုန်း-၀၁-၆၄၂၂၁၉သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ညောင်ကန်အေး ရိပ်သာဝေယျာဝစ္စအဖွဲ့က သတိပေးနှိုးဆော်ပါသည်။

မြန်မာ့ရေနံကြိုးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) အဝီစိတွင်းတူးဖော်ရန်နှင့် ရေစင်တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ၂"Ø အဝီစိတွင်းအား ကွန်ပရက်ဆာ၊ မော်တာနှင့် ဂါလန် ၂၀၀၀ ဆံ့ ၁၂'အမြင့် ရေစင်နှင့် လျှပ်စစ်သွယ်တန်းခြင်းအပါအဝင် အင်ဂျင်နီယာပုံစံနှင့်အညီ တူးဖော်ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ လုပ်ငန်းတည်နေရာမှာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား၊ လမ်း ၂၀နှင့် ၂၁လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၃။ ပြင်ပလုပ်ငန်းရှင်များသည် ဈေးပြိုင်အိတ်ဖွင့်တင်ဒါများကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သတ်မှတ်ထားသောပုံစံအတိုင်း တင်သွင်းရမည်။ ပုံစံများကို ၂၃-၇-၂၀၁၂ရက်မှ ၂၇-၇-၂၀၁၂ရက်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၇-၂၀၁၂ ရက် နံနက် ၁၀း၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ရုံးအမှတ် ၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈၊ ၀၂-၇၃၂၁၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန်အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	တာယာ၊ ဘက်ထရီ၊ စက်ဆီ/ချောဆီ	1 Lot

ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၁-၇-၂၀၁၂ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ဖြူးမဟာစည်ရိပ်သာ (ရန်ကုန်)
(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြု သီတင်းသုံးတော်မူခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြမည့် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂဝရ M.A(INDIA) နှင့် သံဃာတော်များ၊ ပင့်သံဃာတော်အရှင်သူမြတ်တို့အား ရိပ်သာအကျိုးတော်ဆောင်အဖွဲ့နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁ရက်) ၃-၈-၂၀၁၂ရက်(သောကြာနေ့)နံနက် ၉း၃၀ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ဝါဆိုသင်္ကန်းအလှူ၊ ဆွမ်းဝေယျာဝစ္စအလှူဒါန အစုစုတို့ကို ဖုန်း-၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများကို နေပြည်တော် ပေါင်းလောင်းဂိုဒေါင်အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Switch Yard Equipments	(9)Items
(ခ)	Control Card & Control Devices	(30)Items
(ဂ)	3Ton Hand Pallet Truck	(2)Numbers
(ဃ)	Control & Protective Devices	(17)Items

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ ခုနှစ် ဩဂုတ် ၆ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆

ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသား သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၄)၊ ဝက်မစွပ်ဝန်ထောက်လမ်း၊ အမှတ် ၁၀၄ရှိ မာဃကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၊ (MA GA Manufacturing Company., Ltd.)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားရှိပါသည်။

ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို လျှပ်စစ်ဓာတ်အားလိုင်းသုံး ကွန်ကရစ်ကျောက်တိုင်အရွယ်အစားအမျိုးမျိုး၊ အသင့်သုံး ကြိုတင်အားဖြည့်ကွန်ကရစ်ကြမ်းခင်းပြားများ၊ ကွန်ကရစ်နံရံပြားများ၊ အဆောက်အအုံသုံး ကြိုတင်သွန်းလောင်းကွန်ကရစ်ပစ္စည်းအမျိုးမျိုး၊ ကြိုတင်သွန်းလောင်းကွန်ကရစ်ပိုက်အရွယ်အစားအမျိုးမျိုး၊ ကွန်ကရစ်ရေမြောင်းအမျိုးမျိုးနှင့် ကွန်ကရစ်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ ဖော်ပြပါတံဆိပ်အမည်၊ အမှတ်အသားဖြင့်ပင် ကုန်ပစ္စည်းများအား ပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းခြင်း၊ ထုပ်ပိုးခြင်း၊ ကြော်ငြာခြင်းများကို အသုံးပြုလျက်ရှိပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားတို့ကို မာဃကုန်ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (MA GA Manufacturing Company., Ltd.)၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အတုပြုလုပ်ခြင်း၊ တုပပြုလုပ်သုံးစွဲခြင်း၊ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို ထင်ယောင်ထင်မှားဖြစ်စေရန် ဆောင်ရွက်ခြင်း၊ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို အခြားတစ်နည်းနည်းဖြင့် တုပပြုလုပ်သုံးစွဲရာရောက်သည့် ဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်သက်လင်း
LL.B, D.B.L, D.M.L, D.I.L
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၁၉၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၅၃၉၉

[illegible]

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ချစ်လွင်(ခ)ခိုင်မင်းညို**
၁၁/မပတ(နိုင်)၀၃၅၆၉၅နှင့်
ကျွန်မ **မနေဇာပြုံး(ခ)မော်လီ**
၁၁/စတန(နိုင်)၀၅၆၆၁၆တို့သည်
ကရင်ပြည်နယ် ဘားအံမြို့တရားရုံး၌ ၁၃-၇-၂၀၁၂ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ချစ်လွင်(ခ)ခိုင်မင်းညို
မနေဇာပြုံး(ခ)မော်လီ

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်)

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူးကျင်းပသော (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှတ် ၆၃၊ ပထမထပ်၊ ဘုန်းကြီးလမ်း(အသင်းတိုက်) ရန်ကုန်မြို့၌ ၂-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကျင်းပပြုလုပ်ပြီး ၂၆-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လပွတ္တာမြို့ပေါ်ရှိ ကျောင်းတိုက်အားလုံးကို ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများကြွရောက်ကြပါရန်၊ လှူဒါန်းလိုသူများသည် ဦးဟန်စိန် ဒု-ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁၃၃၆၈၈၊ ဦးရွှေလှိုင် ဒု-ဥက္ကဋ္ဌ ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ဦးသန်းထွန်း အတွင်းရေးမှူး(၁) ဖုန်း-၀၁၃၈၀၂၂၃၊ ဦးခင်မောင်လေး အတွင်းရေးမှူး(၂) ဖုန်း-၀၁-၇၀၃၀၇၇၊ အသင်းရုံးဖုန်း ၀၁-၂၂၂၀၈၈ နှင့် လပွတ္တာမြို့နယ်တွင် ဦးနေဝင်း၊ ဦးတင်ဆိုင်(ဌာနေအမှုဆောင်)တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ် ၁၂၊ ပထမထပ်၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ အသင်းတိုက်၌ ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/သားများ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါးခယ်မနယ်ဖွား သံဃာတော် ၁၇ ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး တစ်ပါးလျှင်သင်္ကန်းတစ်စုံနှင့်ဝတ္ထုငွေကျပ် ၁၀၀၀၀ိ/-လှူဒါန်းပါမည်။ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ ၅၄၉၃၀၁၊ အတွင်းရေးမှူး ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေရီ ဖုန်း-၃၉၄၂၆၈၊ ၀၉-၅၀၈၂၀၁၄၊ အသင်းတိုက်ဖုန်း-၂၂၆၅၉၀တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၃)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ်(၂၁/၄၃စီ)ရှိ ဧရာဝတီတိုင်းဒေသကြီးမွှာရုံ၌ကျင်းပမည်ဖြစ်ရာ ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်ရသေးသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်သက်ကြီးစာရင်းနှင့် ၂၀၁၁/၂၀၁၂ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းကို နီးစပ်ရာအမှုဆောင်များထံပေးပို့ကြပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း-၅၅၉၅၃၆၊ ဒု-ဥက္ကဋ္ဌ ဦးငွေနိုင်ဝင်း ဖုန်း-၀၉-၅၀၆၂၆၆၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁၈၉၄၅၈နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၉-၄၂၀၀၄၉၇၃၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

အမှုဆောင်အဖွဲ့

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးဖိတ်ကြားခြင်း

ကော့သောင်းမြို့နယ်အသင်း(မှတ်ပုံတင်အမှတ်-၁၉၉၇)သို့ ရပ်ဝေးရပ်နီးနေ ကော့သောင်းမြို့သူ၊ မြို့သားများ အသင်းဝင်နိုင်ရန်အတွက် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အစည်းအဝေးသို့ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၂ခုနှစ် ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
နေရာ - M3 စားသောက်ဆိုင်ခန်းမ၊ တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းမြို့နယ်။

စုံစမ်းမေးမြန်းနိုင်ရန် ကျင်းပရေးကော်မတီ

၁။	ဦးမောင်မောင်အောင်	ဖုန်း-၀၉-၅၆၈၀၂၉၉
၂။	ဦးချစ်ခိုင်	ဖုန်း-၀၉-၈၇၆၃၂၀၀
၃။	ဦးကွာကွာ(ခ)ဦးကိုကြိုင်း	ဖုန်း-၀၉-၅၀၈၃၇၄၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ရပ်ကွက် အမှတ် ၂၃/၂၅ စီ-၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ၁၀၈ လမ်းထောင့်နေ ဦးသန့်စင်ဝင်းကြည်သည် မြန်မာ့မီးရထား-ကြံခင်း-ပခုက္ကူလမ်းဖောက်ရေးစီမံကိန်း သရက်/ပွင့်ဖြူလမ်းပိုင်းတံတားများဆောက်လုပ်ရာတွင် လက်ကျန်ငွေများထုတ်ယူရန်အတွက် ဒေါ်ချောမမ ၁၂/ဒဂန(နိုင်)၀၀၁၀၄၂သို့ လွှဲပြောင်းပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက လိုအပ်သောအထောက်အထားများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးကိုရီ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၅၆၀) ဖုန်း-၀၉-၅၀၅၅၁၇၈
ဒေါ်မချို LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၉၄) ဖုန်း-၀၉-၅၀၅၆၂၂၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc) ၅နှစ်သင်တန်းအတွက် ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ ၁၅၀နှင့် အမျိုးသမီးဦးရေ ၁၅၀၊ စုစုပေါင်း ၃၀၀ဦးလက်ခံမည်။

၃။ လျှောက်ထားသူသည်

(က) ဝင်ခွင့်လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

(ဂ) ကွင်းလက်တွေ့လုပ်ငန်းများတွင် ကျောင်းသားကျောင်းသူများကိုယ်တိုင်ပါဝင် လေ့ကျင့်လုပ်ဆောင်ကြရမည်ဖြစ်ပါသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကျန်းမာရေး(က)အဆင့်ရှိပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ် ၃၂၀နှင့်အထက်ရရှိရမည်။

(င) ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာရပ်ဖြေဆိုရမည်။

(စ) လူတွေ့စစ်ဆေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းခံယူရမည်။

၄။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာသတ်မှတ်ပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပြီး မိမိအစီအစဉ်ဖြင့် (A-4 size)ဖြင့် ကွန်ပျူတာရိုက်၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ထောက်ခံချက်(မိတ္တူ)

(ခ) အမှတ်စာရင်း(မိတ္တူ)

(ဂ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ဃ) နိုင်ငံရေးကင်းရှင်းကြောင်းနှင့်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ထောက်ခံချက်(မူရင်း)

(င) လိုင်စင်ဓာတ်ပုံ(၃)ပုံ

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ ဤတက္ကသိုလ်ဝင်ခွင့်လျှောက်ထားပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးကို ရှေးရှု၍ အမှတ်ကန့်သတ်ခြင်းမပြုဘဲ ဦးစားပေးလက်ခံပေးမည်။

၇။ လျှောက်လွှာကို ကျောင်းသားရေးရာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းလိပ်မှူ၍ ၂၄-၈-၂၀၁၂ရက်(သောကြာနေ့) နောက်ဆုံးထား၍ပေးပို့ရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်နှင့်ခုံအမှတ်စာရင်းကို ဤတက္ကသိုလ်တွင် အချိန်မီထုတ်ပြန်ကြေညာပေးမည်။ ဖြေဆိုခွင့်ရရှိသူများသည် ၃၁-၈-၂၀၁၂ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကျောင်းသားရေးရာဌာနတွင် သတင်းပို့ရမည်။

၉။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါအတိုင်း စစ်ဆေးမည်။

(က) အင်္ဂလိပ်စာ (၃)နာရီမေးခွန်း - ၁-၉-၂၀၁၂ရက်(စနေနေ့) နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

(ခ) ဇီဝဗေဒ (၃)နာရီမေးခွန်း -၂-၉-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ

၁၀။ ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများအား လူတွေ့နှုတ်မေးစစ်ဆေးမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်ကို ထပ်မံကြေညာပါမည်။ **လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်(မူရင်း)၊ အမှတ်စာရင်း(မူရင်း)နှင့် နိုင်ငံသားစိစစ်ရေးကတ်များ** ယူဆောင်လာရမည်။

၁၁။ အကယ်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန်လိုအပ်မည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၆၅၁၂၊ ၄၁၆၆၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ပထမနှစ်ဝင်ခွင့်လျှောက်လွှာ
(၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ

၁။ အမည်(အပြည့်အစုံ) ---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------
၂။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ---
၃။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် ----------------- ခုနှစ် ----------- စာစစ်ဌာန -------------
၄။ လူမျိုး ------------------------------ ကိုးကွယ်သည့်ဘာသာ ----------------------
၅။ အမြဲနေထိုင်သောလိပ်စာ ---

၆။ ဆက်သွယ်ရန်လိပ်စာ ---

၇။ ဖခင်အမည် -------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------------
အလုပ်အကိုင် ---
မိခင်အမည် -------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------
အလုပ်အကိုင် ---
၈။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ ။ ---------------- ----------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်
အထက်ပါဖော်ပြချက်များ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။
ရက်စွဲ ။ ---------------- ----------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

ပါဠိဂုဏ်ထူးဆရာကြီးဦးအောင်ခိုင် စာချသင်တန်းဖွင့်မည်

၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်မှစ၍ ပါရာဇိကံကို ၃နာရီမှ ၄နာရီအထိ ပါစိတျာဒိပါဠိဂုဏ်ထူးကို ၄နာရီမှ ၅နာရီအထိ မေးထားသော မေးခွန်းဝါကျတွေ့လျှင် ကြံဆနည်းရှု၍ ဖြေဆိုနိုင်အောင် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဗဟန်း ၃လမ်း၊ တိုက် ၃၁၊ အခန်း(၂/ဘီ)၌ စုံစမ်းနိုင်ပါသည်

မဟာဗောဓိပရိယတ္တိစာသင်တိုက်
(၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်း၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ မဟာဗောဓိပရိယတ္တိ သာသနာပြုအသင်းမှ ဦးဆောင်ကာ ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ မဟာဗောဓိပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ (၂၆၈)ပါးနှင့် ပင့်သံဃာတော်များအား (၃၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များ ပူဇော်ပွဲကို (၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်) ၅-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ ပူဇော်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြည်ညိုကုသိုလ်ရယူနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
မဟာဗောဓိပရိယတ္တိသာသနာပြုအသင်း

ပခုက္ကူအသင်း(ရန်ကုန်)၊ ပခုက္ကူဓမ္မာရုံ
ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဂုဏဝိသိဋ္ဌပူဇော်ပွဲ

ပခုက္ကူအသင်း(ရန်ကုန်)၏ နာယကများ၊ အသင်းဝင်များနှင့် ဝိပဿနာယောဂီများမှ အသင်းသြဝါဒါစရိယဆရာတော်ကြီး ၁၃ပါးနှင့် ဓမ္မကထိကဆရာတော်နှစ်ပါး စုစုပေါင်း ၁၅ပါးအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ၂၀၁၂ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်ချီးမြှင့်သည့်ဘွဲ့တံဆိပ်ခံ၊ ရန်ကုန်ပတ်ဝန်းကျင်တွင် သီတင်းသုံးတော်မူကြသည့် ပခုက္ကူဒေသမှ ဆရာတော်ကြီးလေးပါးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို အောက်ပါအစီအစဉ်တိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်။ ။ ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက် ၄-၈-၂၀၁၂ရက် (စနေနေ့)
ကျင်းပမည့်အချိန်။ ။ နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ။ ။ ပခုက္ကူဓမ္မာရုံ၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်

လှူဖွယ်ပစ္စည်းနှင့် အလှူငွေများကို ဥက္ကဋ္ဌဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ ဒု-ဥက္ကဋ္ဌဦးသန်းမြင့် ဖုန်း-၀၉-၅၁၅၈၃၈၃၊ အတွင်းရေးမှူး ဦးသောင်းဝင်း ဖုန်း-၀၉-၄၅၀၀၂၂၀၁၃၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းတင့် ဖုန်း-၆၆၇၇၇၉၃၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇၊ စာရင်းစစ် ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၀၂၀၁၃၃ နှင့် ဦးချမ်းမြေ့(ပခုက္ကူဓမ္မာရုံ) ဖုန်း-၃၈၃၅၁၁ လိုင်းခွဲ ၂၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။ အသင်းဝင်များ စာရင်းစာအုပ်အသစ်ပြုလုပ်မည်ဖြစ်ပါသဖြင့် လက်ရှိလိပ်စာမှန်များနှင့် ဖုန်းနံပါတ်များကို ၃၁-၈-၂၀၁၂ရက် နောက်ဆုံးထားပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ရွှေမင်းဝံတောရကမ္မဋ္ဌာန်းကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝံတောရကမ္မဋ္ဌာန်းကျောင်းတိုက်၌ ၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၂-၈-၂၀၁၂)ရက် (ကြာသပတေးနေ့)တွင် အင်းလေးဖောင်တော်ဦး(ရင်ငွေ့လှုံ) ဗုဒ္ဓရုပ်ပွားတော်မြတ်များကို စံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ပွဲနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေမင်းဝံတောရပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေမင်းဝံတောရကမ္မဋ္ဌာန်းကျောင်းတိုက်တို့မှ ယခုနှစ် ဝါဆိုဝါကပ်တော်မူကြမည့် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)နှင့် တပည့်သံဃာအပါး(၁၅၀)ကျော်တို့အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ယခုနှစ် ပထမပြန်စာမေးပွဲအောင် သံဃာငါးပါး၊ ဓမ္မာစရိယကျမ်းစွဲနှစ်ပါးနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် (၁ ဘာသာ/၂ ဘာသာဂုဏ်ထူးရ)ရှင်သာမဏေသုံးပါးတို့အား ဂုဏ်ပြုချီးမြှင့်ပူဇော်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများအနေဖြင့် သာသနနုဂ္ဂဟအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၉၆၉၉၁၆၃၊ ၀၁-၆၃၈၀၈၇၊ ၀၉-၅၀၁၁၂၇၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စာသင်သားသံဃာများ လက်ခံမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခြောက်ကွေ့မှတ်တိုင်အနီး၊ ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ဓမ္မမေဒိနီပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ)ဦးစီး၍ စာချဘုန်းကြီးများဖြင့် ယခုနှစ်တွင် အခြေခံပရိယတ္တိစာပေများနှင့် ပထမငယ်၊ ပထမလတ်တန်းစာပေများကို သင်ကြားပို့ချပေးပါမည်။ နေ့စဉ်ဆွမ်းခံထွက်စရာမလိုဘဲ ဆွမ်းဘောဇဉ်ကိစ္စအဝဝကို ကျောင်းတိုက်မှ တာဝန်ယူစီမံဆောင်ရွက်ပေးပါမည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော (၁၀)နှစ်မှ(၁၅)နှစ်အတွင်း ရှင်သာမဏေငယ်များအနေဖြင့် ယခုနှစ် ဝါမဆိုမီအချိန်အတွင်း ကျောင်းတိုက်သို့လာရောက်လျှောက်ထားနိုင်ပါသည်။ **(အရေအတွက်ကန့်သတ်ထားပါသည်။)**

ဆက်သွယ်ရန်ဖုန်း-၀၁-၉၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉

အများသိစေရန်ကြေညာခြင်း

၇-၇-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ တိုက်အမှတ် ၇၉၉ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၁၅×၅၀)ရှိ မြေညီတိုက်ခန်း(ခေါင်းရင်းခန်း)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်ကို အောက်ပါအတိုင်း တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးတင်အောင်၊ ဒေါ်လှဌေး၊ ဒေါ်အေးအေးမူ၊ ဦးသက်ဝင်းမောင်နှမလေးဦးတို့က ၂၀၁၂ခုနှစ် ဇူလိုင် ၃ရက်တွင် အထက်တန်းရှေ့နေ ဦးနောင်နောင်၏ စီစဉ်ရေးသားချုပ်ဆိုသော တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ဝယ်ယူသူ ဒေါ်ထွေးထွေးစော ၁၂/အလန(နိုင်)၀၃၈၂၈၂ သို့ ကျွန်ုပ်တို့လေးဦးက စရန်ငွေများလက်ခံရရှိပြီး အရောင်းအဝယ်ထမြောက်သော စရန်ပေးကတိစာချုပ်ကိုချုပ်ဆိုခဲ့ပြီးဖြစ်၍ နှစ်ဦးနှစ်ဖက်အရောင်းအဝယ်အတည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ ကျွန်ုပ်တို့လေးဦးက ဝယ်ယူသူ ဒေါ်ထွေးထွေးစောမှ(အပ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ တိုက်ခန်းရောင်းဝယ်ခြင်းမပြုလုပ်ခဲ့ပါကြောင်းနှင့် အဆိုပါတိုက်ခန်းကို ကျွန်ုပ်တို့လေးဦးက ကိုယ်တိုင်လက်မှတ်ရေးထိုးထားခြင်းမပါရှိသော စာချုပ်စာတမ်းများသည် အရောင်းအဝယ်မမြောက်သော စာချုပ်စာတမ်းများသာဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့လေးဦး၏ ကိုယ်တိုင်ဝန်ခံလက်မှတ်ရေးထိုးထားခြင်း(မဟုတ်သည့်/မပါရှိသည့်) စာချုပ်စာတမ်းများကို လက်ဝယ်ရှိသူများက ကျွန်ုပ်တို့လေးဦးနှင့် ဝယ်သူဒေါ်ထွေးထွေးစောတို့၏ အရောင်းအဝယ်ပြုထားသော ၃-၇-၂၀၁၂ရက်စွဲပါ အရောင်းအဝယ်စရန်ပေးစာချုပ်ကို လွှမ်းမိုးခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းမပြုရန် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ အသိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ကျွန်ုပ်တို့လေးဦးနှင့် ဝယ်ယူသူ ဒေါ်ထွေးထွေးစောတို့ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကျွန်ုပ်တို့လေးဦး၏သဘောတူဝန်ခံချက်မပါရှိသော စာချုပ်စာတမ်းများဖြင့် နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းပြုလုပ်ခဲ့ပါက ပြုလုပ်သူကို နိုင်ငံတော်၏ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အများသိစေရန်ကြေညာသူများ

၁။	**ဦးတင်အောင်** ၁၂/တမန(နိုင်)၀၆၀၆၄၁	၂။	**ဒေါ်လှဌေး** ၁၂/တမန(နိုင်)၀၃၅၆၉၃
၃။	**ဒေါ်အေးအေးမူ** ၁၂/တမန(နိုင်)၀၃၅၆၉၄	၄။	**ဦးသက်ဝင်း** ၁၂/တမန(နိုင်)၀၃၆၁၇၉

[illegible]

MWD Digital Channel

ဇာတ်လမ်းတိုပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

- MWD Digital Channel က [illegible] MWD ဇာတ်လမ်းတိုပြိုင်ပွဲအတွက် [illegible]
- ဇာတ်လမ်းအစအဆုံး (၃၀)မိနစ် [illegible]
- [illegible] MWD Digital Channel မှ [illegible] Camera [illegible]
- [illegible] MWD Digital Channel မှ [illegible]
- [illegible]

ပထမဆု	20 သိန်း
ဒုတိယဆု	15 သိန်း
တတိယဆု	10 သိန်း
[illegible] People Choice (1)ဆု	10 သိန်း [illegible]

- [illegible] (15-9-2012) [illegible] Ph: 209440, 209441, 209442, 201295 [illegible]

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မကွေးမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၃၅

ခရိုင်မန်နေဂျာ နှင့် ဒေါ်လှထွေး
မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၄၅ တွင် စရိတ်အပါအဝင် ငွေကျပ် ၈၅၄၄၁၇၆/၆၃ အတွက် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၁၂ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၄ခုနှစ် ဝါခေါင်လဆန်း ၁၁ရက်) အင်္ဂါနေ့တွင် အချင်းဖြစ်အဆောက်အအုံရှေ့၌ လေလံရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

မကွေးမြို့၊ မြင်သာရပ်၊ အကွက်အမှတ် ၁၂/မြင်သာအနောက်၊ ဦးပိုင်အမှတ် ၂၄၃/၂၃၇၊ ဧရိယာ ၀ ဒသမ ၀၆၀ဧကရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ (၂၄×၄၀×၂၇)ပေရှိ သွပ်မိုး ၉လက်မ၊ အုတ်နံရံကာ (ပထမထပ်)လျှာထိုး၊ပျဉ်ခင်း၊ သံအားဖြည့်ကွန်ကရစ်ခင်း(မြေညီထပ်) ဘိလပ်မြေကွန်ကရစ်ခင်းနှစ်ထပ်တိုက် အဆောက်အအုံ။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်မြင့်ထွန်း
တွဲဖက်မြို့နယ်တရားသူကြီး၊ မကွေးမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၆၊ မြေကွက်အမှတ် ၈၂၅၊ မြေကွက်တည်နေရာအမှတ် ၈၂၅၊ ၁၄၆ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးမောင်မောင်အုန်း ISN -၁၄၈၃၉၉ အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်အုန်းက မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာများတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ မြေကွက်အမှတ် ၆၂၀၊မြေကွက်တည်နေရာအမှတ် ၆၂၀၊ (၈၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ခင်သန်းဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်သန်းဝင်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဒေါ်ဏီသရထေရီမှဝယ်ယူ၍ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည် အမှတ် ၄၅၊ အမှတ် ၃ လမ်းမကြီး၊ ပျဉ်းမပင်စက်မှုနယ်မြေ၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားသော မြန်မာဘရူဝါရီလီမိတက်သည် ကုမ္ပဏီပိုင်ပစ္စည်းအဖြစ် ကုမ္ပဏီ၏အမည်အမှတ်အသားဖြစ်သော MBL (Property of Myanmar Brewery Ltd.) ဖန်သားဖောင်းကြွစာလုံးများပါရှိသည့် ဖန်ပုလင်းများကို မိမိတစ်ဦးတည်းအနေဖြင့် အသုံးပြုရန်ရည်ရွယ်၍ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သွင်းကုန်လိုင်စင်အရ သီးသန့်မှာယူတင်သွင်းခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြန်မာဘရူဝါရီလီမိတက်မှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် ကုမ္ပဏီ၏ ထုတ်ကုန်ပစ္စည်းများအားထည့်သွင်းရောင်းချရာ၌ အသုံးပြုလျက်ရှိပါသည်။ ၎င်းအပြင် အသုံးပြုပြီးသည့် အဆိုပါ ပုလင်းအလွတ်များအား ဈေးကွက်အတွင်းရှိ အဆိုပါပုလင်းအလွတ်များ ရောင်းဝယ်ဖောက်ကားရန် မြန်မာဘရူဝါရီလီမိတက်၏ ခွင့်ပြုချက်ရရှိထားသူများထံမှ ပြန်လည်ဝယ်ယူ အသုံးပြုလျက်ရှိပါသည်။

သို့ပါ၍ ကျွန်ုပ်၏အမှုသည် မြန်မာဘရူဝါရီလီမိတက်၏ ကုမ္ပဏီအမှတ်တံဆိပ်ဖြစ်သော အဆိုပါ ဖန်သားဖောင်းကြွစာလုံးများပါရှိသည့် ဖန်ပုလင်းအလွတ်များကို မြန်မာဘရူဝါရီလီမိတက်မှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် ထုတ်ကုန်ပစ္စည်းများမှအပ အခြားမည်သည့်ပစ္စည်းကိုမျှ ထည့်သွင်းအသုံးပြု၍သော်လည်းကောင်း၊ ထည့်သွင်းအသုံးပြုရန်ရည်ရွယ်၍သော်လည်းကောင်း စီးပွားဖြစ်ရောင်းချခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့်သိုလှောင်ခြင်းများ မပြုလုပ်ရန် တားမြစ်ကြောင်း သတိပေးအပ်ပါသည်။

အကယ်၍ ထိုသို့သောစီးပွားဖြစ်ရောင်းချခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် သိုလှောင်ခြင်းများအား တွေ့ရှိပါက ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

ဦးမင်းစိန်
မြန်မာဘရူဝါရီလီမိတက်၏ တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၈၉-၁၉၅၊ ခုနစ်လွှာ၊ ပန်းဆိုးတန်းတာဝါ၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၂၅၃၂၇၃၊
Emall: michael. msein@gmail. mpt

လင်မယားကွာရှင်းပြတ်စဲကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၂၁၉)နေ ကျွန်မဒေါ်သန်းသန်းရီ ၁၂/ဥကတ(နိုင်)၀၇၇၆၆၃ နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်၂၁၈နေ ဦးတင်မောင်လတ် ၁၂/ဥကတ(နိုင်)၁၇၉၃၄၇ တို့မှာ ၁-၁-၂၀၀၀ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါကျွန်မ၏ခင်ပွန်း ဦးတင်မောင်လတ်သည် ၂၀၀၄ခုနစ်မှ စတင်၍ ကျွန်မအား စွန့်ပစ်ထွက်ခွာသွားသည့်အတွက် ယနေ့မှစ၍ ကျွန်မနှင့်ဦးတင်မောင်လတ်မှာ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းရီ
၁၂/ဥကတ(နိုင်)၀၇၇၆၆၃

ဦးကျော်ဇောမောင်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊မြို့သစ်(၂)ရပ်ကွက်၊(ဆ-၁/၄၁)နေ ဦးကျော်ဇောမောင်(ဘ)ဦးလှတင့် ၉/မဟမ(နိုင်)၀၀၃၀၅၁ အား သိစေအပ်ပါသည်။

ဦးကျော်ဇောမောင်သည် ကျွန်မဒေါ်အိဖြူဖြူလတ် ၉/အမဇ(နိုင်)၀၁၅၀၃၉ထံမှ ၉-၁-၂၀၁၂ရက်က အရေးတကြီးငွေလိုအပ်နေ၍ အကူအညီပေးရန်ပြောရာ သူငယ်ချင်းများဖြစ်၍ ယုံကြည်ပြီးငွေကျပ်သိန်း(၂၀)ကို အကူအညီပေးခဲ့ပါသည်။ ဦးကျော်ဇောမောင်က သုံးလအတွင်း ငွေကို အပြေအကျေ ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်းဝန်ခံကတိပြု၍ လက်မှတ်ရေးထိုးလက်ဗွေနှိပ်ခဲ့သော်လည်း ယနေ့အချိန်အထိ တစ်စုံတစ်ရာ ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်းလည်း ဦးကျော်ဇောမောင်အသိပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မက အကူအညီပေးခဲ့သည့် ငွေကျပ်သိန်း(၂၀)ကို ခုနစ်ရက်အတွင်း ပြန်လည်ပေးဆပ်ပါရန်နှင့်ပေးဆပ်ခြင်းမရှိပါက မိမိအနေဖြင့် ဥပဒေအရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျော်ဇောမောင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်အိဖြူဖြူလတ်
၉/အမဇ(နိုင်)၀၁၅၀၃၉

ရွှေမိမာန် အားတိုးဆေး

[illegible]

0311 YR 003633

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မဖြိုးသန္တာသော်နှင့် နဝမတန်း(F)မှ မောင်ဖြိုးနန္ဒမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးတင်မင်း MMO-၃၁၂၀၄၆ ဖြစ်ပါကြောင်း။

ဦးတင်မင်း

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ သုဝဏ္ဏ၊ မြေကွက်အမှတ် ၃၁၆၊ မြေကွက်တည်နေရာအမှတ် ၃၁၆၊ အင်ကြင်းမြိုင် ၂လမ်း၊ စုပေါင်းရပ်ကွက်၊ သုဝဏ္ဏသဃ်န်းကျွန်း ဦးမောင်အောင် ၁၂/ကတတ(နိုင်)၀၀၅၀၀၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးမောင်အောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်မွေးမွေး ၁၂/ကတတ(နိုင်)၀၀၄၉၉၉က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ E.G၊ မြေကွက်အမှတ် ၄၉၆၊ မြေကွက်တည်နေရာအမှတ် ၄၉၆၊ ခေမာသီရိလမ်း၊ မေတ္တာညွန့်ရပ်ကွက် ဒေါ်စိန်ရွှေ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဒေါ်စိန်ရွှေ ၁၂/တမန(နိုင်)၀၈၈၂၃၄ ကွယ်လွန်သဖြင့် ဦးချစ်မော် ၁၂/တမန(နိုင်)၀၃၃၉၅၉က ခင်ပွန်းတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၂၃၊ မြေကွက်တည်နေရာအမှတ် ၁၂၃၊ ဦးဖိုးလတ်လမ်း (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစီဦးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစီဦးထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၁၀၅/၀၉(၁၄-၅-၀၉)ဖြင့် ဒေါ်ခင်သန္တာခိုင် ၁၂/အစန(နိုင်)၂၁၂၅၅၄ ရရှိသူက ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄/တိုးချဲ့၊ မြေကွက်အမှတ် A-9၊ မြေကွက်တည်နေရာအမှတ် A-9၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးရဲမြင့်(ခ)ဦးဟူးဆောင်း အာမက် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့်(ခ)ဟူးဆောင်းအာမက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် $\frac{၃၁၉၀/၀၃}{၂၈-၇-၀၃}$ ဖြင့် ဦးတင်ဝင်းက ဝယ်ယူ၍ ၄င်းထံမှ General Power အမှတ် $\frac{၁၃၉/၁၁}{၁၁-၂-၁၁}$ ဖြင့် ဒေါ်ခင်မော်ဦး ၁၂/ဥကတ(နိုင်)၀၂၂၁၂၃ရရှိသူက ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိသော ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အရှေ့၊ မြေကွက်အမှတ် ၁၁၃၇၊ မြေကွက်တည်နေရာအမှတ် ၁၁၃၇၊ ၆/အရှေ့ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ သာကေတမြို့နယ် ဦးလှအေး(ခ)လှမိုးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင် ဦးလှအေး(ခ)လှမိုးနှင့် မိခင်တို့ကွယ်လွန်သဖြင့် ဦးမိုးအောင် ၁၂/သကတ(နိုင်)၀၂၉၂၉၆၊ ဦးမျိုးသန့် ၁၂/သကတ(နိုင်)၀၁၃၇၁၇၊ ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၀၂၉၂၄၆၊ ဒေါ်သန်းသန်းအေး ၁၂/သကတ(နိုင်)၀၁၉၁၇၉၊ ဒေါ်စန်းစန်းအေး ၁၂/သကတ(နိုင်)၀၁၉၁၄၃၊ ဦးနိုင်ဝင်း ၁၂/သကတ(နိုင်)၀၁၉၅၈၄၊ ဒေါ်ဥမ္မာအေး ၁၂/သကတ(နိုင်)၀၅၈၉၁၇ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် တာဝန်ထမ်းဆောင်ရန်

အလုပ်လျှောက်လွှာခေါ်ယူခြင်း

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရန် ရုံးအဖွဲ့မှူးနေရာအတွက် ပုံသေလစာ ငွေကျပ် ၄၀၀၀၀၀ ဖြင့် ခန့်ထားလိုပါသည်-

လိုအပ်သောအရည်အချင်းများ

(က) အသက် (၃၅)နှစ်အထက် အမျိုးသားဖြစ်ရမည်။
(ခ) ပညာအရည်အချင်း။ တက္ကသိုလ်တစ်ခုမှအသိအမှတ်ပြုဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(MBBS၊ MPA၊ MBA ဘွဲ့ရရှိပြီးသူများ ပိုမိုဦးစားပေးမည်။)
(ဂ) စီမံခန့်ခွဲမှုတွင် လုပ်သက်အနည်းဆုံး (၅)နှစ်ရှိသူဖြစ်ရပါမည်။
(ဃ) ရုံးပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား နှံ့စပ်ကျွမ်းကျင်သူဖြစ်ရမည်။
(င) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ဝန်ထမ်းအိမ်ရာတွင် အချိန်ပြည့်နေထိုင်ရမည်။
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်များပါရှိရမည်။
(ဇ) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

၂။ စိတ်ပါဝင်စားသူများအနေဖြင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးချုပ်၊ သုခမလမ်း၊ ဒက္ခိဏသီရိမြို့၊ နေပြည်တော်သို့ ၂၇-၇-၂၀၁၂ရက် နောက်ဆုံးထား၍ တိုက်ရိုက်လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၉၀၀၆၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၉၀၁၂၊ ၀၉-၄၉၂၀၇၆၉၈သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် ၃၄၊ အခန်းအမှတ် ၀၂ သည် ယခုလက်ရှိ ဒေါ်တင်တင်နွဲ့အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒေါ်တင်တင်နွဲ့ထံမှ ဒေါ်မြင့်မြင့်မူသို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်မြင့်မြင့်မူ ၁၂/လသန(နိုင်)၀၀၉၄၁၃က တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေမေချို ၁၀/မလမ(နိုင်)၀၅၀၀၉၈၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ရွှေတောင်ရပ်ကွက်၊ ဦးပိုင်အမှတ် ၅၄၊ အကွက်အမှတ်(၄၃/ရွှေတောင်)ဟုခေါ်တွင်သော မြေကွက်သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေမေချို၏ဖခင် ဦးဘတင်(ခ)ဂေါ်ဘတင်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးဘတင်က နောက်ထပ်အိမ်ထောင်ပြုခဲ့ရာ ဒေါ်သန်းရွှေဆိုသူအား အိမ်ထောင်ပြုခဲ့ပြီးနောက် ဦးဘတင်၏အမွေစားအမွေခံသမီး ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေမေချိုအားအသိပေးအကြောင်းကြားသဘောတူလက်မှတ်ရေးထိုးခြင်းတစ်စုံတစ်ရာမရှိဘဲအမည်ပြောင်းခဲ့သည်ဟုညွှန်ကြားချက်ပေးလာပါသည်။ ယခုအခါ ဦးဘတင်နှင့်ဒေါ်သန်းရွှေတို့သည် ကွယ်လွန်သွားပြီးဖြစ်ကြ၍ အထက်ဖော်ပြပါမြေကွက်သည် အမွေဆက်ခံပိုင်ရေးပိုင်ခွင့်ရှိသူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေမေချို သဘောဆန္ဒမပါဘဲ မြေနှင့်အဆောက်အအုံတို့အား လက်ရှိထားခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချပေါင်နှံပေးကမ်းစွန့်လွှတ် လှူဒါန်းအခြားနည်းတစ်ခုခုဖြင့် စီမံခန့်ခွဲခြင်းများကို ခွင့်မပြုပါကြောင်း ကန့်ကွက်ပါသည်။ လိုက်နာခြင်းမရှိပါက ဒေါ်မေမေချို၏အခွင့်အရေးအရ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **ဒေါ်မေမေချို** **၁၀/မလမ(နိုင်)၀၅၀၀၉၈**

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း (စဥ်-၄၀၄၄) **ဦးစိန်မြင့် (စဥ်-၁၀၉၁၆)** **ဒေါ်နီနီရည်ဝေ (စဥ်-၃၅၈၀၁)**

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.

အမွေထိန်းလက်မှတ်စာရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄၅
ကွယ်လွန်သူ ဦးမီရ်ဇာအလီရာဇာအစ္စဖန်နီ၏ ကျန်ရှိရစ်သောပစ္စည်းနှင့် စပ်လျဉ်းသည့်အမှု

မုံရွာမြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ အဘိုး ဦးမီရ်ဇာအလီရာဇာအစ္စဖန်နီ၏ ကျန်ရှိသောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်သီတာက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၂ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမီရ်ဇာအလီရာဇာအစ္စဖန်နီ၏ ကျန်ရှိသောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၂ခုနှစ် ဩဂုတ် ၈ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဒေါ်သီတာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ယဉ်ယဉ်ဟန်
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဦးမောင်မောင်သိန်းနှင့် မစ်စစ္စစ်မေအောင်ဒင် သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉B၊ မြေကွက်အမှတ် ၁/အ၁၆၊ ဧရိယာ ၀ ဒသမ ၉၄၄ ဧကရှိ မြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အလျား×အနံ $\frac{၆၉'}{၅၀'+၄'}$ × $\frac{၃၂'+၄'}{၂၃'}$ ရှိမြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာအမှတ် ၁၃၇၁၊ သာယာအေး(၁)လမ်း၊ တောင်သုကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်တင်အေးနှင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန်အတွက် လူကြီးမင်းတို့က လက်မှတ်ရေးထိုးပေးရန် လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားသိစေအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာရုံးများတွင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောတာကပေါ (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဥ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း-၀၉-၇၃၁၁၇၅၄၈၊ ၆၄၂၇၈၇

အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်းမြင့် ၁၃/ရငန(နိုင်)၀၂၂၅၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာသည်မှာ-

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့၊ ဈေးတန်း(ကွက်သစ်)ရပ်ကွက်၊ အကွက်အမှတ် ၁၅၊ ဦးပိုင်အမှတ် ၈၇၊ ဧရိယာ ၀ဒသမ ၃၄၄ဧကရှိ မြေကွက်၏အနောက်ဘက်အခြမ်း၊ ထက်ဝက်အကျယ်အဝန်းရှိ မြေကွက်ကို ပိုင်ရှင်ဖြစ်သော ဒေါ်စန်းစန်းမြင့်က အိမ်ဆောက်ရန် အခြေခံအုတ်မြစ်ချထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အတွင်းသို့ ပိုင်ရှင် ဒေါ်စန်းစန်းမြင့်၏ တရားဝင်စာဖြင့် ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်စုံတစ်ဦးကမျှ ကျော်နင်းဝင်ရောက်ခြင်း၊ ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုရန်တားမြစ်ထားပါသည်။ မလိုက်နာဘဲ ကျူးလွန်ပါက ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ပါသဖြင့် ဆက်လက်ပေါ်ပေါက်သော ဥပဒေဆိုင်ရာ အကျိုးဆက်ဟူသမျှသည် ကျူးလွန်သူအပေါ်သို့ တာဝန်ကျရောက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဇင်နွယ် LL.B — **အထက်တန်းရှေ့နေ** — **(စဥ်-၃၁၈၅၁/၀၉)**
ဦးမြင့်စိုး (ဖြူး) LL.B — **တရားလွှတ်တော်ရှေ့နေ** — **(စဥ်-၃၅၀၆/၈၆)**

အမှတ် ၅၀၊ ဒုတိယထပ်၊ အခန်း ၉၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.

ကွယ်လွန်သူ

အာယုဗ္ဗေဒဆရာကြီး ဦးထွန်းလင်း (နာဂသေနာဘိဝံသ သိမ်ဖြူဆရာတော်)၏ ဂုဏ်ကျေးဇူးတော်များအား သတိရပူဇော်ပွဲကို ၇-၈-၂၀၁၂ရက်၊ ဆေးသိပ္ပံကျောင်း၊ သိမ်ဖြူကျောင်းတိုက်တွင် ကျင်းပပြုလုပ်ပါမည်။ ပူဇော်ပွဲမကျင်းပမီ အောက်ပါဆရာ/ဆရာမများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးကျော်စိုး ဖုန်း-၀၁-၂၀၉၀၆၁
၂။ ဒေါ်ခင်ချိုချို ဖုန်း-၀၉-၄၅၀၀၁၂၄၄၈
၃။ ဦးမန်းထင်အောင် ဖုန်း-၀၁-၂၁၄၇၆၉
၄။ ဒေါ်မြင့်စန်း ဖုန်း-၀၁-၅၁၀၇၈၀

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့.

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦးဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၇၈)နှစ်

အာရှတော်ဝင်ဆေးရုံ၊ နှလုံးအထူးကြပ်မတ်ဆောင်(CCU)တွင် ၁၈-၆-၂၀၁၂ရက်မှ ၁၃-၇-၂၀၁၂ရက်အထိ ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှကြည် နေထိုင်မကောင်းစဉ် ဆေးဝါးကုသပေးပါသော နှလုံးအထူးကုဆရာဝန်ကြီး၊ အဆုတ်နှင့်ရင်ခေါင်းအထူးကုဆရာဝန်ကြီး၊ အဆုတ်နှင့်ရင်ခေါင်းခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ မိခင်သဖွယ်နွေးထွေးကြင်နာစွာပြုစုစောင့်ရှောက်ပေးပါသော နှလုံးအထူးကြပ်မတ်ဆောင်(CCU)မှ တာဝန်ခံဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဆေးရုံဝန်ထမ်းများ၊ နေထိုင်မကောင်းစဉ် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း လူနာသတင်းမေးနှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ မြနန္ဒာနာရေးကူညီမှုအသင်း၊ (၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဝမ်းနည်းခြင်းအထိမ်းအဖြစ် ပန်းခွေများ၊ ပန်းခြင်းများနှင့် လှူဖွယ်ပစ္စည်းများပေးပို့ခဲ့ကြသူများ၊ မိခင်ကြီး၏နာရေးအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဟုမ်းလမ်းအရဏ်တော်ဝတ်အသင်း၊ မော်တော်ယာဉ်နှင့်ဘတ်စ်ကားများကူညီပေးခဲ့ကြသော မိတ်ဆွေများ၊ အစစအရာရာကူညီဆောင်ရွက်ပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ ခရေလမ်း၊ မြေကွက်အမှတ် ၉၈၂/၉၈၃၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ကြူကြူဝင်း အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူဝင်းက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ထွမ်ကြူ ၉/မရမ(နိုင်)၀၇၈၀၂၃
အိမ်အမှတ် ၁၅၉/၃၁၊ ၇၂×၇၃၊ ၃၃×၃၄ကြား၊ ရန်မျိုးလုံရပ်ကွက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့.

အများသိစေရန်

ကျွန်ုပ်တို့၏အမှုသည် ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ (၁၄)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၃၀နေ ဦးဝင်းမြင့်ဦး၏သမီး ဒေါ်နန်းချယ်ရီ ၇/ပခန(နိုင်)၂၃၁၅၇၅၏ လွှဲအပ်ချက်အရ ဖြစ်ပါသည်။

ဒေါ်နန်းချယ်ရီသည် ခင်ပွန်း ဦးနိုင်မျိုးထွေးအပေါ် ပဲခူးခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၁)ရုံး၊ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ် ၁၇၆ဖြင့် လင်မယားကွာရှင်းပြတ်စဲလိုမှုနှင့်ပတ်သက်၍ တရားစွဲဆိုမှုပြုခဲ့ပါသည်။

တရားရုံးတော်မှ ၁၃-၇-၂၀၁၂ရက်တွင် လင်မယားကွာရှင်းပြတ်စဲခြင်းအပေါ် ခွင့်ပြုသည့်အမိန့်ချမှတ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးအေးကိုကို (LL.B) — **တရားလွှတ်တော်ရှေ့နေ** — **အမှတ်စဥ်-၄၈၃၉** — **အမှတ်၄၄၆၊ ဦးဘသင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့.**
ဦးသက်နိုင် (B.A, R.L) — **တရားလွှတ်တော်ရှေ့နေ** — **အမှတ်စဥ်-၂၄၆၈** — **အမှတ် ၁၉၃၊ ရာဇဓိရာဇ်လမ်း၊ ဥသျှောမြို့သစ်၊ပဲခူးမြို့၊ဖုန်း-၀၅၂-၃၀၃၇၆**

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ အောင်သပြေလမ်း၊ အမှတ်(၈/၃၅)နေ ဦးငွေးလွင် ၆/ထဝန(နိုင်)၀၃၇၂၇၈သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၄/၆၀၇၇/၂၀၁၂အရ တစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ 'ရွှေထူး' ကုန်အမှတ်တံဆိပ်အမည်ဖြင့် အမွှေးတိုင်အမျိုးမျိုးတို့ကို ပလတ်စတစ်၊ စက္ကူ၊ ပီနံအိတ်တို့ဖြင့်ထုပ်ပိုး၍ ဆိုက်မျိုးစုံဖြင့်ထုတ်လုပ်ပြီး မြန်မာပြည်အနှံ့ဖြန့်ချိသွားမည်ဖြစ်သည်။ အဆိုပါပစ္စည်းများ ထည့်သွင်းအသုံးပြုသောပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းအစရှိသည်တို့အပေါ်တွင်လည်း ၄င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုလည်းပြုလုပ်ပြီးလျှင် ဖိနှိပ်၍လည်းကောင်း၊ ရိုက်နှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍လည်းကောင်း ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါ **ရွှေထူး**ကုန်အမှတ်တံဆိပ်ဖြင့် သဏ္ဌာန်တူ၊ အမှတ်အသားတူ၊ စာလုံးတူညီစွာဖြင့် အထက်ဖော်ပြပါကုန်ပစ္စည်းများကို တရားဝင်မှတ်ပုံတင် ထုတ်လုပ်ဖြန့်ချိလျက်ရှိသူ မည်သူမဆို ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အထက်ဖော်ပြပါ **ရွှေထူး**ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားနှင့် ဖော်ပြပါကုန်ပစ္စည်းများကို တရားဝင်ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲကျော်စွာထွန်း LL.B အထက်တန်းရှေ့နေ (စဥ်-၃၁၃၉၀)
အမှတ် ၆၂၊ ပထမထပ်၊ အခန်း(၁)၊ Winner Firm
ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၉၃၆၄

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအယ်လင်ချား(လ်)ချစ်သာ

ALLAN CHARLES CHIT THA
(CDC - 21693)
(Uniteam Shipping Co.)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၄နေ [ဒုတိယဗိုလ်မှူးကြီး W.C.J Boudille (ငြိမ်း)-ဒေါ်စောရင်]တို့၏မြေး၊ [ဗိုလ်မှူးချစ်သာ(ငြိမ်း)-ဒေါ်စီစီ]တို့၏သား၊ ဒေါ်ကြည်လှိုင်(ခ)ဒေါ်ဝင်းရီ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမိုက်ကယ်ခင်မောင်လတ်(Ex R/O New Asia Shipping Co.)-ဒေါ်ကယ်ရယ်အင်န်ချစ်သာ(ပါမောက္ခ၊ ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ Seameo Chat တို့၏မောင်၊ ဒေါ်စူစန်အင်(န်)ချစ်သာ(ခ)ဒေါ်စုစုဆွေ-ဒေါက်တာဦးမြင့်ဆွေ(တိုင်းကျန်းမာရေးဦးစီးမှူး၊ ငြိမ်း)၊ (ဦးဗင်ဆင်ချားလ်ချစ်သာ)-ဒေါ်ခင်စန်းငွေ၊ ဒေါ်အဲလ်လစ်ဇဘက်အင်န်ချစ်သာတို့၏အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)ညနေ ၅း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် စိန့်ဂျွန်းကန်တော်မင် ကက်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စပယ်မြင့်

B.Sc (Maths)
ငါးလုပ်ငန်းဦးစီးဌာန(အိမ်မဲ)
အသက်(၃၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့၊ ၁၀လမ်း၊ အမှတ် ၁နေ ဦးလှမြင့်-ဒေါ်စန်းရှင်တို့၏သမီး၊ အမှတ် ၉၈၅၊ အင်း၀ ၉လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးသိန်း)-ဒေါ်ခင်ရွှေတို့၏တူမ၊ ယာယီကထိက ဒုတိယဗိုလ်မှူးကြီးမြင့်ထူးအောင်(ရက္ခဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါက်တာတင်တင်ချို(ဒဿနိကဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မောင်သန့်ဇင်-မသဇင်မြင့်တို့၏ညီမ၊ ဦးကျော်လင်းမောင်၏ဇနီး၊ မအိမ့်သီရိကျော်၏မိခင်သည် ၁၈-၇-၂၀၁၂ရက် ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးအောင်သန်း

(ဌာနစုမှူး၊ စီမံခန့်ခွဲရေး၊ ငြိမ်း)
ဗဟိုဝန်ထမ်းတက္ကသိုလ်၊ဖောင်ကြီး
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ် ၂၁၂နေ ဒေါ်မြင့်စန်း၏ခင်ပွန်း၊ ဒေါ်လွင်လွင်မော်(ဗဝတ၊ ဖောင်ကြီး)၊ ဦးရဲမင်းအောင်(WCS)-ဒေါ်ဘုန်းခင်သန်း (ဦးစီးအရာရှိ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ)၊ ဦးသန်းနိုင်စိုး-ဒေါ်ဂျွန်ကို၊ ဦးပြည့်ဖြိုးပိုင်-ဒေါ်ထက်ထက်အောင်(အထပြ၊ကြို့ကုန်း)၊ ဦးဇာနည်မင်း-ဒေါ်မွေးမြင့်ရည်မွန်တို့၏ဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်တင်မွေး (မော်လမြိုင်)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ ၄လမ်း၊ အမှတ် ၁၀၇၈နေ (ဦးစိန်မြင့်-ဒေါ်သန်းခင်)တို့၏သမီး၊ ဦးဟုတ်လှိုင်-(ဒေါ်ကျင်စု)တို့၏သမီးချွေးမ၊ (ဦးမောင်ငယ်)-ဒေါ်ဘို့၊ ဦးမောင်န-ဒေါ်အိမ်မွေး၊ ဦးညွှန့်လှိုင်-ဒေါ်တင်ကြည်တို့၏ညီမ၊ ဦးစိုးညွှန့်-(ဒေါ်တင်တင်အေး)၊ (ဦးမျိုးညွှန့်-ဒေါ်မြင့်မြင့်သန်း)တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ဦး(ကထိက၊ စာရင်းအင်းပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးသန်းဝင်း-ဒေါ်ခင်ယုယုကျော်၊ မဖြိုးသဥ္ဇာနိုင်တို့၏အဒေါ်၊ လင်ကျန့်ပေါ်-မယဉ်နွယ်မျိုး၊ မောင်မင်းသူအောင်တို့၏မိခင်၊ ဦးမျိုးအောင်(ခ)ဦးခင်ဝမ်း၏ဇနီး၊ မောင်လွင်မင်းခန့်၏အဘွားသည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မြန်မာ့ရုပ်မြင်သံကြား

၂၀-၇-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၄၀ ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)
- ၇း၅၀ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၂၀ **ကင်ဆာရောဂါအဖြေရှာ**
- ၈း၄၀ International News
- ၈း၄၅ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ အဆိုပြိုင်ပွဲ
- ၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-တတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
- ၄း၅၅ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ မြန်မာစာ၊ မြန်မာစကား
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆ-ဆရာရှိသေပါ**(အပိုင်း-၂၄)
- ၈း၀၀ ပြည်တွင်းသတင်း
- - နိုင်ငံတကာသတင်းများ
- - မိုးလေဝသအခြေအနေ
- - **လျှပ်တစ်ပြက်ဟာသများ**
- - နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ့်နေ့ရက်များ** (အပိုင်း-၂၄)
- - **သီချင်းချစ်သူ** (အထူးအစီအစဉ်) (အပိုင်း-၅)

မြဝတီရုပ်မြင်သံကြား

၂၀-၇-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၁၀ တရားတော်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၂၅ ဇာတ်လမ်းတို

ညပိုင်း

- ၄း၀၅ မျိုးချစ်တပ်မတော်
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၃၀ **"ရှာ" ဟာသဇာတ်လမ်းတွဲ** (အပိုင်း-၁၅၇) **အနုပညာလိုက်စားကြသူများ** ပေါ်လေး၊ ကမ္ဘာကျော်၊ သူရဇ္ဇ၊ ဦးမင်းခိုင်၊ ထက်နန္ဒီနှင့် သရုပ်ဆောင်များ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း ၃၉)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- - နိုင်ငံတကာသတင်း
- - မိုးလေဝသသတင်း
- - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နေမင်းကဲ့သို့ထွန်းလင်းသော** (အပိုင်း-၂၀)
- - မြဝတီရုပ်မြင်သံကြားသတင်း
- - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း -၈)

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြည်

(ဥပဒေဝန်ထမ်းအဆင့်-၁၊ ငြိမ်း)
အသက်(၉၃)နှစ်

ဦးစန်းချိုလင်း-အကယ်ဒမီဒေါ်ငြိမ်းငြိမ်းအိ(The Aces Band) တို့၏ဖခင် ဦးမောင်မောင်ကြည် အသက်(၉၃)နှစ်သည် ၁၇-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ယုဇနဂါးဒင်းဟိုတယ်မှဝန်ထမ်းမိသားစုများ

(၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

မောင်ကျော်ဇေယျာဝင်း

(ဒုတိယနှစ်၊ ဆေး-၂)
၂၀-၇-၂၀၀၅ မှ ၂၀-၇-၂၀၁၂ အထိ

ယဉ်ကျေးလိမ္မာသော သားလေး····

ခွဲခွာသွားသည်မှာ (၇)နှစ်ပြည့်မြောက်ခဲ့သော်လည်း မိသားစုရင်မှာ အမြဲသတိရ လွမ်းဆွတ်လျက်၊ သားလေးအားရည်စူး၍ နေ့စဉ်၊ လစဉ်၊ ဝါဆိုလပြည့်နေ့တိုင်းနှင့် ၂၀-၇-၂၀၁၂ရက်များတွင် ပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါသားရယ်···

ဗိုလ်မှူးကြီးတင်ဝင်း-ဒေါ်အေးအေးသိန်း မိသားစု
ပဲခူးယ်ကုန်းမြို့

ဦးကောင်းတင် (ဇာသပြင်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊ အမှတ် ၃၃နေ (ဦးရှိန်-ဒေါ်ကွန်မယ်)တို့၏သား၊ (ဦးဘိုးချစ်-ဒေါ်ကြည်မေ)တို့၏သားသမက်၊ ဒေါ်ခင်သောင်းချစ် (ညွှန်ချုပ်၊ ငြိမ်း C.S.O) ၏ခင်ပွန်း၊ ဒေါက်တာဝင်းအောင် (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)-ဒေါက်တာခင်မီမီတင်၊ ဒေါ်ဝေဝေတင်(SAT၊ ငြိမ်း၊ အထက-၂၊ ကမာရွတ်)၊ ဒေါက်တာသီဟတင်(Mayo Health System, U.S.A) ၊ သမားတော် ဒေါက်တာသီဝတင်-ဒေါက်တာစိမ်းမြမြအေး(ဦးနှောက်နှင့်အာရုံကြောဌာန၊ YGH)၊ အိအိတင်တို့၏ဖခင်၊ ဒေါက်တာမေအင်ကြင်းအောင် (MDIS, Singapore)၊ မောင်မင်းတေဇအောင် (P.S.B Acadamy, Singapore)၊ မောင်စိုးထက်တင်(Grade-II, I.S.M)၊ မမိုးပွင့်တင်တို့၏ဘိုးဘိုး၊ (ဒေါ်နှင်းငွေ)၊ (ဦးသန်းထွန်း)-ဒေါ်နှင်းရွှေတို့၏မောင်၊အစ်ကို၊ ဒေါက်တာဥမ္မာထွန်း၊ ဗိုလ်မှူးကြီးခင်ဇော်(တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်)-ဗိုလ်မှူးကြီးကေသီထွန်း(တပ်မတော်ဆေးတက္ကသိုလ်)၊ ဒေါက်တာဇော်သန်းထွန်း(NYGH)-ဒေါ်ကြည်ကြည်ညွှန့်တို့၏ဘကြီးသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်တင်လှ

တပ်မတော်-ကြည်း၊ အမျိုးသမီးစစ်မှုထမ်းအပတ်စဉ်(၂)
တပ်ကြပ်ကြီးစာရေး၊ မှတ်တမ်းရုံး(ငြိမ်း)
ဟိုတယ်/ခရီး၊ ယမကာလုပ်ငန်းခွဲ၊ မန္တလေး(ငြိမ်း)
အသက်(၇၄)နှစ်

နေပြည်တော်နေ ဗိုလ်ကြီးစောသိုက်၊ ပြည်စံအောင်ရပ်ကွက်၊ ၇လမ်း၊ အမှတ် ၆၄၈နေ ဦးစောရန်နိုင်-ဒေါ်မေသော်ဝင်းထိန်တို့၏မိခင်၊ မောင်အောင်ခန့်မင်း(CAE၊ နေပြည်တော်)၏အဘွား၊ (ဦးထွန်းအောင်၊ ပါမောက္ခ၊ ငြိမ်း၊ ဓာတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်)၏ဇနီးသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃နာရီတွင် တပ်မတော်စစ်သင်္ချိုင်း နေပြည်တော်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဘာဘူလေး(ခ)ဦးဇော်နိုင်

Newsky စားသောက်ဆိုင်၊ မော်လမြိုင်မြို့
အသက်(၄၀)

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ ရွှေဖျိုင်းဖြူဘုရားလမ်း၊ အမှတ် ၂၅နေ (ဦး B ဂျာဂျီး-ဒေါ် B ကမလား)တို့၏သားသည် ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်း ဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမောင်မောင်အောင်

(ဟင်္သာတ)
အသက်(၈၆)နှစ်

ဟင်္သာတမြို့နေ(ဦးအောင်-ဒေါ်သိန်း)တို့၏သားထွေး၊ ရန်ကုန်မြို့၊ ခြံအမှတ်(၁)၊ မြဝတ်ရည်လမ်းသွယ်(၁)၊ ပါရမီရိပ်သာ၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးတင်ဆင့်-ဒေါ်အေးကြိုင်)၊ (ဒေါ်မြသွင်)၊ (ဦးသာဒင်-ဒေါ်မြင့်ကြည်)တို့၏မောင်၊ ဦးလွင်ဦး-ဒေါ်မြမြလွင်၊ ဦးကျော်ထွန်းဝေ(နိုင်ငံတော်သမ္မတရုံး)-ဒေါ်မိုးသူဇာ၊ (ဦးသက်ပိုင်)၊ ဒေါ်မေချစ်ပို(အမှတ်-၁၊ အထည်စက်ရုံခွဲ၊ မရမ်းကုန်း)တို့၏ဦးလေး၊ ဒေါက်တာတင့်ခိုင်-ဒေါက်တာမေဖြူစင်၊ ဒေါက်တာမြတ်သူရိန်၊ ဒေါ်ရဝေမွန်၊ ဒေါက်တာအောင်သုခ(ခေတ္တ-ဂျမေကာ)၊ မောင်ရာဇာထွန်း(ခေတ္တ-ကနေဒါ)တို့၏အဘိုး၊ ဦးမောင်မောင်အောင် (New Course Engineering) သည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၄း၄၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ၃း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးအောင်

(ပေါက်ပေါက်)
အထက(၂)ပုဇွန်တောင်
ကျောင်းသူဟောင်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ (ဦးစောထွန်းမောင်-နော်ကြင်စိန်)တို့၏မြေး၊ (ဦးစောအောင်ကြီး-ဒေါ်မြစိန်)တို့၏သမီးထွေး၊ကညွတ်ကွင်းနေ (ဦးမောင်ကြီး-ဒေါ်လှ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တိုက်အမှတ် ၇၆ (ခြောက်လွှာ)၊ မြောင်းကြီးလမ်း၊ ရေကျော်ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ ဦးကျော်ဒင်(ခ)ဦးကျော်လွင်၏ဇနီး၊ (ဦးတင်ထွန်း)၊ (ဦးလှထွန်း)-ဒေါ်စုစုခင်၊ ဦးမြင့်ထွန်း-ဒေါ်ခင်စိန်၊ ဦးသိန်းလွင်-(ဒေါ်ဖြူဖြူ)၊ဦးစိုးအောင်-ဒေါ်နီနီ၊ ဦးဆိုင်မွန်-ဒေါ်ဝါဝါတို့၏ညီမ၊ တူ၊ တူမ ၁၄ယောက်တို့၏အဒေါ်သည် ၁၈-၇-၂၀၁၂ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မြောင်းကြီးလမ်း၊ရေကျော်နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလှညွှန့်

အသက်(၈၉)နှစ်

ဆရာစံမြောက်၊ အရှေ့၊ စမ်းရေတွင်းလမ်း၊ အမှတ် ၃၇နေ (ဦးစံဖေ-ဒေါ်အုန်းရင်)တို့၏သား၊ ဒေါ်ခင်မြမြ၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်နန်းချစ်စု၊ ဒေါ်ခင်သန်းမြင့်၊(ဦးအောင်နိုင်)-ဒေါ်နီနီဝင်း၊ဦးအောင်သွင်-ဒေါ်ဥမ္မာချို၊ ဦးမြင့်အောင်၊ ဒေါ်ညွှန့်ညွှန့်ခိုင်၊ ဦးတင်မိုးအောင်၊ ဦးလှစိုးမိုး၊ ဦးကျော်စွာဦး-ဒေါ်ကေသီခိုင်၊ မဇင်မျိုးခိုင်၊ မနီနီလှိုင်၊ မဆွေဆွေဝင်းတို့၏ဖခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအေးသန်း (ရွှေတောင်)

အသက်(၈၉)နှစ်

ရွှေတောင်မြို့နေ(ဦးရွှေလှိုင်-ဒေါ်စောမြ)တို့၏သား၊ (ဒေါ်သန်းငွေ)၏ခင်ပွန်း၊ ရန်ကုန်မြို့ F.M.I City နေ ဦးခင်မောင်အေး(ကျောင်းအုပ်ကြီး၊ငါး/သိပ္ပံ)-ဒေါက်တာဒေါ်ခင်ဝေမြင့်(IBTC)၊ စမ်းသပ်စက်ရုံစု၊ မှော်ဘီဝန်ထမ်းအိမ်ရာနေ ဦးကျော်ကျော်ဝင်း (A/B - SBM Shipping) - ဒေါ်ခင်ဖြိုးသန်း (လ/ထ ညွှန်မှူး စမ်းသပ်စက်ရုံစု၊ မှော်ဘီ)၊ ဒေါ်စိုးမို့မို့သန်းတို့၏ဖခင်၊ မအေးမဉ္ဇူဟိန်း၊ မောင်မိုးပိုင်ပြည့်၊ မမိုးခိုင်ပြည့်သူတို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅း၄၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (စမ်းသပ်စက်ရုံစု မှော်ဘီနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ စမ်းသပ်စက်ရုံစု မှော်ဘီဝန်ထမ်းအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်လှ (ဝါးခယ်မ)

အသက်(၈၈)နှစ်

ဝါးခယ်မမြို့၊ အမှတ် ၅၃၊ မြို့မလမ်း၊ ပတ္တမြားရပ်ကွက်နေ ဦးကျော်သန်း၏ဇနီး၊ဦးလှသိန်း-ဒေါ်မြင့်ကြည်(ရွှေမြန်မာဆန်စက်၊ ဝါးခယ်မ)၊ ဦးတင်ဝင်း- ဒေါ်ခင်သန်းဆွေ၊ ဦးကြည်ဝင်း-ဒေါ်ခင်ဆွေညွှန့်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၁၈-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၂ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၂၂၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

တန်အိုက်ထွေး(ခ)

မထွေးလေး

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၂၂လမ်းအောက်လမ်း၊ အမှတ် ၆၃နေ(တန်ကုတ်ဟွာ-ဒေါ်ခင်ကြီး)တို့၏သမီးထွေး၊ ဦးမျိုးအောင်-ဒေါ်ခင်ခင်စိန်၊ ဦးသုခ-ဒေါ်ကြူကြူ၊ဦးခင်မောင်ကြည်-ဒေါ်သောင်းရွှေ၊ ဦးအောင်မော်-ဒေါ်ဇာဇာလင်းတို့၏ညီမ၊ မသန္တာအောင်၊ မောင်သူရလှိုင်၊ မောင်အောင်ချမ်းကျော်-မဖြိုးနန္ဒာကျော်၊ မောင်ဥက္ကာဖြိုးတို့၏အဒေါ်သည် ၁၈-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)ည ၁၁း၁၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများကို နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တတေဇိန္ဒ

သာသနဓဇဓမ္မာစရိယ၊ တိုင်းသံဃာ့ဝန်ဆောင်
သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သံဃနာယက(ဟောင်း)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ မဏိစည်သူလမ်း၊ တံတားဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်သည် ၁၉-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုသုသာန်၌ အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သားသံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအားသိစေရန် အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးရေဝတ (စစ်ကိုင်း)

(သီရိပျံချီ ဗိုလ်မှူးကြီးသီဟသူရလှမော်၊ BC-၃၅၇၀၊ ငြိမ်း)
(အငြိမ်းစားသံအမတ်ကြီး)၊ စစ်တက္ကသိုလ်(ဂျပန်)ပထမအပတ်
မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
အသက်(၈၈)နှစ်၊ သိက္ခာတော်(၁၂)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ စောမဟာလမ်း၊ အမှတ် 18-A နေ ဒေါ်ခင်ခင်လှ၏ခင်ပွန်း၊ ဦးထွန်းလင်းမော်-ဒေါက်တာဒေါ်ဝင်းခိုင်၊ ဦးဝင်းဇော်-ဒေါ်စောယုမော်၊ ဦးနေဝင်းမော်-ဒေါ်လွင်လွင်ဦး၊ ဒေါက်တာခိုင်စိုး-ဒေါက်တာခင်အေးဟန်မော်၊ ဦးဇော်ဝင်းကြည်-ဒေါ်ခိုင်မော်တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးရေဝတ (စစ်ကိုင်း)

(သီရိပျံချီ ဗိုလ်မှူးကြီးသီဟသူရလှမော်၊ BC-၃၅၇၀၊ ငြိမ်း)
(အငြိမ်းစားသံအမတ်ကြီး)၊ စစ်တက္ကသိုလ်(ဂျပန်)ပထမအပတ်
မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
အသက်(၈၈)နှစ်၊ သိက္ခာတော်(၁၂)ဝါ

စစ်ကိုင်းမြို့ (ဦးသိန်းမောင်-ဒေါ်သန်းခင်)တို့၏သား၊ (ဦးစိန်ဝင်း-ဒေါ်ကျင်အောင်)တို့၏ညီ၊ (ဦးခင်ဦး)-ဒေါ်ရင်မြ၊ (ဦးထွန်းဝင်း)-ဒေါ်ရင်နု၊ (ဦးလှမောင်-ဒေါ်ခင်သန်းဝင်း)တို့၏အစ်ကို၊ ဒေါ်ခင်ခင်လှ၏ခင်ပွန်းသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးရေဝတ

ဦးလှမော် (စစ်ကိုင်း)
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၁၂)ဝါ

ဦးရေဝတ (သမာသမာဓိချောင်၊ စစ်ကိုင်းမြို့)သည် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ရက်) ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၁-၇-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းဟန်

လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက(သန်းခေါင်စာရင်း)
သမ္မာဝါဏိဇ္ဇ သင်္ကန်းတိုက်
အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၂၃၃(က)၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် နိဗ္ဗာန်လမ်းထောင့် သမ္မာဝါဏိဇ္ဇသင်္ကန်းတိုက်နေ (ဦးဘိုးဟန်-ဒေါ်မြ)တို့၏သား၊ ဒေါ်အေးမြင့်(ခ) Lucy ၏ခင်ပွန်း၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်မေဇင်ဟန်၊ ဦးခင်ဇော်-ဒေါ်နုယဉ်ဟန်တို့၏ဖခင်၊ မောင်ကျော်သက်ပိုင်(သင်္ဘောလျှပ်စစ်အင်ဂျင်နီယာ၊ Mariner)-မခင်မြတ်သူ၊ မမြနှင်းပွင့် [Final Part 2 IM (1)]၊ မောင်ဇော်ဇော်ပိုင်၊ ဗိုလ်ကြီးထွန်းထွန်းဝင်း(ခန္ဓာဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မနန်းဦးခင်တို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ဦးဝိစာရလမ်း၊ အမှတ်(၂)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညွှန့်ရွှေ (ဖြူး)

(ရွှေခြသေ့် ပရဆေးဆိုင်)
အသက်(၇၅)နှစ်

ဖြူးမြို့၊ အုတ်ဖြတ်လမ်းနေ ဒေါ်သောင်းသောင်း၏ခင်ပွန်း၊ ဦးဇော်မင်း-ဒေါ်မေသက်ဦး၊ ဦးညီမြင့်ထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ရေးဟောင်းသုတေသန)-ဒေါ်သင်းသင်းရွှေ၊ ဦးအောင်ကိုကို-ဒေါ်တင်မိုးဝေ(ရွှန်းလဲ့ဝေ ကျောက်မျက်ပန်းချီနှင့် လက်မှုပညာလုပ်ငန်း)၊ ဦးမျိုးတင့်အောင်-ဒေါ်ငြိမ်းငြိမ်းညွှန့် (ရွှေရည်လင်းရတနာရွှေဆိုင်)တို့၏ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၇-၂၀၁၂ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ဖြူးမြို့အရှေ့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါက်တာဦးငွေမြင့်အောင်

M.B.,B.S (Mdy)
M.Med.Sc (PH)
မကွေးတိုင်းဒေသကြီး
တိုင်းဒေသကြီးငှက်ဖျားတိုက်ဖျက်ရေးဆရာဝန်ကြီး
အသက်(၅၅)နှစ်

မိတ္ထီလာမြို့နေ ဦးတင်အောင်-(ဒေါ်တင်ထွေး)တို့၏သား၊ကျောက်ပန်းတောင်းမြို့နေ (ဦးသန်းရွှေ-ဒေါ်သန်းသန်း)တို့၏သားသမက်၊ ဒေါ်ဝင်းမြင့်သန်း(ခ)ဒေါ်ဂီနီး၏ခင်ပွန်း၊ မောင်ထက်ခိုင်၊ မနှင်းလဲ့ရည်ခိုင်၊ မဝင့်လဲ့ရည်ခိုင်တို့၏ဖခင်သည် ၁၆-၇-၂၀၁၂ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၇-၂၀၁၂ရက် ကျောက်ပန်းတောင်းမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

နိုင်ငံတော်အတွက် အသက်ပေးလှူသွားသော အာဇာနည်ကြီးများအတွက် ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

(၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အတွက် အသက်ပေးလှူသွားသော အာဇာနည်ကြီးများအတွက် ရည်စူးကုသိုလ် အမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမဦးကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်၍ ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်းများ ဆောင်ရွက်သည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော်ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူပြီး သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ သံဝေဂကထာတရားကို ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဧည့်ပရိသတ်များက နာယူကြပြီး အာဇာနည်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူကြကုန်သော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အတွက် အသက်ပေးလှူသွားသော အာဇာနည်ကြီးများအတွက် ရည်စူးကုသိုလ် အမျှပေးဝေခြင်းအခမ်းအနားတွင် ဆရာတော် သံဃာတော်များအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ပရိသတ်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနား ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် *စာမျက်နှာ ၁၀ ကော်လံ ၄* ❍

(၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် ကြည့်ရှုလေ့လာသူများဖြင့် စည်ကားများပြား

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို (၆၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အခမဲ့ ဖွင့်လှစ်ပြသသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းသံဃာများ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံခြားသားများ အပါအဝင် စုစုပေါင်း ၁၆၁၉၇ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာသူများ စနစ်တကျ ကြည့်ရှုလေ့လာနိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ပေးကြပြီး ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှင့် သူနာပြုများကလည်း လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးကြသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် တနင်္လာ၊ အင်္ဂါနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးမှာ လူကြီး ငွေကျပ် ၃၀၀၊ သံဃာတော်၊ သီလရှင်နှင့် ကလေး ငွေကျပ် ၁၀၀ သတ်မှတ်ထားသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်မှာ နှစ်ပေါင်း ၉၀ ကျော် သက်တမ်းရှိပြီဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက အဆောက်အအုံပြုပြင်ခြင်း၊ မြေထိန်းနံရံပြုပြင်ခြင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် ရဟန်းသံဃာများ၊ သီလရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံခြားသားများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)